# စနစ်ကျ ဓမ္မပညာကို တည်ဆောက်ခြင်း

သင်ခန်းစာလေး

စနစ်ကျဓမ္မပညာမှ သြဝါဒများ

Manuscript

thirdmill
Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥသုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


နိဒါန်း ........ 1

ရင်းနှီးကျွမ်းဝင်မှု ........ 2

**အစိပ္ပာယ်ဖွင့်ဆိုချက်** ........ 2

ခေါင်းစဉ်များ ........ 2

ပေါင်းစပ်မှု ........ 4

ရှင်းပြခြင်း ........ 5

**တရားဝင်မှု** ........ 8

ယေရှု ........ 8

ပေါလု ........ 10

**ပန်းတိုင်များ** ........ 12

အပြုသဘောဆောင်ခြင်း ........ 12

အနှုတ်သဘောဆောင်ခြင်း ........ 13

**အခန်းကဏ္ဍ** ........ 15

ဖွဲ့စည်းတည်ဆောက်မှု ........ 16

**သမ္မာကျမ်း ထောက်ကူချက်** ........ 17

လုပ်ငန်းစဉ် ........ 17

နမူနာသာဓက ........ 18

**ယုတ္တိတန်သော အထောက်အကူ** ........ 22

အခွင့်အာဏာ ........ 22

ထုတ်ယူဆင်ခြင်သော ကောက်ချက်များ ........ 27

ခြုံငုံဆင်ခြင်ခြင်း သေချာမှု ........ 30

ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံများ ........ 37

**ခရစ်ယာန်အသက်ရှင်ခြင်း** ........ 37

အားပေးမြှင့်တင်မှု ........ 38

ဟန့်တားမှု ........ 40

**လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံခြင်း** ........ 41

အားပေးမြှင့်တင်မှု ........ 41

ဟန့်တားမှု ........ 42

**ကျမ်းစာ အနက်ဖွင့်ခြင်း** ........ 44

အားပေးမြှင့်တင်မှု ........ 44





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဟန့်တားမှု......46
**နိဂုံးချုပ် ...... 48**



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

သင်နှင့်ကျွန်ုပ် ဘဝတူတွေ့ပဲဖြစ်ပါလိမ့်မည်။ "ဩဝါဒ" ဆိုသည့်စကားလုံး သိပ်ရေပန်းမစားသည့် အသင်းတော်ထဲမှာ ကျွန်ုပ် ကြီးပြင်းခဲ့သည်။ ဩဝါဒများသည် လူတို့ ကျမ်းစာကို ယုံမည့်အစား အခြားအရာများကို ယုံကြည်ချက်များ ဖြစ်သည်။ ထို့ကြောင့် စနစ်ကျဓမ္မပညာသည် ဤဩဝါဒ၊ ထိုဩဝါဒ အပေါ် စူးစိုက်ခြင်းမျှသာဟု ကျွန်ုပ် ပထမ သင်ယူခဲ့ချိန်တွင် ကျွန်ုပ် တွန့်ဆုတ်ခဲ့သည်။ ခရစ်တော်နောက်လိုက်မှန်လျှင် အဘယ်ကြောင့် ကျမ်းစာအစား ဩဝါဒများကို သင်ယူချင်ရပါသနည်း။ သို့သော် အစဉ်အလာ စနစ်ကျဓမ္မပညာ၌ ဩဝါဒများသည် ကျမ်းစာအစားထိုးများ မဟုတ်ကြပါ။ ထိုအစား ယင်းတို့သည် သမ္မာကျမ်းသွန်သင်ချက်များအဖြစ် ကျွန်ုပ်တို့ ရိုးရိုးသားသား ယုံကြည်ထားချက်တို့၏ အနှစ်ချုပ် ပုံစံများသာဖြစ်ကြသည်။ ထိုပုံစံများအရ စင်ကြယ်သော ဩဝါဒတို့သည် ခရစ်ယန် ဓမ္မပညာ၌ အရေးပါသော ကဏ္ဍမှ ပါဝင်နေကြသည်။

ဤသည်မှာ *စနစ်ကျဓမ္မပညာတည်ဆောက်ခြင်း* ဆိုသည့် ကျွန်ုပ်တို့၏ စာစဉ်ထဲက ပထမဆုံး သင်ခန်းစာ ဖြစ်သည်။ "စနစ်ကျဓမ္မပညာမှ ဩဝါဒများ" ဟု ကျွန်ုပ်တို့ခေါင်းစဉ်တပ်ထားပါသည်။ အကြောင်းမှာ ဩဝါဒဖွဲ့စည်းမှု သို့မဟုတ် ကွဲပြားသော အကြောင်းအရာများစွာအကြောင်း သွန်သင်ချက်တို့ပါဝင်သည့် စနစ်ကျဓမ္မပညာတစ်ခု တည်ဆောက်နည်းများကို ကျွန်ုပ်တို့ လေ့လာရန်ရှိ၍ ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ သင်ခန်းစာကို အဓိကအပိုင်းသုံးပိုင်းခွဲပါမည်။ စနစ်ကျဓမ္မပညာမှ ဩဝါဒများအကြောင်း မိတ်ဆက်မှုနှင့် ကျွန်ုပ်တို့ အစပြုပါမည်။ ယင်းတို့သည် မည်သည့်အရာများဖြစ်ကြပါသနည်း။ စနစ်ကျဓမ္မပညာအတွင်း ယင်းတို့သည် မည်သည့်တာဝန် ယူထားကြပါသနည်း။ ဒုတိယအားဖြင့် ဩဝါဒများ ဖွဲ့စည်းမှုကို ကျွန်ုပ်တို့ ဖော်ထုတ်ကြပါမည်။ ဓမ္မပညာရှင်တို့သည် သူတို့၏ ဩဝါဒဆိုင်ရာ ဆွေးနွေးချက်များကို မည်သို့ ဖန်တီးကြပါသနည်း။ ထို့နောက် တတိယအားဖြင့် စနစ်ကျဓမ္မပညာမှ ဩဝါဒတို့၏ ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံများကို ကျွန်ုပ်တို့ ဖော်ထုတ်ကြပါမည်။ ယင်းတို့က ကျွန်ုပ်တို့အတွက် မည်သည့်ကောင်းကျိုး၊ ဆိုးကျိုးများ ဆောင်ကြဉ်းပေးပါသနည်း။ ကျွန်ုပ်တို့၏ အကြောင်းအရာနှင့် ယေဘုယျ ရင်းနှီးကျွမ်းဝင်မှုရယူခြင်းဖြင့် အစပြုကြပါစို့။

# ရင်းနှီးကျွမ်းဝင်မှု

စနစ်ကျဓမ္မသြဝါဒတို့နှင့် ရင်းနှီးကျွမ်းဝင်မှုယူရာ၌ အရေးအရာ လေး ခုကို ဆွေးနွေးရပါလိမ့်မည်။ ပထမအားဖြင့် ကျွန်ုပ်တို့ ဘာကိုဆိုလိုကြောင်း ဖွင့်ဆိုပါမည်။ ဒုတိယအားဖြင့် သြဝါဒများ ဖန်တီးခြင်း၏ တရားဝင်မှုအပေါ် ကျွန်ုပ်တို့ စူးစိုက်ကြပါမည်။ တတိယအားဖြင့် စနစ်ကျဓမ္မပညာသြဝါဒတို့၏ ပန်းတိုင်များဆီ လှည့်ကြပါမည်။ စတုတ္ထအားဖြင့် စနစ်ကျဓမ္မပညာအတွင်း သြဝါဒတို့၏ ကဏ္ဍကို ဖော်ပြကြပါမည်။ စနစ်ကျဓမ္မသြဝါဒများဆိုသည်မှာ ဘာကို ဆိုလိုကြောင်းနှင့် အစပြုကြပါစို့။

## အဓိပ္ပာယ်ဖွင့်ဆိုချက်

ရိုးရှင်းသော ဖွင့်ဆိုချက်တစ်ခုနှင့် စတင်ကြပါစို့။ "သြဝါဒ" ဟူသော ဝေါဟာရ၏ စနစ်ကျဓမ္မပညာအသုံး သည် များပြားလှရကား လူတိုင်း ကျေနပ်လောက်သည့် ဖွင့်ဆိုချက်မျိုး ရရန် ခက်ပါသည်။ သို့သော် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်အရ စနစ်ကျဓမ္မပညာမှ သြဝါဒတစ်ခုကို ယခုလို ဖွင့်ဆိုနိုင်ပါသည်-

> သြဝါဒ တစ်ခု ဆိုသည်မှာ ဓမ္မပညာပိုင်းဆိုင်ရာ ခေါင်းစဉ်တစ်ခုအပေါ် သမ္မာကျမ်းသွန်သင်ချက်များအား ပေါင်းစပ်၊ ရှင်းလင်းတင်ပြချက် တစ်ခုပင် ဖြစ်သည်။

ဤဖွင့်ဆိုချက်သည် သြဝါဒများအကြောင်း ကျွန်ုပ်တို့ ပြောရာတွင် ဤသင်ခန်းစာအတွင်း ကျွန်ုပ်တို့ ဆိုလိုချက်၏ အဓိက မျက်နှာစာ သုံးခုကို ညွှန်ပြနေသည်။ ပထမအားဖြင့် သြဝါဒများသည် ဓမ္မကြောင်းရာနှင့် ပတ်သက်သည်။ ဒုတိယအားဖြင့် ကျမ်းစာသွန်သင်ချက်တို့ကို ယင်းတို့က ပေါင်းစပ်ပေးသည်။ တတိယအားဖြင့် ကျမ်းစာသွန်သင်ချက်တို့ကို ယင်းတို့က ရှင်းလင်းတင်ပြပေးသည်။

ဓမ္မကြောင်းရာတို့အပေါ် သြဝါဒဖော်ပြချက်တို့ စူးစိုက်ပုံများနှင့် အစပြုလျက် ကျွန်ုပ်တို့ဖွင့်ဆိုချက်၏ မျက်နှာစာ တစ်ခုစီကို ဖော်ထုတ်ကြည့်ကြပါစို့။ ထို့နောက်တွင် ကျမ်းစာသွန်သင်ချက်တို့ကို ယင်းတို့က ပေါင်းစပ်ပေးသည် ဆိုသည့်အချက်ဆီသို့ သွားကာ ထို့နောက်မှ ကျမ်းစာသွန်သင်ချက်တို့ကို ယင်းတို့က ရှင်းလင်းတင်ပြပေးသည်ဟူသည့် ဆိုသည့်အချက်ဆီ သွားကြပါမည်။

### ခေါင်းစဉ်များ

ဓမ္မပညာသည် ခေါင်းစဉ် များစွာပါဝင်သည့် လေ့လာမှု နယ်ကျယ်ကြီးဖြစ်ကြောင်း ယခုအချိန်မှာ ကျွန်ုပ်တို့အားလုံး သဘောပေါက်ထားသင့်ကြပြီ ဖြစ်ပါသည်။ ယင်းသည် အလွန်ပင် ကျယ်ပြန့်ရကား

အဖက်ဖက်သို့ ကျယ်ကျယ်ပြန့်ပြန့် ဆန့်ထွက်နေသည့် ညကောင်းကင်ယံနှင့် နှိုင်းယှဉ်ကြည့်နိုင်လောက်သည်။ အလွန်ကြီးမားလှသော အရွယ်အစားရှိပြီး ခက်ခဲရှုပ်ထွေးသည့် ဓမ္မပညာသည် ကျွန်ုပ်တို့အား အန္တရာယ်ရှိပြီး ကြုံကြိုက်သလို လက်တန်း ကိုင်တွယ်မိအောင် အမြဲလို သွေးဆောင်နေသည်။ သို့တစေ ညကောင်းကင်ကို အရပ်ဒေသများ ခွဲခြားလေ့လာခြင်းသည် သူတို့အတွက် လွယ်စေကြောင်း နက္ခတ္တဗေဒသမားများ တွေ့ခဲ့ကြသကဲ့သို့ စနစ်ကျဓမ္မသမားတို့သည်လည်း ဓမ္မပညာအား ခေါင်းစဉ်မျိုးစုံအဖြစ် ခွဲခြားလေ့လာပါက လွယ်ကူကြောင်း တွေ့ခဲ့ကြပြီး ဖြစ်သည်။

အလယ်ခေတ်လောက်က စနစ်ကျဓမ္မပညာသည် သမ္မာကျမ်းစာအပေါ်စူးစိုက်သည့် ကျမ်းစာဗေဒ၊ ဘုရားသခင်ကိုယ်တော်တိုင်အပေါ် စူးစိုက်သည့် ခမည်းတော် ဗေဒ၊ လူသားမျိုးနွယ်အပေါ် ဓမ္မအမြင်အရ အာရုံစိုက်သည့် လူသားဗေဒ၊ ကယ်တင်ခြင်း ကြောင်းရာဖြစ်သည့် ကယ်တင်ခြင်းဗေဒ၊ အသင်းတော်ကိုစူးစိုက်သည့် အသင်းတော် ဗေဒ၊ နောက်ဆုံးသောကာလ အဖြစ်အပျက်များအကြောင်း ဖြစ်သည့် နောက်ဆုံးကာလဗေဒ ဟူသည့် အဓိကကျသည့် နယ်ပယ် ငါးခု သို့မဟုတ် ခြောက်ခုအဖြစ် ခွဲခြားလိုသည့် အလားအလာ အလွန်ပြင်းပြခဲ့ကြောင်း ဤသင်ခန်းစာ စာစဉ်အတွင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ ဤသင်ခန်းစာအရ "ဩဝါဒ" ဟူသော ဝေါဟာရ၌ အဆိုပါ အလွန်ပင် ကျယ်ပြောလှသည့် ခေါင်းစဉ် တစ်ခုခုနှင့် ဆက်နွယ်သည့် ဖော်ပြချက် သို့မဟုတ် ရှင်းလင်းချက်တစ်ခု ပါရှိသည်။

သို့သော် ကျွန်ုပ်တို့သိကြသလို ယင်းတို့နှင့်တကွ အခြားသော ပိုကျယ်ပြန့်စွာ အဆင့်ခွဲထားသည့် ဩဝါဒများကိုလည်း ပို၍ ပို၍ သေးငယ်သွားသော ခေါင်းစဉ်ငယ်များအဖြစ် ခွဲခြားထားသည်။ သာဓကအားဖြင့် ခမည်းတော် ဗေဒကို ကြည့်ပါ။ ခမည်းတော် ဗေဒ၏ မျက်နှာစာ တစ်ခုမှာ သားတော်ဗေဒ ဖြစ်သည်။ ၎င်းသည် ခရစ်တော်၏ ပုဂ္ဂိုလ်သဘာဝနှင့် လုပ်ဆောင်ချက် နှစ်ခုလုံးကို လွှမ်းခြုံထားသည်။ တဖန် ခရစ်တော်၏ ပုဂ္ဂိုလ် သဘာဝကိုလည်း လူ့ဇာတိနှင့် ဘုရားဇာတိအဖြစ် ခွဲခြားထားပြန်သည်။ ထို့ပြင် သူ၏ လူ့ဇာတိအားလည်း ခန္ဓာနှင့် ဝိညာဉ် စသည်ဖြင့် ထပ်၍ ထပ်၍ ခွဲခြားထားပြန်သည်။

စနစ်ကျဓမ္မပညာမှ အဓိကကျသော ဩဝါဒကြီးတိုင်းအား ပို၍ ပို၍ သေးငယ်သော ကြောင်းရာများအဖြစ် ခွဲခြားထားသည်။ သို့သော် ယေဘုယျအားဖြင့် "ဩဝါဒ" ဆိုသည့် ဝေါဟာရအား အတော်ကလေး အခြေခံကျသည့် အရွယ်ပမာဏရှိသည့် ဆွေးနွေးချက်ကြောင်းရာများကို ရည်ညွှန်းသောအားဖြင့် ဤသင်ခန်းစာထဲမှာ ကျွန်ုပ်တို့ သုံးစွဲလိုပါသည်။ သို့သော် ဓမ္မပညာသည် မည်သည့်အဆင့်မှာမဆို ကြီးသည် ငယ်သည် မဟူ ဓမ္မပိုင်း ဆွေးနွေးချက် အတိုင်းအတာ တစ်ခု ပါရှိကြောင်း သိမှတ်လျက် ကျွန်ုပ်တို့ လေ့နံ့ဓားထစ် မထားပဲ ပြောင်းလွယ်ပြင်လွယ်ရှိကြရမည်လည်း ဖြစ်ပါသည်။

ဓမ္မကြောင်းရာများအပေါ် စူးစိုက်ခြင်းအပြင် စနစ်ကျဓမ္မပညာ ဆွေးနွေးချက်တို့သည် အချင်းချင်း တစ်ခုနှင့် တစ်ခု ဆက်စပ်ပေးခြင်းအားဖြင့် ကျမ်းစာသွန်သင်ချက်တို့အား ပေါင်းစည်းပေးကြသည်။

## ပေါင်းစပ်မှု

ပြီးခဲ့သည့် သင်ခန်းစာ၌ စနစ်ကျဓမ္မပညာအား သစ်ပင်တစ်ပင်နှင့် နှိုင်းယှဉ်ခဲ့သည်။ သစ်ပင်သည် မြေကြီးထဲက ကြီးခဲ့သော်ငြား ၎င်း ပေါ်ထွက်ခဲ့ရာ မြေဆီလွှာနှင့် အလွန်ပင် ကွဲပြားခြားနားသည့်ပုံပေါက်သည်။ အလားတူပင် စနစ်ကျဓမ္မပညာထဲက ဩဝါဒပိုင်းဆိုင်ရာ ဆွေးနွေးချက်တို့သည်လည်း ကျမ်းစာထဲက ထွက်ပေါ်လာခဲ့သော်ငြား ကျမ်းစာနှင့် အလွန်ပင် ကွဲပြားခြားနားပုံ ရနေသည်။

ဩဝါဒတို့ သမ္မာကျမ်းနှင့် ကွဲပြားခြားနားနေပုံ ပေါက်နေရသည့် အဓိက အကြောင်းရင်းတစ်ခုမှာ ယင်းတို့သည် ပေါင်းစပ်ထားသောသဘောရှိ၍ ဖြစ်သည်။ တစ်ချိန်တွင် ကျမ်းတစ်ချက်အပေါ်မှာ သာစူးစိုက်မည့်အစား ဩဝါဒတို့သည် သာမန်အားဖြင့် ကျမ်းချက်များစွာ၏ သွန်သင်ချက်များကို ဖော်ပြသည်။

ရိုးရှင်းသော သာဓကတစ်ခုကို ကြည့်ကြပါစို့။ တမန်တော်များ၏ သွန်သင်ချက် ဟု သိကြသော ဩဝါဒဖွဲ့စည်းချက်ကို ကြည့်ပါ။ ကျွန်ုပ်တို့ ခရစ်တော်၏ နောက်လိုက်များအနေဖြင့် အခိုင်အမာ ခံယူထားသည့် သွန်သင်ချက်များ သို့မဟုတ် အခြေခံအကျဆုံး ဩဝါဒအချို့ကို ၎င်းက အကျဉ်းချုပ်ပေးထားသည်။ ၎င်းသည် "အခြေခံခရစ်ယာန် ယုံကြည်ချက်များ" အကြောင်းအရာအပေါ် စူးစိုက်ထားသည်ဟု ဆိုလျှင် ပိုမိုလျော်ကန်ပါလိမ့်မည်။ ၎င်း၌ မည်သို့ ဆိုထားသည်ကို သင်သိပါသည်။

> အနန္တတန်ခိုးရှင် ခမည်းတော် ဘုရားသခင်၌ ကျွန်ုပ် ယုံကြည်ပါ၏။
> ဘုရားသခင်သည်
> ဖန်ဆင်းတော်မူသောအရှင်ဖြစ်တော်မူ၏။
> တစ်ပါးတည်းသော သားတော်ယေရှုခရစ်တော်၌ ကျွန်ုပ်ယုံကြည်ပါ၏။
> သူသည် သန့်ရှင်းသော ဝိညာဉ်တော်ဘုရား အားဖြင့်
> ပဋိသန္ဓေတည်ခဲ့သူ၊အပျိုကညာ မာရိတွင် မွေးဖွားကာ လူ့ဇာတိခံယူခဲ့သူ၊
> မြို့ဝန်မင်းပုန္တိပိလတ်မင်းလက်အောက်တွင် ဝေဒနာခံစားခဲ့ရသူ၊
> ကားတိုင်ထက်တွင်အသေခံကာ မြှုပ်နှံခြင်းကိုခံခဲ့သူ၊
> မရဏာသို့ ဆင်းသက်ခဲ့သူ၊
> သုံးရက်မြောက်သောနေ့တွင် သေခြင်းမှပြန်လည်ရှင်ပြန်ထမြောက်ခဲ့သူ၊
> ကောင်းကင်နိုင်ငံတော်သို့ တက်ကြွသွားကာ၊အနန္တတန်ခိုးရှင်
> ခမည်းတော်ဘုရားသခင်၏လက်ျာတော်ဘက်တွင် ထိုင်နေတော်မူသောသူ
> ဖြစ်ပါ၏။
> ကောင်းကင်မှကြွလာတော်မူလိမ့်မည်။
> သန့်ရှင်းသောကက်သလစ်အသင်းတော်၊
> သန့်ရှင်းသူများ၏မိတ်သဟာယ၊
> အပြစ်ခွင့်လွှတ်ခံရခြင်း၊

> ခန္ဓာကိုယ်နှင့်တကွ ရှင်ပြန်ထမြောက်ခြင်း၊
> ထာဝရအသက်ရှင်ခြင်းတို့၌ ကျွန်ုပ် ယုံကြည်ပါ၏။ အာမင်။

သမိုင်းဝင် ဖော်ပြထားသည့် ဤခရစ်ယာန် ယုံကြည်ချက်တို့နှင့် သမ္မာကျမ်းစာ မည်သို့ နှီးနွှယ်ထားကြောင်း သတိထားကြည့်ပါ။ လိုရင်းဆိုလျှင် သွန်သင်ချက်သည် ကျမ်းစာနှင့် အလွန်ကွဲပြားခြားနားနေပုံ ပေါက်သည်။ ဤသို့သော အတိအကျဖော်ပြချက်မျိုးကို ကျမ်းစာထဲ မည်သည့်နေရာတွင်မျှ မဖော်ပြထားပါ။ ၎င်းသည် ခရစ်ယာန် ယုံကြည်ချက်တို့အား ဤသို့သောအယူအဆ စာရင်းအတိုင်း ပေါင်းချုပ်ပေးထားခြင်း သို့တည်းမဟုတ် မတူကွဲပြားသော အာဘော်များကို တစ်နေရာတည်းမှာ စုစည်းပေးထားခြင်းပင် မရှိပါ။

သို့တိုင်အောင် *တမန်တော်များ၏ သွန်သင်ချက်* သည် ကျမ်းစာနှင့် လျော်ညီသည်။ အကြောင်းမှာ ကျမ်းစာ၏ ကွဲပြားသော အပိုင်းကဏ္ဍများစွာကို ယင်းက ထင်ဟပ်နေ၍ ဖြစ်သည်။ သွန်သင်ချက်၏ နောက်ဆုံးစာကြောင်းများကို စဉ်းစားကြည့်ပါ။

> အပြစ်ခွင့်လွှတ်ခံရခြင်း၊
> ခန္ဓာကိုယ်နှင့်တကွ ရှင်ပြန်ထမြောက်ခြင်း၊
> ထာဝရအသက်ရှင်ခြင်းတို့၌ ကျွန်ုပ် ယုံကြည်ပါ၏။

ကျမ်းစာထဲက ကျမ်းချက် တစ်ချက်တည်း သို့မဟုတ် ကျမ်းချက်စဉ် တစ်ခုတည်း၌ အဆိုပါသွန်သင်ချက်ရှိသမျှတို့ ပါဝင်နေခြင်း မရှိပါ။ သို့သော်လည်း အဆိုပါ သွန်သင်ချက်အားလုံးကို ကျမ်းစာထဲ၌ နေရာအမျိုးမျိုးမှာ တွေ့နိုင်သည်။ ကျွန်ုပ်တို့ ခရစ်ယာန်များ ယုံကြည်သည့် သြဝါဒအနှစ်ချုပ်အဖြစ် အဆိုပါ ယုံကြည်ချက်များအား တမန်တော်များ၏ သွန်သင်ချက်က အတူတကွ ပေါင်းစည်းပေးထားသည်။

## ရှင်းပြခြင်း

ကျွန်ုပ်တို့ ဖွင့်ဆိုချက်၏ တတိယမျက်နှာစာရှုထောင့်မှာ ခေါင်းစဉ်တစ်ခုအပေါ် ကျမ်းစာက ဘာသွန်သင်ကြောင်း သြဝါဒတို့က ရှင်းပြသည် ဆိုသည့်အချက်ဖြစ်သည်။ အဆိုပါ ရှင်းပြချက်တို့သည် ဓမ္မအဆိုပြုချက်များအဖြစ် ဓမ္မအချက်အလက်တို့ကို ကောက်နုတ်စုစည်းခြင်းလို ရှင်းလင်းလွယ်ကူမှု ရှိနိုင်သည်၊ သို့တည်းမဟုတ် ခက်ခဲရှုပ်ထွေးသော ဓမ္မသွန်သင်ချက်တစ်ခုကို အကျယ်တဝင့် ခုခံကာကွယ်ခြင်းလို ထဲထဲဝင်ဝင်လည်း ဖြစ်နိုင်သည်။

သြဝါဒဆိုင်ရာဆွေးနွေးချက်တို့၏ ရှင်းလင်းတင်ပြပေးတတ်သော စရိုက်လက္ခဏာသည် အလျှင်မပြတ်ဆက်လက်ဖြစ်ပေါ်နေမှုတလျှောက် ကျရောက်နေသည့်သဘောနှင့် တွေးခေါ်နိုင်ရန် ၎င်းက အထောက်အကူ ဖြစ်စေပါသည်။ တဖက်စွန်းတွင် များစွာ ရှင်းပြမထားသည့် ရိုးရှင်းသော သမ္မာကျမ်းသွန်သင်မှု ဖော်ပြချက်များ ရှိနေသည်။ အလယ်ကွက်လပ်တွင် အတိုင်းအတာအရ အသင့်အတင့် ရှင်းပြရန်လိုသည့် ဆွေးနွေးချက်များ ရှိနေသည်။ နယ်ကုန်ဖြစ်သော အခြားတစ်ဖက်အစွန်းတွင်မူ အချို့သော သြဝါဒများက အကျယ်တဝင့် ရှင်းပြချက်များကို

ပေးကမ်းနေသည်။ ခေါင်းစဉ်တစ်ခုအပေါ် များများစားစား ပြောမထားသည့် ဩဝါဒဖော်ပြချက်တစ်ခုကို သာဓက ယူကြည့်ကြပါစို့။

တမန်တော်များ၏ သွန်သင်ချက်သည် ရှင်းလင်းချက် မပေးသလောက် ဖြစ်သောကြောင့် ထိုသို့သော အစွန်းရောက်မှုတစ်ခုကို ကိုယ်စားပြုနေသည်။ သာဓကဆိုရလျှင် ခမည်းတော်အကြောင်း ယင်းက ပြောဆိုသည့် အရာများမှာ ကိုယ်တော်သည် တန်ခိုးကြီးကြောင်းနှင့် ကောင်းကင်၊ မြေကြီး၏ ဖန်ဆင်းရှင် ဖြစ်ကြောင်းတို့သာလျှင် ဖြစ်သည်။ အဆိုပါ ဂုဏ်တော် အရည်အချင်းတို့သည် ခမည်းတော်ဘုရား၌ မည်သို့ယုံကြည်ကြောင်း အနည်းငယ် ရှင်းပြသော်လည်း များများစားစား ပြောမထားပေ။ သွန်သင်ချက်သည် သားတော်အကြောင်းကို အနည်းငယ် ပိုမိုပြောဆိုထားသည်။ သို့သော် သန့်ရှင်းသောဝိညာဉ်တော်နှင့် စပ်လျဉ်း၍မူ "သန့်ရှင်းသော ဝိညာဉ်တော်၌ ကျွန်ုပ် ယုံကြည်ပါ၏" "ခရစ်တော်သည် သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေစွဲပါ၏" ဟူ၍ တမန်တော်များ၏ သွန်သင်ချက်က ပြောဆိုရုံမျှသာရှိပြီး ထိုထက်မပိုပါ။ မကြာခဏဆိုသလို ဩဝါဒသွန်သင်ချက်တို့အား ဤရိုးရှင်းသောပုံစံများဖြင့် ဖော်ပြလေ့ရှိသည်။ အဆိုပါ ရိုးရှင်းသည့် ဖော်ပြချက်တို့သည် အသင်းတော်၏ လက်တွေ့ဘဝ၌ ကောင်းသည့်ဖက်မှ များစွာ အကျိုးရှိစေခဲ့သော်ငြား ယင်းတို့သည် ဩဝါဒများကို ဖော်ပြရာ တစ်ခုတည်းသော နည်းလမ်းတော့ မဟုတ်ပါပေ။

အတိုင်းအတာအားဖြင့် အတန်အသင့် ရှင်းပြရန်ပါရှိသော ဩဝါဒရှင်းလင်းချက်တို့မှာမူ နယ်ပယ်၏ အလယ်ဘက်ဆီမှာ ရှိနေကြသည်။ သာဓကဆိုရလျှင် ပရိုတက်စတင့် အမေးအဖြေနှင့် ဝန်ခံချက် အများစုသည် ဓမ္မခေါင်းစဉ်တို့အား ဤနည်းနှင်နှင် ကိုယ်တွယ်ထားကြသည်။

တမန်တော်များ၏ သွန်သင်ချက်သည် သုံးပါးတစ်ဆူ ဩဝါဒအား စာကြောင်း အနည်းငယ်မျှဖြင့် မည်သို့ ဖော်ပြထားကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ၁၅၆၃ တွင် ရေးသားသော ဟေးဒဲလ်ဘာ့ဂ် အမေးအဖြေသည် သုံးပါးတစ်ဆူအကြောင်း ရှင်းပြရာတွင် မည်သို့ ပိုမိုအသေးစိတ်ကြောင်းကို နှိုင်းယှဉ်စဉ်းစားကြည့်ပါ။ စပြောရမည်ဆိုလျှင် အမေးအဖြေ နံပါတ် ၂၃ တွင် ဟေးဒဲလ်ဘာ့ဂ် အမေးအဖြေသည် စင်စစ်အားဖြင့် တမန်တော်များ၏ သွန်သင်ချက် တစ်ခုလုံးကို ကိုးကားထားသည်။ သို့သော် ဤ သွန်သင်ချက် အကိုးအကား၏နောက်၊ နံပါတ် ၃၁ ၌ သုံးပါးတစ်ဆူအပေါ် စူးစိုက်သည့် ထပ်ဆောင်း အမေးအဖြေများက လိုက်လာသည်။ မေးခွန်း နံပါတ် ၂၆ ကို သာဓကယူကြည့်ကြပါစို့၊ ၎င်းကမေးထားသည်မှာ

> "ကောင်းကင်နှင့် မြေကြီး ဖန်ဆင်းရှင်၊ အနန္တ တန်ခိုးရှင် ခမည်းတော် ဘုရားသခင်၌ အကျွန်ုပ် ယုံကြည်ပါ၏" ဟု သင်ပြောဆိုသည့်အခါ သင်ဘာကို ယုံကြည်ခြင်း ဖြစ်ပါသနည်းဟူ၍ ဖြစ်သည်။

ဟုတ်ပါသည်။ ယင်းသည် *တမန်တော်များ၏ သွန်သင်ချက်* အဖွင့် စာကြောင်းကို ရည်ညွှန်းထားသည်။ ထို့ပြင်အဖြေ နံပါတ် ၂၆ အတွင်း နောက်မှာပါလာသည့် ရှင်းလင်းချက်မှာ ဤသို့ ဖြစ်သည်-



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

> ကျွန်ုပ်တို့၏ အရှင်သခင် ယေရှုခရစ်၏ ထာဝရ ခမည်းတော်၊ ကောင်းကင်၊ မြေကြီးနှင့်တကွ ယင်းတို့တွင်ရှိသည့် အရာအားလုံးကို ဘာမျှမရှိသည့်အရာထဲမှ ဖန်ဆင်းခဲ့သူ၊ ယင်းတို့အား မိမိ၏ ထာဝရ အကြံအစည်တော်နှင့် အညီ ထောက်ပံ့ပေးခြင်းနှင့်တကွ ယနေ့တိုင်အောင် စောင့်မလျက် အုပ်စိုးပိုင်သနေသူသည် သူ၏ သားတော် ခရစ်တော်ကို အကြောင်းပြု၍ ကျွန်ုပ်၏ ဘုရားသခင်၊ ကျွန်ုပ်၏ ဖခင် ဖြစ်နေရသည်။ သူ့အား ကျွန်ုပ် ကိုးစားယုံကြည်သည်ဖြစ်၍ ကျွန်ုပ် ခန္ဓာ၊ ဝိညာဉ်အတွက် ကျွန်ုပ် လိုအပ်သမျှ ကိုယ်တော် ထောက်ပံ့ကူညီမည်ကို ကျွန်ုပ် သံသယ မရှိပါ။ ဤကြေကွဲစရာ လောကကြီးထဲတွင် ကျွန်ုပ်ထံ ပေးတွေ့သမျှ ဆင်းရဲဒုက္ခဟူသမျှအားလည်း ကျွန်ုပ် ကောင်းကျိုးအဖြစ် ကိုယ်တော် ပြောင်းလဲပေးပါလိမ့်မည်။ ကိုယ်တော်သည် အနန္တတန်ခိုးရှင် ဖြစ်သောကြောင့် ဤအရာလုပ်ဆောင်ဖို့ ကိုယ်တော် တတ်နိုင်ပါသည်။ သစ္စာစောင့်သော ဖခင်ဖြစ်သောကြောင့် ဤအရာကို လုပ်ဆောင်ရန် ကိုယ်တော် အလိုရှိပါသည်။

ခမည်းတော်၌ ယုံကြည်ခြင်းသည် ဘာကို ဆိုလိုကြောင်း ဤရှင်းလင်းချက်မှာ တမန်တော်များ၏ သွန်သင်ချက်အတွင်း ကျွန်ုပ်တို့ တွေ့ရသည့် စာကြောင်း တစ်ကြောင်းစာမျှထက် များစွာ ပြည့်စုံမှု ရှိသည်။

မြင်ကွင်း၏ အခြားတစ်ဖက်စွန်းတွင်မူ အကျယ်တဝင့် ရှင်းပြချက်များပါသည့် သြဝါဒဆွေးနွေးချက်များ ရှိနေသည်။ အဆိုပါ ပိုမိုအသေးစိတ်စွာ ရှင်းပြထားချက်များသည်လည်း ဓမ္မပညာရှုထောင့်အမြင်များနှင့်စပ်လျဉ်းပြီး ဤအမြင်က မည်သို့၊ ထိုအမြင်က ဘယ်သို့ စသည်ဖြင့် ကျယ်ပြန့်သော အထောက်အထားများကိုလည်း မကြာခဏ တင်ပြတတ်သည်။

ယေဘုယျအားဖြင့် စနစ်ကျဓမ္မပညာမှ ပုံစံကျရေးသားပုံသည် ဤအဆင့်၌ အကျုံးဝင်သည်။ အသေးစိတ် အာရုံစိုက်သည့် စနစ်ကျဓမ္မပညာတို့သည် သွန်သင်ချက်များ၊ အမေးအဖြေများနှင့် ဝန်ခံချက်များထဲက တွေ့သမျှတို့ကို ပေါင်းစပ်ထည့်သွင်းယူတတ်ကြပြီး ထို့နောက်မှာ ရှင်းလင်းချက် အထောက်အထား အတွဲများစွာ ထပ်ဖြည့်တတ်ကြသည်။

သာဓကအားဖြင့် တမန်တော်များ၏ သွန်သင်ချက်သည် သုံးပါးတစ်ဆူသြဝါဒကို စာကြောင်းအနည်းငယ်မျှဖြင့်သာ ဖော်ပြသော်လည်း ဟေးဒဲလ်ဘာဂ် အမေးအဖြေကမူ ၎င်းအတွက် မေးခွန်း ၃၁ ခုနှင့် အဖြေများ ထားပေးသည်။ ချားလ်စ်ဟော့ဂျ်၏ စနစ်ကျဓမ္မပညာတွင် သြဝါဒအတွက် အခန်းကြီး ၄ ခန်း ထားပေးပြီး ယင်းတို့မှာ စာမျက်နှာပေါင်း ၂၀၀ ကျော်ရှိသည်။ သြဝါဒများအကြောင်း အကျယ်ရှင်းလင်းချက်များသည် ပုံစံကျ စနစ်ကျဓမ္မပညာတို့၏ သွင်ပြင်လက္ခဏာပင် ဖြစ်သည်။

ထို့ကြောင့် စနစ်ကျဓမ္မပညာမှ သြဝါဒများအကြောင်း ကျွန်ုပ်တို့လေ့လာသည့်အခါ ရှင်းလင်းချက်ရေချိန် အမျိုးမျိုးနှင့် ကျွန်ုပ်တို့ ဆက်ဆံနေရကြောင်း နားလည်ထားဖို့ လိုပါသည်။ ဓမ္မကြောင်းရာတို့အပေါ် သမ္မာကျမ်း သွန်သင်ချက်တို့အား သြဝါဒများက ရှင်းပြပုံ ရေချိန်များမှာ တူညီခြင်းမရှိကြပါ။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ယခုတွင် စနစ်ကျဓမ္မပညာထဲက သြဝါဒများအကြောင်း ကျွန်ုပ်တို့ပြောခြင်းသည် ဘာကိုဆိုလိုကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီးဖြစ်၍ ဤခေါင်းစဉ်နှင့် အကျွမ်းတဝင် မိတ်ဆက်ခြင်း၏ ဒုတိယမြောက် အလေးပေးမှုဆီ ကျွန်ုပ်တို့ လှည့်ကြပါစို့။ သြဝါဒများ ဖန်တီးခြင်းသည် မှန်ကန်ကြောင်း ကျွန်ုပ်တို့ မည်သို့ သက်သေပြကြပါမည်နည်း။ အဆိုပါပုံစံများဖြင့် သမ္မာကျမ်းသွန်သင်ချက်တို့ကို ပေါင်းစပ်ပြီး ရှင်းပြခြင်းသည် တရားဝင်သည်ဟု ဓမ္မပညာရှင်တို့ အဘယ်ကြောင့် ခံယူကြပါသနည်း။

## တရားဝင်မှု

သြဝါဒများကို အခိုင်အမာဖော်ပြမှုအား ဆန့်ကျင်သည့် ခရစ်ယာန်အသင်းတော်များစွာ ရှိကြသည်ဖြစ်၍ ယင်းသို့သော အရေးကြီး မေးခွန်းများလည်း ရှိနေကြရသည်။ "သြဝါဒ မရှိ၊ ခရစ်တော်သာရှိသည်" "သြဝါဒ မလို၊ ကျမ်းစာကိုသာလိုသည်" ဆိုသည့် ကြွေးကြော်သံများကို သင်ကြားဖူးပါလိမ့်မည်။ သို့သော် ယင်းတို့သည် သမ္မာကျမ်းစာနှင့် စပ်လျဉ်း၍ အမြင် မြင့်မြင့်မားမားရှိကြောင်း အမြဲလို ပြသရာရောက်သဖြင့် အဆိုပါ ခံစားချက်များ၏ နောက်ကွယ်ရှိ ရည်ရွယ်ချက်များကို ကျွန်ုပ်တို့ အရေးထားနိုင်ပါသည်။ သို့ဆိုပါက စနစ်ကျဓမ္မပညာသည်တို့သည် သမ္မာကျမ်းသွန်သင်ချက်တို့အား အရှိအတိုင်း အဘယ်ကြောင့် လွှတ်မထားနိုင်ရပါသနည်း။ သမ္မာကျမ်းသွန်သင်ချက်တို့ကို ခေါင်းစဉ်များအဖြစ် အဘယ်ကြောင့် ခွဲခြားခြင်း ပေါင်းစပ်ခြင်းများ ပြုလုပ်ပြီး အဆိုပါ ခေါင်းစဉ်များအကြောင်း သမ္မာကျမ်းက ဘာတွေသွန်သင်ထားသည်ကို ရှင်းပြကြပါသနည်း။

သြဝါဒများ ဖန်တီးခြင်းကို ကြိုဆိုအားပေးရာ၌ အခိုင်လုံဆုံးတင်ပြချက်မှာ သမ္မာကျမ်း ဇာတ်ကောင်များကိုယ်တိုင်က ကျွန်ုပ်တို့အတွက် ဤသို့ကျင့်ဆောင်ဖို့ ပုံစံပေးထားသည် ဆိုသည့်အချက် ဖြစ်သည်။ သြဝါဒများကို ဆွေးနွေးသော သမ္မာကျမ်း ဇာတ်ကောင်များအကြောင်း သာဓက နှစ်ခုမျှလောက်ကိုသာ ကျွန်ုပ်တို့ လေ့လာပါမည်။ ပထမအားဖြင့် ယေရှု၏ ပုံသက်သေနှင့် ဒုတိယအားဖြင့် တမန်တော် ပေါလု၏ ပုံသက်သေတို့ ဖြစ်ကြသည်။ ပထမအားဖြင့် သမ္မာကျမ်းသွန်သင်ချက်များ၏ ခေါင်းစဉ်အလိုက် ပေါင်းစပ်မှုများနှင့် ရှင်းလင်းချက်များကို ယေရှုပေးခဲ့သည့် အချိန်ကာလတစ်ခုအား လေ့လာကြပါစို့။

### ယေရှု

သာဓကအားဖြင့် အကြီးမြတ်ဆုံး ပညတ်အကြောင်း ယေရှုအား မေးမြန်းခဲ့သည့် အချိန်ကို စဉ်းစားကြည့်ပါ။ ရှင်မဿဲ ၂၂း၃၅-၄၀ မှ ဤစကားများကို နားထောင်ကြည့်ပါ-

> သူတို့ အဝင်အပါ ဖြစ်သော ကျမ်းတတ်တစ်ယောက်သည် ကိုယ်တော်ကို
> စုံစမ်းနှောင့်ယှက်ခြင်းငှာ အရှင်ဘုရား၊ ပညတ္တိကျမ်း၌
> အဘယ်မည်သောပညတ်သည်သာ၍ ကြီးသနည်းဟု မေးလျှောက်သော်၊
> "ဘုရားသခင်ကို စိတ်နှလုံး အကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်

> ချစ်လော့။ ဤပညတ်သည် ပထမဆုံးနှင့် အကြီးမြတ်ဆုံး ပညတ်တော်ဖြစ်၏။ 'ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့' ဟူသော ဒုတိယပညတ်သည်လည်း ပထမ ပညတ်နှင့် အလားတူ၏။ ဤပညတ်နှစ်ခုကား ပညတ္တိကျမ်းနှင့် ပရောဖက်ကျမ်းရှိသမျှတို့၏ အချုပ်အချာပင် ဖြစ်သတည်း"ဟု မိန့်တော်မူခဲ့သည် (မဿဲ ၂၂း၃၅-၄၀)။

ကျွန်ုပ်တို့ တွေ့ကြရမှာ ဖြစ်သလို ဤနေရာတွင် ယေရှု ပြခဲ့သည့်အမှုအတွင်း ကျွန်ုပ်တို့၏ ဓမ္မပညာဩဝါဒ အဓိပ္ပာယ်ဖွင့်ဆိုချက်ထဲပါသမျှ အခြေခံအချက်အားလုံး ပါရှိနေသည်။

ပထမဦးစွာ ဤကျမ်းချက်သည် ဓမ္မခေါင်းစဉ်တစ်ခုအပေါ်မှာ စူးစိုက်ထားသည်။ "သခင်ဘုရား၊ အဘယ်မည်သောပညတ်သည် အကြီးမြတ်ဆုံး ဖြစ်ပါသနည်း" ဟု ဖာရိရှဲ တစ်ယောက်က ယေရှုထံ မေးခွန်းတစ်ခု မေးသည်။ ယေရှုတို့ ခေတ်ကာလ ဓမ္မပညာရှင်များက သူတို့၏ ဓမ္မပညာအာရုံစိုက်မှုများအတွက် လမ်းကြောင်းရှာသည့် နည်းများထဲက ဤမေးခွန်းပေါ်ထွက်ခဲ့သည်။ ဤမေးခွန်းကို တိုက်ရိုက်ဖြေရှင်းသည့် ဓမ္မဟောင်း ကျမ်းစာစောင်၊ အခန်းကြီး၊ အပိုဒ် သို့မဟုတ် ကျမ်းချက် တစ်ခုတစ်လေပင် မရှိပါ။ ထို့ကြောင့် အကျိုးရလာဒ်အားဖြင့် စနစ်ကျဓမ္မပညာထဲ ကျွန်ုပ်တို့ တွေ့နိုင်သည့် ခေါင်းစဉ်မျိုးနှင့် အလွန်ဆင်တူသည့် ဓမ္မခေါင်းစဉ်တစ်ခုကို ဖာရိရှဲက မေးမြန်းခဲ့ခြင်း ဖြစ်သည်။

ဒုတိယအားဖြင့် ကျမ်းပိုဒ် နှစ်ခုကို ပေါင်းစပ်ခြင်းအားဖြင့် ယေရှု အဖြေပေးခဲ့သည်။ ကျမ်းပိုဒ် တစ်ခုတည်းကိုသာ ကိုးကားပြီး ထိုနေရာမှာပဲ မထားခဲ့ပါ။ ထိုအစား ဓမ္မဟောင်းမှ ကျမ်းချက်နှစ်ခုကို သူ ပေါင်းစည်းခဲ့သည်။ ယင်းတို့မှာ တရားဟောရာ ၆း၅ နှင့် ဝတ်ပြုရာ ၁၉း၁၈ တို့ ဖြစ်ကြသည်။ တစ်ဖက်တွင် တရား ၆း၅ ကို သူကိုးကားပြီး "သင်၏ ဘုရားသခင် ထာဝရ ဘုရားကို စိတ်နှလုံး အကြွင်းမဲ့၊ ဉာဏ်ရှိသမျှနှင့် ချစ်လော့" ဟု ဆိုခဲ့သည်။ ထို့နောက် ဝတ်ပြု ၁၉း၁၈ ကို သူကိုးကားပြီး "ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့" ဟု ဆိုခဲ့သည်။ စနစ်ကျ ဓမ္မပညာသည်များလိုပင် အကြီးမြတ်ဆုံး ပညတ်အကြောင်း ဩဝါဒဆိုင်ရာ ဆွေးနွေးချက် တစ်ခုဖြစ်လာအောင် သမ္မာကျမ်းပိုဒ်မျိုးစုံကို ယေရှု ပေါင်းစပ်ခဲ့သည်။

တတိယအားဖြင့် ဤခေါင်းစဉ်နှင့်ဆိုင်သော သူ့အမြင်တို့ကို ယေရှု ရှင်းလင်းချက်ပေးခဲ့သည်။ "ဤပညတ်သည်ကား ပထမဆုံးနှင့် အကြီးမြတ်ဆုံး ပညတ် ဖြစ်၏။ 'ကိုယ်နှင့် စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ချစ်လော့' ဟူသော ဒုတိယပညတ်သည်လည်း ပထမပညတ်နှင့် သဘောတူ၏" ဟု ဆိုသည့်အခါ ပညတ်တော်တို့တွင် ဦးစားထားချက်များရှိကြောင်း သူရှင်းပြနေခြင်း ဖြစ်သည်။ ထို့နောက် အဆုံး၌ "ဤပညတ်နှစ်ခုကား ပညတ္တိကျမ်းနှင့် ပရောဖက်ကျမ်းရှိသမျှတို့၏ အချုပ်အချာပင် ဖြစ်သတည်း" ဟု ဓမ္မသုံးသပ်ချက်နိဂုံးနှင့်အတူ ပညတ်တို့၏ အရေးပါမှုကို ယေရှု ရှင်းပြခဲ့သည်။

စနစ်ကျဓမ္မပညာ၌ ဩဝါဒများ ဖန်တီးခြင်းသည် တရားဝင်ကြောင်း ယေရှု၏ သာဓကက အခိုင်အမာ ဝန်ခံထားသည်။ ဩဝါဒများကို အလုပ်မဖြစ်ဟု ယေရှုခံယူခဲ့ပါက "ဩဝါဒတွေကို ဖြေရှင်းဖို့ ဘာကြောင့် သင်ကြိုးစားနေတာလဲ။ ကျမ်းစာက ပြောသမျှနဲ့ မကျေနပ်နိုင်ဘူးလား" ဟု မေးခဲ့သင့်ပါသည်။ ထိုအစား ဩဝါဒဆွေးနွေးခန်းတစ်ခုထဲမှာ ယေရှုဝင်ပါခဲ့သည်။

ဩဝါဒများထဲ ယေရှု ဝင်ပါသည့်အချိန်များစွာထဲက တစ်ခုကိုလေ့လာသည့်နောက် ပေါလုလည်း အလားတူ လုပ်ခဲ့ကြောင်း ကျွန်ုပ်တို့ သိရပါမည်။

## ပေါလု

မြေထဲပင်လယ်ဒေသတလျှောက်ရှိ ခရစ်ယာန်တို့ထံ ဩဝါဒစာများစွာ ပေါလု ရေးပို့ခဲ့ပြီး အခြေခံအားဖြင့် လက်တွေ့ကျသည့် သိုးထိန်းဆိုင်ရာ အရေးအရာများကို ဖြေရှင်းပေးခဲ့သည်။ သို့သော် ဓမ္မဩဝါဒများအပေါ် အာရုံစိုက်ပြီး အဆိုပါ သိုးထိန်းဆိုင်ရာ အရေးအရာတို့ကို သူဖြေရှင်းခဲ့သည်။

ရောမဩဝါဒစာ တစ်နေရာတွင် ပေါလု ယခုလိုလုပ်ခဲ့ပုံကို လေ့လာကြည့်ကြပါစို့။ ရောမအသင်းတော်ရှိ ဂျူးများနှင့် တစ်ပါးအမျိုးတို့အကြား ပဋိပက္ခဖြစ်ကြသည့် အရေးကိစ္စများကို သိုးထိန်းရှုထောင့်မှ ဖြေရှင်းရာတွင် အတော်ကလေး အသေးစိတ်ကျသည့် ဩဝါဒတင်ပြချက်တစ်ခုကို ပေါလု ဖန်တီးခဲ့သည်။ ရောမ ၄:၁-၂၅ တွင် ထင်ရှားသည့် သာဓကတစ်ခု ပါရှိသည်။ ဤကျမ်းပိုဒ်အပေါ် ပြောဆိုချက်အမြောက်အများ ရှိနိုင်ပါသည်။ သို့သော် ဓမ္မဩဝါဒဆိုင်ရာ ကျွန်ုပ်တို့ ဖွင့်ဆိုချက် အင်္ဂါသုံးရပ်ကို ယင်းက မည်သို့ထင်ဟပ်ကြောင်းကိုသာ ကျွန်ုပ်တို့ ပြညွှန်ကြပါမည်။ အကြောင်းအရာတစ်ခုအပေါ် ယင်းက အာရုံညွှတ်ထားသည်။ ကျမ်းပိုဒ်များစွာကို ပေါင်းစပ်ထားပြီး ယင်းတို့အားလည်း ရှင်းပြထားသည်။ ပထမအားဖြင့် ဓမ္မဟောင်းမှ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း ဆိုသည့် ခေါင်းစဉ် တစ်ခုအပေါ် ပေါလု စူးစိုက်သည်။

ရောမ အခန်းကြီး ၄ အား ရှေ့အခန်းကြီး အဆုံးရှိ မေးခွန်းတစ်ခုဖြင့် မိတ်ဆက်ထားသည်။ ရောမ ၃:၃၁ ထဲက ဤမေးခွန်းကို နားထောင်ကြည့်ပါ။

> သို့ဖြစ်လျှင် ယုံကြည်ခြင်းအားဖြင့် ငါတို့သည် ပညတ်တရားကို ပယ်ကြသလော (ရောမ ၃:၃၁)။

ဓမ္မဟောင်းကာလမှာ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်သည် ဆိုသည့် ရောမ အခန်းကြီး ၄ အပေါ် သူ့ရှုမြင်ချက်ကို ဖော်ပြဖို့ ဤမေးခွန်းက လမ်းခင်းပေးသည်။ ဤအရေးအရာကို တိုက်ရိုက်ရှင်းပြသည့် ဓမ္မဟောင်း ကျမ်းစာစောင်၊ အခန်းကြီး၊ အပိုဒ်၊ သို့မဟုတ် ကျမ်းချက်ဆို၍ တစ်ခုတစ်လေမျှပင် မရှိပါ။ ထိုအစား ၎င်းသည် ပေါလုစိတ်ဝင်စားသည့် ဓမ္မခေါင်းစဉ်တစ်ခု ဖြစ်ခဲ့သည်။

ဓမ္မခေါင်းစဉ်တစ်ခုအဖြစ်နှင့်သာမက ရောမ ၄:၁-၂၅ သည် ဓမ္မဆွေးနွေးချက်ဆိုင်ရာ ကျွန်ုပ်တို့ အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့်လည်း ကိုက်ညီမှု ရှိသည်။ အကြောင်းမှာ ကျမ်းပိုဒ်အများအပြားထဲက သွန်သင်ချက်တို့ကို ပေါင်းစပ်ပြီး ပေါလု ဖြေရှင်းပြထား၍ ဖြစ်သည်။ ဤအခန်းကြီးကို အပေါ် ရုံကြည့်လိုက်ရုံဖြင့် ဓမ္မဟောင်းကျမ်းကို ခုနစ်ကြိမ်ထက်မနည်း သူကိုးကားထားကြောင်း တွေ့ရသည်။

အခန်းငယ် ၃ ၌ ကမ္ဘာ ၁၅:၆ ကို သူကိုးကားသည်။ အခန်းငယ် ၆ မှာ ဆာလံ ၃၂း ၁-၂ အကူအညီကို ယူသည်။ အခန်းငယ် ၁၀ မှာ ကမ္ဘာ ၁၅ နှင့် ၁၇ ကို နှိုင်းပြသည်။ အခန်းငယ် ၁၆ နှင့် ၁၇ တို့တွင် ကမ္ဘာ ၁၇:၅ ကို ကိုးကားသည်။ အခန်းငယ် ၁၈ တွင် ကမ္ဘာ ၁၅:၅ ကို ကိုးကားသည်။ အခန်းငယ်

၁၉ တွင် ကမ္ဘာ ၁၇း၁၇ နှင့် ၁၈း၁၁ တို့ကို ညွှန်းထားသည်။ ထို့နောက် အဆုံးသတ်ဖြစ်သည့် အခန်းငယ် ၂၃-၂၄ တွင် ကမ္ဘာ ၁၅း၆ ကို တဖန် ပြန်ကိုးကားသည်။ ဓမ္မဟောင်းကျမ်းချက်များကို အကြိမ်များစွာ ပေါလုကိုးကားပြီး တင်ပြခဲ့ကြောင်း သတိပြုမိရုံမျှဖြင့် သူ့သြဝါဒကို တည်ဆောက်ရန် ကျမ်းချက်များစွာကို သူပေါင်းစပ်ခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။

တတိယအားဖြင့် ကျွန်ုပ်တို့၏ သြဝါဒဆွေးနွေးချက် ဖွင့်ဆိုချက်က အကြံပြုထားသည့်အတိုင်း ဤအကြောင်းအရာအပေါ် ပေါလု သူ့အမြင်များကို ရှင်းပြထားသည်။ သူ၏ သြဝါဒဆိုင်ရာ အခိုင်အမာ ခြုံငုံဖော်ပြချက်မှာ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည်ကို ဓမ္မဟောင်းက အတည်ပြုထားသည် ဆိုသည့်အချက် ဖြစ်သည်။ သူ့အမြင်ကို နည်းပေါင်းစုံဖြင့် သူရှင်းပြထားသည်။ ပထမအားဖြင့် အာဗြဟံ၏ ယုံကြည်ခြင်းကို ဖြောင့်မတ်ခြင်းဟု "မှတ်ယူ" ကြောင်း ကမ္ဘာ ၁၅း၆ က ပြောဆိုထားသည်။ ထို့ကြောင့် "မှတ်ယူ" ခံရသည့် အရာတစ်ခုသည် ကောင်းသောအကျင့်အားဖြင့် ကြိုးစားရယူသည့်အရာ မဟုတ်ကြောင်း ပေါလု ရှင်းပြသည်။ ဆာလံ ၃၂း၁-၂ ၌ "မှတ်ယူ" ခံရသည် ဆိုသည့် ဝေါဟာရကို သုံးထားသဖြင့် ဤအယူအဆအား ဒါဝိဒ်က အတည်ပြုကြောင်းကိုလည်း ပေါလု ရှင်းပြသည်။ ဖြောင့်မတ်ခြင်းသည် ပညတ်တရား၏ အကျင့်အားဖြင့်မဟုတ်၊ ယုံကြည်ခြင်းအားဖြင့် ဖြစ်ကြောင်း တမန်တော်ကြီးက ဆက်လက်ပြသသွားသည်။ အကြောင်းမှာ အာဗြဟံသည် ကမ္ဘာ ၁၇ ပါ အရေဖျားလှီးမင်္ဂလာ မခံမီကပင်ကမ္ဘာ ၁၅ မှာကတည်းက ဖြောင့်မတ်သည်ဟု မှတ်ယူခံရပြီး၍ ဖြစ်သည်။

ထိုမျှမက ကမ္ဘာ ၁၇း၅ ၌ အာဗြဟံသည် ပညတ်တရားရှိသော ဂျူးများနှင့် ပညတ်တရားမဲ့သော တပါးအမျိုးသား တို့၏ အဖ ဖြစ်လာမည်ဆိုသည့် ကတိတော်ကို ရခဲ့ကြောင်း ပေါလု တင်ပြခဲ့သည်။ အမှန်စင်စစ် သူပြည့်စွန်ခဲ့သလို ကမ္ဘာ ၁၅း၅ က သား မရှိသော အာဗြဟံ၏ တစ်ခုတည်းသော မျှော်လင့်ရာသည် ဘုရားသခင့် ကတိတော်၌ ယုံကြည်ခြင်းသာဖြစ်ကြောင်း ပြသသည်။ ကမ္ဘာ ၁၇း၁၇ နှင့် ၁၈း၁၁ တို့က ပြနေသလို အာဗြဟံသည် ယုံကြည်ခြင်း အဆက်မပြတ်ရှိနေဖို့ လိုအပ်ခဲ့သည်။ အကြောင်းမှာ သာမန်နည်းဖြင့် ကလေးရဖို့ သူရော သူ့ဇနီးပါ အိုမင်းလွန်းနေ၍ ဖြစ်သည်။

အဆုံးသတ်တွင် ကမ္ဘာ ၁၅း၆ သည် အာဗြဟံအကြောင်း သမိုင်းဝင်ဖော်ပြရုံမျှထက် မကကြောင်း၊ ၎င်းသည် ခရစ်ယာန် ယုံကြည်သူတို့အတွက် ယုံကြည်ခြင်းသည် အချက်အချာကျကြောင်း သင်ခန်းစာတစ်ခုပင် ဖြစ်သည်။ အတိုချုပ်ဆိုရလျှင် ယေရှုကဲ့သို့ပင် ပေါလုသည်လည်း သြဝါဒဆွေးနွေးခန်းထဲ ဝင်ပါခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ဓမ္မခေါင်းစဉ်များအပေါ် သမ္မာကျမ်းသွန်သင်ချက်များကို သူပေါင်းစပ်ပြီး ရှင်းပြခဲ့သည်။

ကျွန်ုပ်တို့၏ သြဝါဒ ဖွင့်ဆိုချက်နှင့် သြဝါဒဆိုင်ရာ ဆွေးနွေးချက်များ၏ တရားဝင်မှုများကို နားလည်ခြင်းအပြင် စနစ်ကျဓမ္မပညာမှ သြဝါဒတို့၏ ပန်းတိုင်များကို ကျွန်ုပ်တို့ ဆုပ်ကိုင်မိဖို့လည်း အလွန်ပင် အရေးကြီးလှသည်။

# ပန်းတိုင်များ

စနစ်ကျဓမ္မပညာသည်များက သူတို့၏ ဩဝါဒများကို မည်သို့ ဖွဲ့စည်းကြောင်း သိနားလည်ရန် ဩဝါဒဆွေးနွေးချက်များကို ပန်းတိုင်နှစ်ခုက ထိန်းချုပ်ကြောင်း မဖြစ်မနေ သိရှိရန်လိုအပ်သည်။ တစ်ဖက်တွင် ခရစ်တော်၏ နောက်လိုက်များ ယုံကြည်သင့်သည့် သွန်သင်ချက် အစစ်အမှန်များ ချမှတ်ရေး အပြုသဘောဆောင်သည့် ပန်းတိုင်က ဩဝါဒများကို ပုံဖော်ပေးသည်။ သို့သော် အခြားတစ်ဖက်တွင်မူ မှားယွင်းသောဩဝါဒများကို ဆန့်ကျင်ရေး အနှုတ်သဘောဆောင်သည့် ပန်းတိုင်က ယင်းတို့အား ပုံဖော်ပေးသည်။ ယင်း ပန်းတိုင် နှစ်ခုလုံးသည် စနစ်ကျဓမ္မပညာမှ ဩဝါဒတို့၏ သွင်ပြင်စရိုက်တို့အပေါ် နက်နက်ရှိုင်းရှိုင်း ဩဇာညောင်းနေကြသည်။ ထို့ကြောင့် ယင်းတို့ နှစ်ခုလုံးကို လေ့လာကြည့်ကြပါစို့။ ပထမအားဖြင့် ဩဝါဒအစစ်အမှန်တို့ကို ဖွဲ့စည်းရေး အပြုသဘောဆောင်သည့် ပန်းတိုင်နှင့် အစပြုကြပါစို့။

## အပြုသဘောဆောင်ခြင်း

စင်ကြယ်သော စနစ်ကျဓမ္မပညာသမားတို့မှာ ကျမ်းစာသွန်သင်ချက်များအတိုင်း လိုက်နာရန် ထက်သန်ပြင်းပြသည့် ဆန္ဒရှိနေကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ပြီး ဖြစ်သည်။ သမ္မာတရားကို ရှင်းလင်းစွာဖော်ပြလိုစိတ်ရှိခြင်းက စနစ်ကျဓမ္မပညာသည်တို့အား သမ္မာတရားဆိုင်ရာ အမြင့်ဆုံး တရားသူကြီးအဖြစ် ကျမ်းစာနောက်လိုက်ရန် ဦးဆောင်သွားသည်။ သို့သော် စနစ်ကျဗေဒသမားတို့ တွေ့ကြုံရသည့် ပြဿနာတစ်ခုလည်း ရှိသေးသည်။ ခေါင်းစဉ်များစွာနှင့် စပ်လျဉ်းပြီး အချင်းချင်းဆက်စပ်နေသောသွန်သင်ချက်တို့မှာလည်း အလွန်ပင်များပြားလွန်းရကား စနစ်ကျဓမ္မဗေဒသမားတို့မှာ ကျမ်းစာလမ်းပြတစ်ခုတည်းသာရှိမည်ဆိုပါက စနစ်ကျဓမ္မပညာသမားတို့ ဒုက္ခလွှမ်းရန်သာရှိပေတော့မည်။

သာဓကအားဖြင့် ခရစ်တော်အကြောင်း ဩဝါဒ ဖြစ်သည့် ခရစ်တော်ဗေဒ အကြောင်း ကျမ်းစာက မည်မျှသွန်သင်သည်ကို ကြည့်ပါ။ ရှုထောင့်များစွာအရ သမ္မာကျမ်းစာတစ်ခုလုံးသည် ခရစ်တော်အကြောင်းအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ပြောဆိုထားသည်။ ကိုယ်တော်အကြောင်း အချက်အလက်အမြောက်အများကို ကျယ်ကျယ်ပြန့်ပြန့် သိုမှီးထားသိုထားသည့် အခန်းကြီး တစ်ခုကို ၎င်းက ကိုယ်စားပြုသည်။ ခရစ်တော်ဗေဒအကြောင်း သမ္မာကျမ်းစာက ပြောသည့် အချက်မှန်တိုင်းကို စနစ်ကျဓမ္မပညာရှင်တို့က ပြောဆိုရမည်ဆိုလျှင် ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်ရပေတော့မည်။

ကျမ်းစာ၏ မည်သည့်အပိုင်းကို ထည့်ရမည်၊ မည်သည့်အပိုင်းကို ဖယ်ရမည် ဆိုသည်တို့အား စနစ်ကျ ဓမ္မပညာသည်များ မည်သို့ သတ်မှတ်ကြပါသနည်း။

စနစ်ကျဓမ္မပညာသည်တို့၏ အပြုသဘောဆောင်သော ဦးတည်ချက်အား သမ္မာကျမ်းစာကသာမက အစဉ်အလာ ခရစ်ယာန် အလေးပေးမှုများနှင့် ဦးစားပေးချက်တို့က လည်း ပဲ့ပြင်ထိန်းကျောင်းသည်။ ရှုထောင့်များစွာအရ စနစ်ကျဓမ္မပညာသည်တို့သည် အတိတ်ကာလက

သစ္စာရှိသော ခရစ်ယာန်တို့ လုပ်ဆောင်ပြီးခဲ့သည်ကို ကြည့်ခြင်းဖြင့် မည်သည့် အရေးအရာတို့အား ကိုင်တွယ်ရမည်ကို သတ်မှတ်ကြသည်။ တစ်ဦးချင်း ဦးဆောင် ဓမ္မပညာရှင်တို့၏ ကြိုးပမ်းချက်များ၊ ပြဌာန်းချက်များ၊ ဝန်ခံချက်များနှင့် အလားတူများကြောင့် စနစ်ကျဓမ္မပညာရှိ ဓမ္မပိုင်းဆွေးနွေးချက်များ၏ ပုံသဏ္ဌာန်များအပေါ် အရေးပါသော ရိုက်ခတ်မှုများ ရှိနေကြသည်။

## အနှုတ်သဘောဆောင်ခြင်း

ဩဝါဒများကို ပုံဖော်ရန် စနစ်ကျဓမ္မပညာ၏ အပြုသဘောဆောင်သော ပန်းတိုင်သည် အရေးကြီးသလောက် အနှုတ်သဘောဆောင်သော ပန်းတိုင်နှင့်လည်း ကိုက်ညီအောင် သူတို့ ဩဝါဒများ၏ ပါဝင်အကြောင်းအရာနှင့် အလေးပေးမှုများကို စနစ်ကျဓမ္မပညာသည်တို့ ဆုံးဖြတ်သတ်မှတ်ရသည်။ ဤအရာအားဖြင့် ကျွန်ုပ်တို့ ဆိုလိုသည့်အဓိပ္ပာယ်မှာ ဩဝါဒဆိုင်ရာ ဆွေးနွေးချက်များ၏ အဓိကရည်ရွယ်ချက်တစ်ခုသည် မှားယွင်းသော သွန်သင်ချက်များကို တန်ပြန်ရန် ဖြစ်သည်။

ဤအနှုတ်သဘောပန်းတိုင်သည် ကျမ်းစာထဲက ပေါ်ထွက်သည်။ အမှန်စင်စစ် ကျမ်းစာ၏ ကြီးမားသော အပိုင်းကဏ္ဍတစ်ခုအား မှားယွင်းသော သွန်သင်ချက်တို့ကို ဆန့်ကျင်ဖို့ အသုံးပြုထားသည်။ သမ္မာကျမ်းစာ ဩဝါဒသည် အစဉ်သဖြင့် မျက်နှာစာ နှစ်ခု ရှိသည်။ အပြုသဘောဆောင်သည့် ဩဝါဒတင်ပြချက်များ အပေါ်မှာရော မှားယွင်းသည့်သွန်သင်ချက်များကို အနှုတ်သဘောဆောင် ဆန့်ကျင်မှုအပေါ်မှာပါ အာရုံစိုက်ထားသည်။ ထို့ကြောင့် ဘာတွေပါဝင်သင့်သည် သို့မဟုတ် ဘာတွေ ဖယ်သင့်သည်၊ ဘာတွေကို အလေးပေးသင့်သည် သို့မဟုတ် ဘာတွေကို အရေးမစိုက်ဘဲထားသင့်သည် စသည်တို့ကို စနစ်ကျဓမ္မသမားတို့ ရွေးချယ်သည့်အခါ မှားယွင်းသောဩဝါဒများကို ပြုပြင်ရန် စိတ်ဆန္ဒက သူတို့၏ ဆုံးဖြတ်ချက်များစွာအပေါ် ဩဇာညောင်းပြီး ဖြစ်သည်။

သမ္မာကျမ်းစာကိုယ်တိုင်က ကျင့်ဆောင်သည့်အတိုင်း မှားယွင်းခြင်းကို ဆန့်ကျင်ခြင်းအပြင် စနစ်ကျဓမ္မပညာသည်တို့သည် ဤအနှုတ်သဘောဆောင်သည့် ပန်းတိုင်ကိုလည်း လိုက်နာကျင့်သုံးသည်။ အကြောင်းမှာ အစဉ်အလာ ခရစ်ယာန် အလေးပေးမှုများနှင့် ဦးစားပေးချက်များ လိုက်နာရေးကို သူတို့ ရှာကြံကြ၍ ဖြစ်သည်။

စနစ်ကျဓမ္မပညာမှ ဩဝါဒဆိုင်ရာဖွဲ့စည်းမှုများ၏ ဤမျက်နှာစာကို ချဲ့ကားလွန်းသည်ဟုဆိုရန် အလွန်ပင် ခက်ခဲပါလိမ့်မည်။ သာဓကအားဖြင့် အေဒီ ၄၅၁ မှာ ရေးသော ချယ်လ်ဆီဒွန် သွန်သင်ချက်က ခရစ်တော်၏ ပုဂ္ဂိုလ်ဖြစ်ခြင်းနှင့် သဘာဝများအကြောင်း ဘာပြောသည်ကို စဉ်းစားကြည့်ပါ။ ၎င်းက ဤနည်းအတိုင်း ပြောဆိုထားသည်-

> (ခရစ်တော်သည်) ဘုရားစစ်စစ် ဖြစ်ပြီး လူသားစစ်စစ်လည်း ဖြစ်၍ ရှုပ်ထွေးခြင်းကင်းသော၊ ပြောင်းလဲခြင်းမရှိသော၊ ကွဲပြားခြင်းမရှိသော၊ ကင်းကွာခြင်းမရှိသော၊ တစ်လုံးတစ်ဝဖြစ်မှုကြောင့် သဘာဝနှစ်မျိုးကွဲလွဲ ဖြစ်တည်မှုကို အလျင်း ပယ်ဖျက်ရာမရောက်ပဲ သဘာဝတစ်ခုစီ၏ သွင်ပြင်လက္ခဏာတို့သည် တည်တံ့မြဲမြဲလျက်၊ လူပုဂ္ဂိုလ် တစ်ဦးတည်းအဖြစ်

> အတူတကွ ပေါင်းစည်းကာ အချင်းချင်း တည်မှီထောက်မလျက်၊ ပုဂ္ဂိုလ်နှစ်ဦးအဖြစ်သို့လည်း ကွဲကွာနေခြင်းမရှိ၊ သီးခြားဖြစ်နေခြင်းလည်း မရှိသည့် သဘာဝနှစ်မျိုး၌ တည်ရှိနေကြောင်း ဝန်ခံသိမှတ်သည်။

သို့သော် သဘောတစ်ခုအရ ဆိုလျှင် ဤအဆိုပြုချက်အား သမ္မာကျမ်းစာနှင့် ကိုက်ညီလိုပြီး သစ္စာရှိခရစ်ယာန်တို့ ယုံကြည်ထားကြပြီးသည်တို့ကို ဖော်ပြရန်ဟူသော အပြုသဘောဆောင်သည့် ပန်းတိုင်က ထိန်းကျောင်းထားသည်။ ထိုအရာသည် လုံလောက်သော ရှင်းပြချက် ဖြစ်ပါသည်။ သို့သော် ခရစ်တော်အကြောင်း ပြဋ္ဌာန်းချက်က ဘာပြောသည်ကို တဖန် ကြည့်ကြပါစို့။ ခရစ်တော်အကြောင်း ပြောဆိုနိုင်သည့် အရာရှိသမျှအနက် ဘုရားဇာတိနှင့် လူ့ဇာတိ ဆိုင်ရာ သူတို့၏ ဂုဏ်ရည်ဖော်ပြချက်များကို သဘာဝနှစ်မျိုးက မည်သို့ ထိန်းသိမ်းကြောင်း ချယ်လ်ဆီဒွန်က အဘယ်ကြောင့် အသေးစိတ် ဖော်ပြပါသနည်း။ အဆိုပါ သဘာဝများသည် ရောနှောရှုပ်ထွေးခြင်း မရှိကြောင်း၊ ပြောင်းလဲခြင်းမရှိကြောင်း၊ ကွဲပြားခြင်း မရှိကြောင်း၊ ခွဲခွာခြင်း မရှိကြောင်း ၎င်းက အဘယ်ကြောင့် ပြောဆိုပါသနည်း။ ခရစ်တော်၏ သဘာဝ နှစ်မျိုးသည် လူပုဂ္ဂိုလ် တစ်ဦးတည်း၌ ပေါင်းစည်းညီညွတ်နေကြောင်း ၎င်းက အဘယ်ကြောင့် အလေးအနက်ထားရပါသနည်း။ အဆိုပါ အရေးအရာတို့အား ကျမ်းစာထဲတွင် အလေးပေးမထားပါ။ သို့သော် ဤအချက်သည် သွန်သင်ချက်က ယင်းတို့ကို ဖြေရှင်းပြခဲ့ရသည့် အကြောင်းရင်း အတိအကျပင် ဖြစ်သည်။

အမှန်စင်စစ် ချယ်လ်ဆီဒွန် ၏ သီးသန့်အလေးပေးချက်များသည် ယေဘုယျအားဖြင့် ခရစ်ယာန် ယုံကြည်ခြင်းတရား၏ အစောပိုင်းကာလ ရာစုနှစ်များအတွင်း ပေါ်ပေါက်ခဲ့သည့် ခရစ်တော်အကြောင်း မှားယွင်းသည့် သွန်သင်ချက်များကို တုန့်ပြန်ရန် တိုးချဲ့ပေါ်ထွန်းလာခဲ့သည်။ အဆိုပါ မှားယွင်းသော သွန်သင်ချက်အချို့သည် ခရစ်တော်၏ လူ့ဇာတိ အပြည့်အဝရှိမှုကို ငြင်းပယ်ထားပြီး အချို့တို့သည် ဘုရားဇာတိ အပြည့်အဝ ရှိမှုတို့ကို ငြင်းပယ်ကာ အချို့တို့မှာမူ ကိုယ်တော်သည် ပုဂ္ဂိုလ်တစ်ပါးတည်းသာဖြစ်ကြောင်းကို ငြင်းပယ်ကြသည်။

ထို့ပြင် များစွာအလားတူပင် ပုံစံကျ စနစ်ကျဓမ္မပညာများစွာမှ ဩဝါဒ ဆွေးနွေးချက်များစွာသည် ဤအနှုတ်သဘောဆောင်သည့် အစီအစဉ်ကို လိုက်နာကြသည်။ သာဓကအားဖြင့် ချားလ်စ်ဟော့ဂျ်က သူ၏ စနစ်ကျဓမ္မပညာ အတွဲ ၁ ထဲက အခန်းကြီး ၄ အတွင်း ဘုရားသခင်ကို သိကျွမ်းခြင်း ဩဝါဒကို ဆွေးနွေးသည့်အခါ စာပိုဒ်တိုတစ်ခုအတွင်း အပြုသဘောဆောင် ရှင်းလင်းချက်တစ်ခုနှင့် ယခုလို အစပြုသည်-

> ဘုရားသခင်ကို သိနိုင်သည် ဆိုသည်မှာ သမ္မာကျမ်းစာက ရှင်းလင်းစွာ သွန်သင်ထားချက်တစ်ခု ဖြစ်သည်။

သို့သော် ဤရှေးဦး ဝန်ခံမှုနောက်၌ ရုတ်ခြည်းဆိုသလိုပင် ရှည်လျားသော စာပိုဒ်များအတွင်း ဘုရားသခင်ကို သိကျွမ်းခြင်းအဓိပ္ပာယ် သွန်သင်ချက်အမှားသုံးခုကို ဟော့ဂျ်က ရှင်းပြထားသည်။ အခြားသော သွန်သင်ချက်များကို ဆန့်ကျင်ရာ၌ ပထမဆုံးသူပြောဆိုသည်မှာ

ဘုရားသခင်နှင့် စပ်လျဉ်းပြီး မှန်ကန်မှုရှိသမျှကို ကျွန်ုပ်တို့သိနိုင်သည်ဟု မဆိုလိုပါ။

ထို့နောက် နောက်ထပ် မှားယွင်းသောသွန်သင်ချက်ကို ဤသို့ဆက်ပြောခြင်းဖြင့် ဖြေရှင်းခဲ့သည်-

ဘုရားကို ကျွန်ုပ်တို့ စိတ်ကူးဖြင့် ပုံဖော်နိုင်သည်ဟု (ကျွန်ုပ်တို့ မယုံကြည်သင့်ပါ)။

ထို့နောက် တတိယအားဖြင့် သူရေးခဲ့သည်မှာ-

(ဘုရားသခင်ကို) နားလည်သိရှိနိုင်သည် (အပြည့်အဝ အကုန်အစင် သိရှိနိုင်သည်) ဟု (ကျွန်ုပ်တို့ မယုံကြည်သင့်ပါ)။

မှားယွင်းသော အမြင်များအပေါ် အနှုတ်သဘောဆောင် ချေပချက်များနောက်၌ ဘုရားသခင့် အလေ့အလာများအား သိနိုင်ကြောင်း အပြုသဘောဆောင် ရှင်းပြချက်များဆီ ဟော့ဂျ် ပြန်ရောက်လာသည်။ ဤနေရာတွင် ဟောက်ဂ့် လုပ်ဆောင်ခဲ့သည်မှာ စနစ်ကျဓမ္မပညာ၏ အလွန်ပင် ပုံမှန်ကျသည့် ပုံစံဖြစ်သည်။

ထို့ကြောင့် သြဝါဒဆိုင်ရာဆွေးနွေးချက်များ၏ ပန်းတိုင်တို့ကို အနည်းဆုံး အဓိကလိုအင်နှစ်ရပ်က ပုံဖော်ထားသည်- သမ္မာတရားကို ဖော်ပြလိုခြင်း လိုအင်သာမက မှားယွင်းခြင်းကို တန်ပြန်လိုခြင်း လိုအင်တို့လည်း ဖြစ်ကြသည်။

ယခုတွင် ကျွန်ုပ်တို့၌ စနစ်ကျဓမ္မပညာမှ သြဝါဒတို့၏ အခြေခံ အဓိပ္ပာယ် ဖွင့်ဆိုချက်ရှိနေပြီ ဖြစ်ပြီး သြဝါဒဆိုင်ရာ ဆွေးနွေးချက်များ၏ ပန်းတိုင်များနှင့် တရားဝင်မှုတို့ကို တွေ့ခဲ့ပြီး ဖြစ်သောကြောင့် စနစ်ကျဓမ္မပညာအစီအစဉ်တစ်ခုလုံးထဲက သြဝါဒတို့၏ အခန်းကဏ္ဍ တည်းဟူသော ကျွန်ုပ်တို့ ရင်းနှီးကျွမ်းဝင်ထားရမည့် တတိယရှုထောင့် ဆီသို့ လှည့်ကြပါစို့။

## အခန်းကဏ္ဍ

ပြီးခဲ့သည့် သင်ခန်းစာများအရ အလယ်ခေတ်ကာလလောက်က ဓမ္မပညာအား အခြေခံအဆင့် လေးဆင့်ဖြင့် တည်ဆောက်ခဲ့သည်။ ယင်းတို့မှာ ဂရုတစိုက် အဓိပ္ပာယ်ဖွင့်ဆိုထားသော ပညာရပ်ဆိုင်ရာ ဝေါဟာရများ၏ ဖွဲ့စည်းမှု၊ အဆိုပြုချက်များကို ဖန်တီးခြင်း၊ ထို့နောက် သြဝါဒများကို ဖွဲ့စည်းခြင်းနှင့် အဆုံးတွင် ယုံကြည်ချက်များကို ခြုံငုံသည့်စနစ်များ ဖြစ်ကြသည်။

အဆိုပါ အလေးပေးချက်များအား ဓမ္မပညာတည်ဆောက်သည့် အဆင့်များအဖြစ် ပြောဆိုရာတွင် ၎င်းသည် တမင်လုပ်ယူသည့် လုပ်ချက်များလို ဖြစ်နေကြောင်း ကျွန်ုပ်တို့ အမြဲတစေ အမှတ်ရနေဖို့ လိုပါသည်။ စနစ်ကျဓမ္မဗေဒသမားတို့သည် အမှန်အားဖြင့် အချိန်တိုင်းတွင် ဤအဆင့်လေးဆင့်စလုံး၌ မိမိတို့ကိုယ်မိမိတို့ ပါဝင်မိလျက်သား ဖြစ်ကြသည်။ သို့သော် စနစ်ကျဓမ္မပညာတည်ဆောက်ရေး လုပ်ငန်းစဉ်အား အရှင်းလင်းဆုံးမှ အခက်ခဲအရှုပ်ထွေးဆုံးဆီသို့ ရွေ့သွားသည့်အနေနှင့် စဉ်းစားခြင်းသည် အထောက်အကူ ဖြစ်စေပါသည်။ အနိမ့်ဆုံးအဆင့်ဆိုရလျှင်

ပညာရပ်ဆိုင်ရာ ဓမ္မပညာဝေါဟာရတို့၌ စနစ်ကျဓမ္မပညာ၏ အခြေခံအကျဆုံး တည်ဆောက်ရေး အုတ်မြစ်များ ပါရှိနေသည်။ အသေအချာ အဓိပ္ပာယ်ဖွင့်ဆိုမထားသော အသုံးအနှုန်းများ မပါဘဲ စင်ကြယ်သော စနစ်ကျဓမ္မပညာတစ်ခုကို တည်ဆောက်ရန် အလွန်ပင် ခက်ခဲပါလိမ့်မည်။ လုပ်ငန်းစဉ်၏ ဒုတိယအဆင့်မှာ အဆိုပြုချက်များ ဖွဲ့စည်းခြင်း ဖြစ်သည်။ ပညာရပ်ဝေါဟာရများကို စနစ်ကျဓမ္မပညာ တည်ဆောက်ရေး၏ အခြေခံအကျဆုံး အုတ်မြစ်များအဖြစ် ကျွန်ုပ်တို့စဉ်းစားလျှင် ထိုမှတဆင့် အဆိုပြုချက်များအား ပညာရပ်ဝေါဟာရများအပေါ် အကျယ်ချဲ့ကာ ရှင်းပြသည့် အုတ်မြစ်တန်းများအဖြစ် ကျွန်ုပ်တို့ မှန်ကန်စွာ ရှုမြင်နိုင်ကြမည်ဖြစ်သည်။ သို့ဖြစ်ပါက နံရံတစ်ခုလုံး သို့မဟုတ် နံရံ၏ အစိတ်အပိုင်းများကို ဖွဲ့စည်းသည့် အဆိုပြုချက်တန်းများအဖြစ် သြဝါဒများကို ကျွန်ုပ်တို့ ဖော်ပြနိုင်ကြသည်။ ထို့ပြင် အဆုံးသတ်အားဖြင့် သြဝါဒဆိုင်ရာဖော်ပြချက်များထဲမှ အဆောက်အဦတစ်ခုလုံးကို ဓမ္မပညာရှင်တို့ တည်ဆောက်သည့် ပုံစံများအား စနစ်ကျဓမ္မပညာစနစ်က ကိုယ်စားပြုနေသည်။ ထို့ကြောင့် အဆောက်အဦတစ်ခုအတွက် နံရံများ မရှိမဖြစ်သကဲ့သို့ သြဝါဒများသည်လည်း စနစ်ကျဓမ္မပညာတည်ဆောက်ရာ၌ မရှိမဖြစ်သော အခန်းကဏ္ဍများ ဖြစ်နေကြသည်။

ယခုတွင် စနစ်ကျဓမ္မပညာမှ သြဝါဒများနှင့် ကျွန်ုပ်တို့ ယေဘုယျအားဖြင့် ရင်းနှီးကြပြီ ဖြစ်သောကြောင့် သြဝါဒများကို ဖွဲ့စည်းခြင်း ဟူသော ကျွန်ုပ်တို့၏ ဒုတိယမြောက် အဓိက ခေါင်းစဉ်ဆီသို့ ဆက်သွားကြပါစို့။ စနစ်ကျဓမ္မပညာသည်တို့သည် သူတို့၏ စီမံကိန်းအတွက် အသက်တမျှ အရေးကြီးသော သြဝါဒဆိုင်ရာ ဆွေးနွေးချက်များကို အဘယ်ကြောင့် ဖန်တီးကြပါသနည်း။

# ဖွဲ့စည်းတည်ဆောက်မှု

စနစ်ကျဓမ္မပညာကို ကျောင်းသားတို့ အစပြုလေ့လာသည့်အခါ သြဝါဒဆိုသည်မှာ ကျမ်းစာမှ အဆိုပြုချက် သမ္မာတရားတို့ကို တစစီဆက်စပ်ထားချက်ထက် မဆိုစလောက်သာလွန်မှုထဲက ပေါ်ထွက်လာသည့် အကျိုးရလာဒ်မျှသာဟု မကြာခဏ သူတို့ အထင်မှားလေ့ရှိကြသည်။ လူသစ်တယောက်အဖို့ စီမံကိန်းတစ်ခုလုံးသည် အလွန်ပင် ရိုးရှင်းသည့်ပုံ ရနေသည်။ သို့သော် ပုံစံကျစနစ်ကျဓမ္မပညာမှ သြဝါဒများအဖြစ် ဖွဲ့စည်းလာသော လုပ်ငန်းစဉ်များသည် အမှန်စင်စစ် အတော်ကလေး ခက်ခဲရှုပ်ထွေးသည်။ အမှန်စင်စစ် စေ့စေ့စပ်စပ် စိစစ်ရန် မဖြစ်နိုင်လောက်အောင် ယင်းတို့တွင် မတူခြားနားသည့် အချက်များစွာ ပါဝင်ပတ်သက်နေကြသည်။ သို့သော်လည်း စနစ်ကျဓမ္မပညာမှ သြဝါဒများအား သာမန်အားဖြင့် ဖွဲ့စည်းသည့် နည်းလမ်းများကို သဘောပေါက်စေမည့် ထိုးထွင်းအမြင်အချို့ကို ကျွန်ုပ်တို့ ရနိုင်ပါသေးသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

စနစ်ကျဓမ္မပညာမှ သြဝါဒများကို ဖွဲ့စည်းပေးသော လုပ်ငန်းစဉ်များကို နားလည်ရန် ခေါင်းစဉ်နှစ်ခုကို ကျွန်ုပ်တို့ ကြည့်ကြပါမည်- ပထမအားဖြင့် သူတို့၏ အမြင်များအတွက် သမ္မာကျမ်းထောက်ကူမှုကို စနစ်ကျဓမ္မပညာသည်တို့ တိုးချဲ့ရယူပုံများကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ထို့နောက် ဒုတိယအားဖြင့် သူတို့၏ သြဝါဒများကို ရှင်းပြရန်နှင့် ထောက်ကူရန်အတွက် ယုတ္တိဗေဒကို စနစ်ကျဓမ္မသမားတို့ မည်သို့ အသုံးပြုကြောင်း ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ သြဝါဒများအတွက် သမ္မာကျမ်း ထောက်ကူချက်ကို ရှေးဦးစွာ ကြည့်ကြပါစို့။

# သမ္မာကျမ်း ထောက်ကူချက်

သို့သော် စနစ်ကျဓမ္မပညာသည်တို့သည် ယင်းတို့၏ အမှုကိစ္စများအား ဒဿနိကရှုထောင့်နှင့် သမိုင်းရှုထောင့်တို့မှ နေ၍ မကြာခဏ တည်ဆောက်လေ့ရှိကြောင်း အမှတ်ရရန် အမြဲတစေ အရေးကြီးပါသည်။ မည်သူတွေက ဘာကို ယုံကြည်ခဲ့ပါသနည်း။ ဤအရာများကို သူတို့ မည်သည့်အချိန်က ယုံကြည်ခဲ့ပါသနည်း။ သူတို့ မှားယွင်းခဲ့ပါသလား၊ သို့တည်းမဟုတ် မှန်ကန်ခဲ့ပါသလား။ အဆိုပါ အလေးပေးချက်မျိုးတို့သည် မကြာခဏဆိုသလို အထူးသဖြင့် စနစ်ကျဓမ္မပညာရှင်တို့က သြဝါဒများ၏ သမိုင်းကြောင်းကို ကိုင်တွယ်သည့်အခါနှင့် သူတို့၏ အမြင်တို့ကို ဆန့်ကျင်သည့် အမှားများကို ဖော်ထုတ်ရန် ကြိုးစားသည့်အခါ အလွန်ပင် လေးနက်အရေးပါနိုင်ပါသည်။ သို့သော် ယေဘုယျအားဖြင့် စနစ်ကျဓမ္မပညာသမားတို့က သူတို့၏ သြဝါဒဆိုင်ရာ ဆွေးနွေးချက်များကို ထောက်ကူသည့် အရေးအကြီးဆုံးပုံစံမှာ ကျမ်းစာ၏ ထောက်ကူမှုကို ရှာဖွေရန်ပင် ဖြစ်သည်။

သြဝါဒဆိုင်ရာ ဆွေးနွေးချက်များအား သမ္မာကျမ်းက ထောက်ကူပုံကို နည်းလမ်းနှစ်ခုဖြင့် ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပထမအားဖြင့် စနစ်ကျဓမ္မဗေဒသမားတို့က သူတို့၏ အမြင်များအတွက် သမ္မာကျမ်း၏ အထောက်အကူကို ဆည်းပူးရှာဖွေသည့်အခါ စနစ်ကျဓမ္မပညာသည်တို့ လိုက်နာကြသည့် အခြေခံလုပ်ငန်းစဉ်ကို ကျွန်ုပ်တို့ ဖော်ပြကြပါမည်။ ထို့နောက် ဒုတိယအားဖြင့် စနစ်ကျဓမ္မပညာမှ ဤလုပ်ငန်းစဉ်၏ သာဓကတစ်ခုကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ပထမအားဖြင့် သူတို့၏ တင်ပြချက်အား ကျမ်းစာနှင့် တည်ဆောက်ရာ၌ စနစ်ကျဓမ္မသမားတို့ လိုက်နာကြသည့် အခြေခံလုပ်ငန်းစဉ်ကို စဉ်းစားကြပါစို့။

## လုပ်ငန်းစဉ်

ကျမ်းစာအား အချက်အလက်ပေါင်းရုံးအနှစ်ချုပ်ရာရောက်အောင် စနစ်ကျဓမ္မပညာသမားတို့ စတင်ကိုင်တွယ်ခဲ့ကြောင်းအစောပိုင်း သင်ခန်းစာများအတွင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်ပါသည်။ သမ္မာကျမ်းပိုဒ်များက သွန်သင်သည့် ဓမ္မအချက်အလက်တို့ကို သူတို့ ရှာဖွေကြသည်။ ထို့ပြင် ကျွန်ုပ်တို့တွေ့ပြီးဖြစ်သလို အဆိုပါ အချက်အလက်တို့ကို ဓမ္မပညာအဆိုပြုချက်များအဖြစ် စုစည်း ပေါင်းစပ်ခြင်းလည်း သူတို့ လုပ်ကြသည်။ သို့သော် သြဝါဒများဖွဲ့စည်းမှုဆီသို့ စနစ်ကျဓမ္မသမားတို့

ရွေ့လျားကြသည့်အခါ အဆိုပါ အခြေခံ လုပ်ငန်းစဉ်တို့ကိုကျော်လွန်ကာ ပေါင်းစပ်မှုနှင့် ရှင်းပြမှု အတိုင်းအဆ ကြီးမားသည့် တိုင်အောင် ရောက်သွားတတ်ကြသည်။

အတိုင်းအဆကြီးမားသည့် ပေါင်းစပ်မှုနှင့် ရှင်းလင်းချက်တို့အကြောင်း ကျွန်ုပ်တို့ ပြောဆိုသည့်အခါ သမ္မာကျမ်းသွန်သင်ချက်တို့၏ မတူကွဲပြားသော အမြင်တို့ကို ပေါင်းစည်းအနှစ်ချုပ်သည့် လုပ်ငန်းစဉ်အား စနစ်ကျဓမ္မသမားတို့ ဆက်လုပ်နေသည် ဆိုသည့်အချက်ကို ကျွန်ုပ်တို့ နှလုံးသွင်းထားရပါသည်။ ပိုကြီးသော၊ ခက်ခဲရှုပ်ထွေးသော ဓမ္မပညာပေါင်းစပ်မှုများကို ဖန်တီးရန် ဓမ္မပညာ အဆိုပြုချက်များကို သူတို့ဖန်တီးကြသည်။ ဓမ္မခေါင်းစဉ်တစ်ခု အပေါ် သူတို့ဆွေးနွေး၍ မပြီးမချင်း သမ္မာကျမ်းသွန်သင်ချက်များကို အထပ်ထပ် ဖွဲ့စည်းကြသည်။ အကျိုးရလာဒ်အနေဖြင့် သြဝါဒဆိုင်ရာ ဆွေးနွေးချက်တို့၌ တစ်စထက်တစ်စ ပိုမိုကြီးမားပြီး ခက်ခဲရှုပ်ထွေးလာသော ဓမ္မအယူအဆ ပေါင်းစပ်ချက်များနှင့် ရှင်းလင်းချက်များ ပါရှိလာရတော့သည်။

အဆိုပါ အခြေခံ လုပ်ငန်းစဉ်များကို နှလုံးသွင်းလျက် နမူနာသာဓကတစ်ခုကို ကြည့်ကြပါစို့။

## နမူနာသာဓက

ပုံပြရမည်ဆိုပါက သူ၏ စနစ်ကျဓမ္မပညာ အပိုင်း ၄၊ အခန်း ၁၀ ထဲမှာတွေ့ရသည့် "အပြည့်အဝ စုံလင်ခြင်း အယူအဆအပေါ် ကန့်ကွက်ချက်များ" နှင့်စပ်လျဉ်းသော ဘားကော့ဖ်၏ ဆွေးနွေးချက်ကို ကြည့်ကြပါစို့။ အပြည့်အဝ စုံလင်ခြင်း အယူအဆ ဆိုသည်မှာ ယခုဘဝ၌ ကျွန်ုပ်တို့ လုံးလုံး အပြစ်မလုပ်တော့ကြောင်း အချို့ ခရစ်ယာန်တို့၏ ယုံကြည်ချက်ကို ဆိုလိုသည်။ ဤကဏ္ဍထဲတွင် ဤမှားယွင်းသောအမြင်ကို ဆန့်ကျင်ရန် အနှုတ်သဘောဆောင်သော ပန်းတိုင်အတွက် ကျမ်းစာအထောက်အကူကို ဘားကော့ဖ် စုစည်းထားသည်။ ဘားကော့ဖ်၏ တင်ပြချက်၌ ပထမအားဖြင့် သူတင်ပြသည်မှာ-

> ကျမ်းစာအရ အပြည့်အဝ စုံလင်ခြင်းသွန်သင်ချက်အတွက် အထောက်အထား လုံးဝမရှိပါ။

ထို့နောက် သူ့အမြင်ကို စာပိုဒ်ရှည် သုံးခုဖြင့် သက်သေပြရန် သူကြိုးစားသည်။ တစ်ခုစီမှာ အခြေခံအဆိုပြုချက်တစ်ခုစီ ပါရှိသည်။ ပထမစာပိုဒ်က

> မြေကြီးပေါ်မှာ အပြစ်မလုပ်သောသူဟူ၍ တစ်ဦးမျှမရှိကြောင်း သမ္မာကျမ်းစာက အာမခံချက်ပေးထားကြောင်း ပြောသည်။

ဒုတိယစာပိုဒ်က

> ကျမ်းစာအရ ဘုရားသခင့် သားသမီးတို့ အသက်တာ၌ ဇာတိနှင့် ဝိညာဉ်အကြား ဆိုင်ပြိုင်တိုက်လှန်မှုသည် အစဉ်အမြဲရှိနေပြီး အကောင်းဆုံး

> တိုက်လှန်နေသူများပင်လျှင် စုံလင်ခြင်းသို့ ရောက်အောင် ကြိုးစားနေရဆဲ ဖြစ်သည် ဆိုသည့် အဆိုနှင့် အစပြုသည်။

ထို့နောက် သူ့ တတိယစာပိုဒ်က ယခုလို အစပြုသည်-

> အပြစ်ဖော်ပြဝန်ခံရန်နှင့် ခွင့်လွှတ်မှုအတွက် တောင်းပန်ရန် အတွက်လည်း ကျမ်းစာထဲမှာ ဆက်လက်ပြဋ္ဌာန်းထားသည်။

ဘားကော့ဖ်၏ တင်ပြချက်ကို နားလည်ရန်မခက်ပါ။ အပြည့်အဝစုံလင်ခြင်း အယူဝါဒသည် ကျမ်းစာနှင့် ဆန့်ကျင်ကြောင်း၊ အကြောင်းမှာ မြေကြီးပေါ်မှာ လူမှန်သမျှ အပြစ်လုပ်ကြောင်း၊ ယုံကြည်သူရှိသမျှသည်လည်း အပြစ်နှင့်ဆိုင်ပြိုင် တိုက်လှန်နေရကြောင်း၊ အယောက်စီတိုင်းသည် အပြစ်ကို ဝန်ခံပြီး ခွင့်လွှတ်မှုကို ရှာကြံရမည်ဖြစ်ကြောင်း သမ္မာကျမ်းစာက သွန်သင်၍ ဖြစ်သည်။

သို့သော် သူ့စာထဲ ဘားကော့ဖ်တင်ပြထားသည့် အစီအစဉ်အရ သူ၏ ရပ်တည်ချက်ကို နားလည်နိုင်သော်ငြား သူ့တင်ပြချက်အတွက် ကျမ်းထောက်များကို သူမည်သို့ ဆည်းပူးခဲ့ကြောင်းသိဖို့ ကျွန်ုပ်တို့ နောက်ကြောင်းပြန် လုပ်ဆောင်လိုပါသည်။

ကျမ်းချက် ၁၉ ချက်မျှ ဘားကော့ဖ် တိုက်ရိုက်ကိုးကားခြင်း သို့မဟုတ် ရည်ညွှန်းဖော်ပြခြင်းများ ပြုခဲ့သည်။ အဆိုပါ ကျမ်းချက်တို့အား အုပ်စုသုံးစုအဖြစ် ခွဲခြားရယူ ဆည်းပူးပြီးနောက် အဆိုပါကျမ်းစာသားတို့မှ ရယူထားသည့် အဆိုပြုချက်များကို ဘားကော့ဖ် ဖွဲ့စည်းခဲ့သည်။ ပထမစာပိုဒ်တွင် ပထမကျမ်းကိုး ၆ ခုကို စာရင်းဖော်ပြရုံပြုကာ ယခုလို ကောက်ချက်ဆွဲသည်-

> မြေကြီးပေါ်မှာ အပြစ်မပြုသူ မည်သူမျှမရှိကြောင်း ကျမ်းစာက ကျွန်ုပ်တို့ကို အာမခံထားသည်။

ဒုတိယစာပိုဒ်တွင် ရိုးရှင်းသော ဓမ္မအဆိုပြုချက်တစ်ခုဖြင့် ကျမ်းချက်တစ်ခုစီတိုင်းအား သီးခြားစီ အနှစ်ချုပ်ပေးထားသည်။ ရောမ ၇း၇-၂၆ ကို ကိုးကားပြီး ယခုလို ဘားကော့ဖ် ရေးသည်-

> ဤဆိုင်ပြိုင်တိုက်လှန်မှုအကြောင်း အလွန် စိတ်ဝင်စားဖွယ် ပေါလုဖော်ပြထားသည်။ ယင်းသည် သူ၏ ပြောင်းလဲပြီး အခြေအနေကို သေချာပေါက် ရည်ညွှန်းသည်။

ဂလာတိ ၅း၁၆-၂၄ ကို ကိုးကားပြီး ယခုလို သူရေးသည်-

> ဘုရားသခင့် သားသမီးတိုင်း၏ စရိုက်သွင်ပြင်ကို ကိုယ်စားပြုသည့် ဆိုင်ပြိုင်တိုက်လှန်မှုအကြောင်း (ပေါလု) ပြောဆိုထားသည်။

ဖိလိပ္ပိ ၃း၁၀-၁၄ ကို ကိုးကားပြီး ယခုလို သူပြောသည်-

> သူ့အမှုတော်လုပ်ငန်း အဆုံးသတ်သို့ ရောက်လာချိန်တွင် စုံလင်ခြင်းသို့ မရောက်သေးသောသူတစ်ဦးအဖြစ် လက်တွေ့ကျကျ (ပေါလုက) သူ့ကိုယ်သူ ဖော်ပြသည်။

ကျမ်းစာထဲက အဆိုပါ အဆိုပြုချက်တို့ကို ဖွဲ့စည်းပြီးနောက် ယင်းအဆိုပြုချက်သုံးခုကို ယူကာ ပိုကျယ်ပြန့်သည့် သမ္မာတရားအချက်အလက်တစ်ခုအဖြစ် သူပေါင်းစပ်ယူသည်။ ၎င်းအား ယခုလို သူဖော်ပြထားသည်-

> ကျမ်းစာအရ ဘုရားသခင့် သားသမီးတို့ အသက်တာ၌ ဇာတိနှင့် ဝိညာဉ်အကြား ဆိုင်ပြိုင်တိုက်လှန်မှုသည် အစဉ်အမြဲရှိနေပြီး အကောင်းဆုံး တိုက်လှန်နေသူများပင်လျှင် စုံလင်ခြင်းသို့ ရောက်အောင် ကြိုးစားနေရဆဲ ဖြစ်သည် ဆိုသည့် အဆိုနှင့် အစပြုသည်။

တတိယစာပိုဒ်အတွင်း ကျမ်းချက်တို့အား ရိုးရှင်းသော အဆိုပြုချက်များနှင့် ဘားကော့ဖ် ဆက်လက် အနှစ်ချုပ်သည်။ ပထမအားဖြင့် မဿဲ ၆း၁၂-၁၃ ကို ကိုးကားပြီး ဤသို့ရေးသည်-

> အပြစ်ခွင့်လွှတ်ခံရရန် ဆုတောင်းကြဖို့ သူ့တပည့်တော်ရှိသမျှတို့အား ယေရှု သွန်သင်သည်။

ထို့နောက် ၁ယော ၁း၈ကို သူကိုးကားရုံမျှပြုပြီး ယင်းကျမ်းပိုဒ်က အလားတူ အာဘော်ကို ထပ်မံဖော်ပြကြောင်း သွယ်ဝိုက်ပြောဆိုသည်။

ထိုနောက်တွင် အပြစ်ခွင့်လွှတ်ခံရရေးအတွက် ဖြောင့်မတ်သန့်ရှင်းသူတို့ဆုတောင်းခဲ့ကြပုံ သာဓကတို့ကို ထပ်မံဖော်ပြရာ ယောဘ၊ ဆာလံ၊ သုတ္တံ၊ ဟေရှာယ၊ ဒံယေလ၊ ရောမဩဝါဒစာတို့မှ ကျမ်းချက်တို့ကို သူကိုးကားပြီး အဆိုပါ ကျမ်းချက်များအပေါ် အခြေတည်၍ ဤအဆိုပြုချက်ကို သူဖွဲ့စည်းခဲ့သည်-

> သမ္မာကျမ်းလာ သန့်ရှင်းသူတို့သည် ကိုယ့်အပြစ်ကို ဖော်ပြတောင်းပန်ခြင်းအမှုအား အစဉ်မပြတ် ကိုယ်စားပြုနေသူများဖြစ်ကြသည်။

အဆိုပါ အဆိုပြုချက်တို့ကို ကျမ်းစာမှ ဖွဲ့စည်းပြီးနောက် သူ၏ ပိုမိုအခြေခံကျသော ဓမ္မအဆိုပြုချက်နှစ်ခုအား ပိုမြင့်သော အဆိုအဖြစ် ယခုလို ပေါင်းစပ်ယူသည်-

> အပြစ်ဝန်ခံချက်နှင့် အပြစ်ခွင့်လွှတ်ခံရရန် ဆုတောင်းချက်တို့ကို ကျမ်းစာက အစဉ်မပြတ် တောင်းဆိုထားသည်။

ထို့ကြောင့် သူ၏ အပြည့်အဝစုံလင်ခြင်း ဩဝါဒအကြောင်း ဆွေးနွေးချက်၌ အဓိကကျသော ကျမ်းစာအဆိုပြုချက်သုံးခုကို စာပိုဒ်တစ်ခုစီမှာ တစ်ခုစီထား၍ ပိုကြီးမားပြီး ပိုမိုခက်ခဲရှုပ်ထွေးသော ပေါင်းစပ်မှုနှင့် ရှင်းပြချက်အလွှာများအားဖြင့် ဘားကော့ဖ် အကျယ်ချဲ့ထားကြောင်း ကျွန်ုပ်တို့ တွေ့ရသည်။ ပထမစာပိုဒ်ထဲတွင် "အပြစ်မပြုသောသူဟူ၍ မြေကြီးပေါ်မှာ မည်သူမျှ မရှိကြောင်း သမ္မာကျမ်းစာက အာမခံချက်ပေးထားသည်"ဟု အခိုင်အမာ သူဖော်ပြထားသည်။ ဒုတိယစာပိုဒ်ထဲတွင် "ကျမ်းစာအရ ဘုရားသခင့်သားသမီးတို့၏ ဘဝတွင် ဇာတိနှင့် ဝိညာဉ်အကြား အစဉ်မပြတ် ဆိုင်ပြိုင်တိုက်လှန်မှုရှိကြောင်း နှင့် အကောင်းဆုံး တိုက်လှန်နေသူများပင်လျှင် စုံလင်ခြင်းသို့ ရောက်အောင် ကြိုးစားနေရဆဲ ဖြစ်သည်" ဟု သူအခိုင်အမာ ဖော်ပြထားသည်။ တတိယစာပိုဒ်ထဲတွင် "အပြစ်ဝန်ခံရန်နှင့် အပြစ်ခွင့်လွှတ်မှုအတွက် ဆုတောင်းရန်တို့အား သမ္မာကျမ်းစာက စဉ်ဆက်မပြတ် တောင်းဆိုထားသည်" ဟု သူ အခိုင်အမာဖော်ပြထားသည်။

ထို့နောက် ဤ အပြည့်အဝစုံလင်ခြင်းဩဝါဒ ဆွေးနွေးချက်ကို ပြီးပြည့်စုံစေရန်အတွက် အဆိုပါ အခိုင်အမာဖော်ပြချက် သုံးခုကို ပိုမြင့်မားသည့် ပေါင်းစပ်မှုရေချိန်ရောက်သည့်တိုင်အောင် ဘားကော့ဖ် ယူလာခဲ့သည်။ သူက

> ကျမ်းစာအရ အပြည့်အဝ စုံလင်ခြင်းသွန်သင်ချက်အတွက် အထောက်အထား လုံးဝမရှိပါ။

သို့သော် စနစ်ကျဓမ္မဗေဒသမားတို့၏ တင်ပြချက်တို့သည် ဤနမူနာက အကြံပြုနေသကဲ့သို့ အစဉ်အမြဲ ရှင်းလင်းပြတ်သားခြင်း၊ ရိုးရှင်းခြင်း ရှိမနေကြပါ။ သို့သော် ဤနေရာ၌ ကျွန်ုပ်တို့တွေ့ရသည်မှာ သူတို့၏ ဩဝါဒများအတွက် စနစ်ကျဓမ္မဗေဒသမားတို့ ကျမ်းစာအထောက်အကူ ရှာဖွေသည့်နည်းများ၏ ထူးခြားစရိုက်လက္ခဏာပင် ဖြစ်သည်။ ကျမ်းစာကို အချက်အလက်များအဖြစ်သို့ သူတို့ လျှော့ချလိုက်ကြသည်။ အဆိုပါ အချက်အလက်များကို ဓမ္မအဆိုပြုချက်များအဖြစ်သို့ သူတို့ စုစည်းလိုက်ကြသည်။ ထို့နောက် ထိုအဆိုပြုချက်တို့ကို ပိုမြင့်မားပြီး ခက်ခဲရှုပ်ထွေးသော ဓမ္မပညာ အဆိုပြုချက် အဆင့်များထိ ရောက်အောင် သူတို့ ပေါင်းစပ်လိုက်ကြသည်။

ဤအရာသည် သူတို့၏ ဩဝါဒများအတွက် သမ္မာကျမ်း အထောက်အကူကို စနစ်ကျဓမ္မဗေဒသမားတို့ စုစည်းသည့်အခါတိုင်း နောက်မှာ လိုက်ပါလာသည့် အခြေခံလုပ်ငန်းစဉ် ဖြစ်သည်။

ယခုတွင် သူတို့၏ ဩဝါဒများအတွက် သမ္မာကျမ်း အထောက်အကူကို စနစ်ကျဓမ္မသမားတို့ မည်သို့ရှာကြကြောင်း ကျွန်ုပ်တို့ တွေ့ပြီးဖြစ်၍ သူတို့အမြင်များအတွက် ယုတ္တိတန်သော အထောက်အကူကို သူတို့ ရှာသည့်နည်းများဆီ ကျွန်ုပ်တို့ လှည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

# ယုတ္တိတန်သော အထောက်အကူ

စနစ်ကျဓမ္မပညာတည်ဆောက်ခြင်း လုပ်ငန်းစဉ်အတွင်း အဆင့်တိုင်း၌ ယုတ္တိဗေဒကို စနစ်ကျဓမ္မသမားတို့ အသုံးပြုသော်လည်း ယုတ္တိဗေဒသည် ဩဝါဒများကို သူတို့ ဖွဲ့စည်းရာ၌ အထူးသဖြင့် အရေးပါသည်။

ဩဝါဒဆိုင်ရာ ဆွေးနွေးချက်များအတွက် ယုတ္တိတန်သော အထောက်အကူ၏ အခြေခံရှုထောင့် သုံးခုကို ဆွေးနွေးခြင်းသည် အထောက်အကူ ဖြစ်စေပါသည်။ ပထမဦးစွာ ယုတ္တိဗေဒ၏ အခွင့်အာဏာကို ကျွန်ုပ်တို့ လေ့လာကြပါမည်။ ယုတ္တိဗေဒအတွက် စနစ်ကျဓမ္မပညာက အသိအမှတ်ပြုသည့် အခွင့်အာဏာသည် မည်မျှလောက် ရှိပါသနည်း။ ဒုတိယအားဖြင့် ကျမ်းစာမှ ထုတ်ယူဆင်ခြင်ချက်များကို ဆွဲထုတ်ခြင်းဖြင့် ယုတ္တိတန်သော အထောက်အကူကို စနစ်ကျဓမ္မသမားတို့ မည်သို့ထူထောင်ကြောင်း၊ ကျမ်းစာမှ အမြင်တို့ကို သူတို့ယုတ္တိရှိရှိ မည်သို့ ထုတ်ယူဆင်ခြင်ကြကြောင်း ကျွန်ုပ်တို့ တွေ့ကြရမည် ဖြစ်သည်။ ထို့နောက် တတိယအားဖြင့် ခြုံယူဆင်ခြင်သည့် ယုတ္တိဗေဒက ဩဝါဒဆွေးနွေးချက်များကို ပေးသည်ဆိုသည့် မှန်ကန်သေချာမှု ရေချိန်များဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။ ဩဝါဒများကို ထူထောင်ပြဌာန်းရာတွင် အသက်တမျှအရေးပါသည့် ခြုံယူဆင်ခြင်သော လေ့လာဖော်ထုတ်ချက်များအပေါ် ကျွန်ုပ်တို့ မည်မျှ စိတ်ချယုံကြည်မှု ရှိကြပါသနည်း။ ရှေးဦးစွာ ယုတ္တိဗေဒ၏ အခွင့်အာဏာကို စဉ်းစားကြပါစို့။

## အခွင့်အာဏာ

ဤသင်ခန်းစာ စာစဉ်အတွင်း အစောပိုင်း သင်ခန်းစာများထဲ၌ ခရစ်ယာန် ယုံကြည်ခြင်းသည် ယုဒယဉ်ကျေးမှုအတွင်း အမြစ်တွယ်နေရာမှ မြေထဲပင်လယ် ဒေသတလျှောက် ပျံ့နှံ့ ရွေ့လျားသွားသည့်အလျောက် ခရစ်ယာန် ဓမ္မပညာရှင်တို့သည်လည်း ဟေလလ တွေးခေါ် ပုံစနစ်များဆီ ပိုမိုအာရုံစိုက်ခဲ့ကြရသည်။

အသင်းတော် ဖခင်များ ခေတ်ကာလအတွင်း ပလေတိုသစ်ဝါဒ နှင့် အပြန်အလှန် ထိတွေ့မှုများသည် ခရစ်ယာန် ဓမ္မပညာအတွက် ယုတ္တိတန်သော စိစစ်ချက်၌ စိတ်ဝင်စားမှုကို မြင့်တက်စေခဲ့သည်။ သို့သော် အစောပိုင်း အသင်းတော် ဖခင်တို့သည် ပုံမှန်အားဖြင့် ခရစ်ယာန် ယုံကြည်ခြင်း၏ မြင့်မားသော သမ္မာတရားအချက်အလက်တို့အား ယုတ္တိတန်သော စိစစ်မှု အကန့်အသတ်များထက် များစွာကျော်လွန်သော ထူးခြားနက်နဲသည့်ဉာဏ်အားဖြင့်သာ ဆုပ်ကိုင်မိနိုင်ကြောင်း ဝန်ခံချက်များဖြင့် သူတို့၏ အကြောင်းသင့် အကျိုးသင့် ဆင်ခြင်သုံးသပ်ချက်ကို ဘောင်ခတ်ထားလေ့ရှိခဲ့ကြသည်။

အလယ်ခေတ်ကာလအတွင်း ခရစ်ယာန် ကျောင်းတော် အတွေးအခေါ်သမားတို့သည် ဆင်ခြင်တွေးခေါ်မှု သို့မဟုတ် ယုတ္တိဗေဒကို အလွန်တရာမြင့်မားသော အခွင့်အာဏာအဖြစ် မှတ်ယူခဲ့ကြသည်။ ယုတ္တိဗေဒအပေါ် အရစ္စတိုတယ်လ်၏ အမြင်များအား ဓမ္မပညာ၌ ကျောင်းတော် ဓမ္မပညာသမားတို့ အသုံးချလာသည်နှင့်အမျှ ဓမ္မဆွေးနွေးချက်တို့သည်လည်း အဓိကအားဖြင့်

ကြောင်းကျိုးဆင်ခြင်သည့် အလုပ်များ ဖြစ်လာခဲ့တော့သည်။ ခရစ်ယာန် လျှို့ဝှက်နက်နဲမှုဝါဒီတို့၏ ဆန့်ကျင်မှုကို တုန့်ပြန်သောအားဖြင့် ကျောင်းတော်ဓမ္မဝါဒီတို့သည် ဖြစ်နိုင်သရွေ့ ယင်းတို့ တတ်စွမ်းနိုင်သည့် အတိုင်းအတာအတွင်း ခရစ်ယာန် ယုံကြည်ခြင်း၏ ရှုထောင့်အမြင်ရှိသမျှ၌ ကြောင်းကျိုးဆင်ခြင်မှုကို အသုံးချခဲ့ကြသည်။ ကြောင်းကျိုးသင့်မသင့် စိစစ်ချက်သည် ကျောင်းတော်ဝါဒ၌ အလွန်ပင် အလေးထားခံခဲ့ရကား အရေးအရာများစွာ၌ ယုတ္တိဗေဒအကူအညီ ရယူမှုကို သမ္မာကျမ်းစာအကူအညီ ရယူသည်ထက် ဦးစားပေးခဲ့ကြသည်။

ပရိုတက်စတင့် ဓမ္မပညာရှင်တို့သည် ဤအလယ်ခေတ် ကြောင်းကျိုးဆင်ခြင်ဝါဒ အလားအလာကို သူတို့၏ *ဆိုလာ စခရစ်ပ်ကျူရာ* သြဝါဒဖြင့် တန်ပြန်ခဲ့သည်။ ပရိုတက်စတင့်တို့က လူ့ကြောင်းကျိုးဆင်ခြင်မှုအထက်၌ ရှိနေသော အကြွင်းမဲ့သည့် သမ္မာကျမ်း အခွင့်အာဏာကို ဝန်ခံရန် အသင်းတော်ကို တိုက်တွန်းခဲ့သည်။ ဤကိစ္စအပေါ် ပရိုတက်စတင့်တို့အကြား ကွဲလွဲမှုများ အမြဲတစေ ရှိနေသော်ငြား အလွန်ပင် ယေဘုယျဆန်စွာ ဆိုရလျှင် ပရိုတက်စတင့်တို့သည် ယုတ္တိဗေဒနှင့် စပ်လျဉ်း၍ မှန်ကန်ချက်နှစ်ခုရှိကြောင်း ယုံကြည်ထားကြသည်။

တစ်ဖက်တွင် ယုတ္တိတန်စွာ ဆင်ခြင်နိုင်စွမ်းသည် တန်ဖိုးရှိသော စွမ်းရည်တစ်ခုဖြစ်ကြောင်း ပရိုတက်စတင့်တို့က သဘောပေါက်ထားကြသည်။ ၎င်းသည် ဘုရားသခင့်ထံတော်မှလာသော ကျေးဇူးဆု တစ်ခု ဖြစ်သည်။ ထို့ကြောင့် ၎င်းအား ဓမ္မပညာတည်ဆောက်ရာ၌ စိတ်အားထက်သန်စွာ အသုံးပြုသင့်သည်။ သို့သော် အခြားတစ်ဖက်တွင်မူ ယုတ္တိတန်စွာ ဆင်ခြင်နိုင်စွမ်းသည် ကျမ်းစာထဲက ဘုရားသခင့် ဖွင့်လှစ်ဖော်ပြချက်ကို ဝန်ခံမှုအောက်မှာ အသုံးပြုရမည့် အကန့်အသတ်ရှိသည့် စွမ်းရည်တစ်ခု ဖြစ်နေဆဲပင် ဖြစ်သည်။

ယုတ္တိဗေဒအပေါ် ဤနှစ်ထပ်ကွမ်း အမြင်၏ အရေးကြီးသာဓက တစ်ခုကို စင်ကြယ်သော စနစ်ကျဓမ္မပညာသမားတို့၏ ရှေ့နောက်ဆန့်ကျင်ခြားနားမှု မရှိခြင်း ဥပဒေသ အသုံးပြုပုံများမှာ တွေ့နိုင်သည်။ ရှေ့နောက် ဆန့်ကျင်ခြားနားမှု မရှိခြင်း စည်းမျဉ်းကို သူတို့အလွန်ပင် တန်ဖိုးထားကြသည်။ သို့သော် ၎င်း၏ အကန့်အသတ်ရှိပုံကိုလည်း သူတို့နားလည်ထားကြသည်။

ရှေ့နောက်ဆန့်ကျင်ခြားနားမှု မရှိခြင်း ဥပဒေသသည် အရစ္စတိုတယ်က ရပ်တည်ကာကွယ်ပေးခဲ့ပြီး ခရစ်ယာန် ဓမ္မပညာရှင် အမြောက်အများက တနည်းမဟုတ် တနည်း အခိုင်အမာပြောဆိုခဲ့ကြသည့် ယုတ္တိဗေဒ စည်းမျဉ်း ဥပဒေများထဲက ဦးဆုံးကျသည့် တစ်ခု ဖြစ်သည်။ ဤစည်းမျဉ်းအား နည်းအမျိုးမျိုးနှင့် ဖော်ပြနိုင်သည်။ သို့သော် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်ကို ထောက်၍ ယခုလို အနှစ်ချုပ်ပေးနိုင်ပါသည်- "တစ်ချိန်တည်းတွင် တစ်သဘောတည်းဖြင့် မှန်လည်းမှန်ပြီး မှားလည်းမှားသည့် အဖြစ်မျိုး မရှိနိုင်" ဟူ၍ ဖြစ်သည်။ သာဓကအားဖြင့် ကျွန်ုပ်တို့၏ နေ့စဉ်ဘဝတွင် တိရစ္ဆာန်တစ်ကောင်သည် တစ်ချိန်တည်းတွင် တူညီသောအဓိပ္ပာယ်ဖြင့် ခွေးတစ်ကောင်ဖြစ်ပြီး ခွေးတစ်ကောင် မဖြစ်တာမျိုး မရှိနိုင်ပါဟု ကျွန်ုပ်တို့ ပြောဆိုကောင်း ပြောဆိုနိုင်ပါသည်။ သို့မဟုတ် ဓမ္မပညာတွင် ယေရှုသည် တစ်ချိန်တည်းတွင် တူညီသောအဓိပ္ပာယ်ဖြင့် ကယ်တင်ရှင်ဖြစ်ပြီး ကယ်တင်ရှင်မဖြစ်တာမျိုး မရှိနိုင်ပါဟု ကျွန်ုပ်တို့ ပြောလိုက ပြောနိုင်ပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ယခုတွင် ယုတ္တိဗေဒအား ယေဘုယျအားဖြင့် ပရိုတက်စတင့်တို့က ရှုထောင့်နှစ်မျိုးမှ လေ့လာခဲ့ပြီးသည့်နည်းတူ ရှေ့နောက် ဆန့်ကျင်ခြားနားမှု မရှိခြင်း ဉပဒေသကိုလည်း ရှုထောင့်နှစ်မျိုးမှ သူတို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။ တစ်ဖက်တွင် ရှေ့နောက်ဆန့်ကျင်ခြားနားမှု မရှိခြင်း စည်းမျဉ်းအား စနစ်ကျဓမ္မဗေဒ၌ အလွန်ပင် တန်ဖိုးထားကြသည်။ ၎င်းသည် ကျွန်ုတို့အား ဘုရားသခင် ပေးကမ်းသော ဆုလက်ဆောင်ပင် ဖြစ်သည်။ ဓမ္မကြောင်းရာတို့အပေါ် အသေအချာ ဆင်ခြင်တွေးဆနိုင်စွမ်းကို ၎င်းက ပေးသည်။ ဓမ္မနှင့် အဓမ္မကို ခွဲခြားသိမြင်စေသည်။

သို့တစေ ထောင်စုနှစ် တစ်လျှောက် သစ္စာရှိသော ပရိုတက်စတင့် ဓမ္မပညာရှင်တို့ စွဲကိုင်ထားသည့် နောက်ထပ် အမြင်လည်း ရှိပါသေးသည်။ ကျွန်ုပ်တို့၏ ဆင်ခြင်တွေးဆနိုင်စွမ်းရှိသမျှနည်းအတူ ရှေ့နောက် ဆန့်ကျင်ခြားနားမှု မရှိခြင်း စည်းမျဉ်းသည်လည်း ကျမ်းစာကို လေ့လာဖော်ထုတ်ရာတွင် အကန့်အသတ်ရှိသည်။ ၎င်းအား သမ္မာကျမ်းကို နာခံမှုအောက်မှာသာ အသုံးချရပါမည်။

ရှေ့နောက် ဆန့်ကျင်ခြားနားမှု မရှိခြင်း စည်းမျဉ်းကို ကျမ်းစာလက်အောက်မှာ ဝန်ခံစေခြင်းသည် အရေးကြီးသည်။ အကြောင်းမှာ မကြာခဏဆိုသလို ကျမ်းစာကိုယ်တိုင်က အချင်းချင်း ဆန့်ကျင်ကွဲလွဲသည့်ပုံ ပေါက်နေ၍ ဖြစ်သည်။ ယုတ္တိသဘောအရ မကိုက်ညီသည့် အရာများရှိနေကြောင်း ကျမ်းစာသားများက ပြောဆိုနေပုံ ပေါက်သည်။ ဤလို ကိစ္စမျိုးကြုံလာသည့်အခါ စနစ်ကျဓမ္မပညာရှင်တို့ ဘာလုပ်တတ်ကြပါသနည်း။ သမ္မာကျမ်းသွန်သင်ချက်တို့ကို ယုတ္တိတန်စွာ ပေါင်းစပ်ဖို့ သူတို့ ရှာကြံနေချိန်မှာ ဆန့်ကျင်ကွဲလွဲပုံရနေသည်တို့အား သူတို့ မည်သို့ ကိုင်တွယ်ကြပါသနည်း။

ယေဘုယျအားဖြင့် စနစ်ကျဓမ္မသမားတို့သည် ကျွန်ုပ်တို့၏ ကျရှုံးတတ်သောသဘောနှင့် အကန့်အသတ်ရှိသောသဘော ဟူသည့် အချက်နှစ်ခုမှ တစ်ခုခုကို အလေးပေးခြင်းဖြင့် ထိုသို့ ဆန့်ကျင်ကွဲလွဲပုံရနေသည်တို့ကို ဖြေရှင်း လေ့ရှိကြသည်။ အခြားတစ်ဖက်တွင်မူ ကျမ်းစာက မကြာခဏ ဆန့်ကျင်ကွဲလွဲပုံပေါက်နေရခြင်းသည် ကျွန်ုပ်တို့၏ ကျရှုံးတတ်သည့် သဘောကြောင့် ဖြစ်ရသည်။ တနည်းဆိုရလျှင် ကျွန်ုပ်တို့၏ ဆင်ခြင်တွေးခေါ်မှုသည် အပြစ်ကြောင့် ပျက်ဆီးယိုယွင်းခဲ့ရသည် ဖြစ်သောကြောင့် ကျွန်ုပ်တို့ အမှားအယွင်း လုပ်မိကြရသည်။ ကျွန်ုပ်တို့၏ ကျရှုံးတတ်သောသဘောကြောင့် ကျမ်းစာကို ကျွန်ုပ်တို့ တစ်ခါတစ်ရံ တလွဲဖတ်မိကြပြီး အမှန်စင်စစ် ဆန့်ကျင်ကွဲလွဲမှု လုံးလုံးမရှိပါဘဲလျက် ဆန့်ကျင်ကွဲလွဲမှုအဖြစ် စိတ်ကူးမိကြသည်။

သို့သော် နေ့စဉ်သာမန်စကားပြောဆိုမှုတို့အရ လူတို့ရှေ့နောက်မညီသည့်အခါမျိုးတွင် မေးခွန်းအနည်းငယ်ထုတ်ပြီး အားနာနားထောင်ပေးမှုအနည်းငယ်မျှဖြင့် ပြဿနာပြီးနိုင်ပါသည်။ ကောင်းပါပြီ။ သမ္မာကျမ်းစာနှင့်ပတ်သက်လျှင်လည်း အလားတူဖြစ်ပါသည်။ မကြာခဏဆိုသလို ကျမ်းစာသည် ရှေ့နောက် မညီသယောင် ရှိသည်။ သို့သော် ထပ်မံလေ့လာဖော်ထုတ်ချက်များက ကိစ္စရပ်များကို ရှင်းလင်းပေးပါလိမ့်မည်။ သာဓကအားဖြင့် သုတ္တံ ၂၆း၄-၅ ကို ကြည့်ကြပါစို့။

> မိုက်သောသူ၏ သဘောသို့လိုက်၍ သူ၏ စကားကို မချေနှင့်။
> ထိုသို့ချေလျှင် သူနှင့်တူလိမ့်မည်။

> မိုက်သောသူ၏ သဘောသို့လိုက်၍ သူ၏ စကားကို ချေလော့
> သို့မဟုတ် သူသည် ဝါကြွားသောစိတ်ရှိလိမ့်မည်။ *(သုတ္တံ ၂၆း၄-၅)။*

ရာစုနှစ်များတစ်လျှောက် မယုံကြည်သူများစွာသည် အဆိုပါကျမ်းချက်တို့ အချင်းချင်း ဆန့်ကျင်ကွဲလွဲနေကြောင်း ငြင်းခုံခဲ့ကြသည်။ အခန်းငယ် ၄ က လူမိုက်စကားကို သူ့သဘောအတိုင်းလိုက်မချေရန် ပြောပြီး အခန်းငယ် ၅ က လူမိုက်စကားကို သူ့သဘောအတိုင်း လိုက်ချေရန် ကျွန်ုပ်တို့ကို ပြောဆိုသည်။ သို့သော် အမှန်တရားမှာ "လူမိုက်စကားအား သူ့သဘောကိုလိုက်၍ ချေပါ" ဟူသည့်အသုံးအနှုန်းအား အဆိုပါကျမ်းချက်နှစ်ချက်က တစ်သဘောတည်း မသုံးထားခြင်းဖြစ်သည်။ ထိုအစား ကျမ်းချက်တစ်ခုချင်းစီက မည်သည့်အချိန်မှာ တစ်ခုကိုလုပ်ပြီး မည်သည့်အချိန်မှာ အခြားတစ်ခု လုပ်ရမည်ကို ရိုးရိုးလေး ပြောပြနေခြင်းသာ ဖြစ်သည်။ အနည်းငယ် ဂရုစိုက်ဆင်ခြင်သုံးသပ်ကြည့်ရုံမျှနှင့် ယခုလိုမျိုး ကျမ်းချက်တို့ အချင်းချင်း ဆန့်ကျင်ကွဲလွဲနေပုံ ပေါက်သော်လည်း အမှန်တွင် မဆန့်ကျင်ကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည်။

သမ္မာကျမ်းသွန်သင်ချက်များအား သဟဇာတဖြစ်အောင် စနစ်ကျဓမ္မဗေဒသမားတို့ အပြင်းအထန် ကြိုးစားကြသည့် အကြောင်းကို ဤသာဓက က ပေါ်လွင်စေသည်။ ကျမ်းစာသည် မုသာမသုံးနိုင်သော ဘုရားသခင့်ထံတော်မှ လာသည်ဖြစ်၍ ယင်းတို့သည် ယုတ္တိသဘောအရ ရှေ့နောက် လိုက်လျောညီထွေကြောင်း မျှော်လင့်ချက်ဖြင့် ကျမ်းစာကို သူတို့ လေ့လာကြသည်။ ဤအရာအပြင် စနစ်ကျဓမ္မဗေဒသမားတို့သည် ရှေ့နောက် ဆန့်ကျင်ခြားနားမှု မရှိခြင်း စည်းမျဉ်းကို ကျမ်းစာ၌ ဂရုတစိုက်အသုံးပြုသည့်အခါ ဆန့်ကျင်ခြားနားပုံရနေသည်များ မကြာခဏ ပျောက်ကွယ်သွားတတ်ကြောင်း အတွေ့အကြုံအရ သိရှိကြသည်။

သို့သော် ကျွန်ုပ်တို့၏ အလွဲဖတ်ရှုမှုကြောင့် ကျမ်းစာသည် တစ်ခါတစ်ရံ အချင်းချင်း ဆန့်ကျင်ခြားနားသည့်ပုံရကြောင်း သတိရခြင်းသည် အရေးကြီးသလောက် ကျွန်ုပ်တို့၏ အကန့်အသတ်ရှိမှုကြောင့် အခါများစွာ ထိုသို့ဖြစ်ရသည်။ ယင်းတို့အား ကျွန်ုပ်တို့ အပြည့်အဝနားမလည်နိုင်၍သာ ယုတ္တိသဘောအရကြည့်လျှင် အချင်းချင်း မကိုက်မညီသည့်ပုံ ရနေသည်။

အတိုင်းအဆ အကန့်အသတ်မဲ့သော ဘုရားကို ကျွန်ုပ်တို့ အကုန်အစင် နားမလည်နိုင်ကြောင်း သတိရကြရပါမည်။ သို့ဖြစ်၍ အကန့်အသတ်ရှိသော ဖန်ဆင်းခံတို့ကို မိမိကိုယ်မိမိ ဖွင့်ပြသည့်အခါ ကိုယ်တော်၏ ဖွင့်ပြချက်တို့သည် တစ်ခါတစ်ရံ ကျွန်ုပ်တို့အမြင်မှာ ဆန့်ကျင်ခြားနားနေသည့်ပုံ ပေါက်သည်။ သို့သော် ဘုရားသခင် သို့မဟုတ် ကျမ်းစာက အချင်းချင်း ဆန့်ကျင်နေသောကြောင့် မဟုတ်ပေ။ ထိုအစား ကျွန်ုပ်တို့မှာ အကန့်အသတ်ရှိလွန်းနေရကား ယင်းတို့အချင်းချင်း မည်သို့ ကိုက်ညီနေကြောင်း ကျွန်ုပ်တို့ မစဉ်းစားနိုင်ကြခြင်းသာ ဖြစ်တော့သည်။ ထို့ကြောင့် သမ္မာကျမ်းကို ဂရုစိုက်လေ့လာပါသော်လည်း သမ္မာကျမ်းသွန်သင်ချက်မျိုးစုံတို့ကြား ယုတ္တိတန်သော ကိုက်ညီမှုကို ခွဲခြားမမြင်နိုင်သည့်အခါ စင်ကြယ်သော စနစ်ကျဓမ္မပညာတို့သည် ကျမ်းစာကို မဆန့်ကျင်ကြကြောင်း၊ ထိုအစား ကျမ်းစာ မမှားနိုင်ကြောင်း၊ ကွဲလွဲပုံရနေသည်တို့အတွက် အဖြေကို သူတို့နားမလည်ခြင်းသာဖြစ်ကြောင်း သူတို့ ခံယူကြသည်။

ဘုရားသခင်၏ အလုပ်မ်းကွာဝေးလွန်းခြင်း ဩဝါဒသွန်သင်ချက်နှင့် ဘုရားသခင်၏ နီးကပ်တော်မူခြင်း ဩဝါဒသွန်သင်ချက်တို့အပေါ် ဤအမြင်က မည်သို့ အလုပ်လုပ်ဆောင်သည်ကို ကြည့်ကြပါစို့။ ဘုရားသခင့် အလုပ်မ်းကွာဝေးလွန်းခြင်းဆိုသည်မှာ ဘုရားသခင်သည် အချိန်နှင့် နယ်ပယ်အပါအဝင် ဖန်ဆင်းခံ စကြဝဠာ၏အကန့်အသတ်ရှိသမျှ အထက်မှာ ရှိနေကြောင်း သမ္မာကျမ်းစာသွန်သင်ချက်ကို ရည်ညွှန်းသည်။ ဘုရားသခင့်နီးကပ်တော်မူခြင်း ဆိုသည်မှာ ဘုရားသခင်သည် အချိန်နှင့် နယ်ပယ်အပါအဝင် ဖန်ဆင်းခံ စကြဝဠာ၏ အသေးစိတ်အမှုအရာတို့၌ အနံ့အစပ် ပါဝင်ပတ်သက်မှု ရှိနေကြောင်း သမ္မာကျမ်းစာ သွန်သင်ချက်ကို ရည်ညွှန်းသည်။ သို့သော် သမ္မာကျမ်းစာက အဆိုပါ သမ္မာတရားနှစ်ချက်လုံးဖြင့် ဘုရားသခင့် အကြောင်းကို ဖော်ပြသည်ဆိုသည့် အချက်ကိုသာ မကောက်ယူနိုင်ခဲ့ပါက ကျွန်ုပ်တို့ အများစုသည် အဆိုပါသဘောနှစ်ခုတို့ အချင်းချင်း ဆန့်ကျင်ခြားနားနေသည်ဟု ယူဆလိုစိတ် ရှိခဲ့မည်ဖြစ်သည်။ အဆုံးတွင် အလုပ်မ်းကွာဝေးလွန်းခြင်းအား ပုံမှန်အားဖြင့် နီးကပ်တော်မူခြင်း၏ ဆန့်ကျင်ဖက်အဖြစ် ခံယူထားကြသည်။ အံ့သြဖွယ်မရှိသည်မှာ ဓမ္မပညာရှင် အမျိုးမျိုးတို့က ဤယုတ္တိသဘောအရ ဆန့်ကျင်ကွဲလွဲနေမှုကို မတူညီသည့်နည်းလမ်း အမျိုးမျိုးဖြင့် ဖြေရှင်းရန် ကြိုးပမ်းခဲ့ကြခြင်းပင် ဖြစ်သည်။

အချို့ ခရစ်ယာန် အစဉ်အလာတို့က အရာရာစီမံပြဌာန်းပြီးသားခံယူချက်ထဲ ကျရောက်သွားကြသည်။ ဘုရားသခင့် အလုပ်မ်းကွာဝေးလွန်းမှုကို အလေးပေးလွန်ခြင်းကြောင့် နီးကပ်တော်မူခြင်းဖက်မှာ ဆိုးဆိုးရွားရွား လျော့ပေါ့သွားရသည်။ သာဓကအားဖြင့် အချို့ခရစ်ယာန်တို့က ယခုလို "ဘုရားသခင်သည် အချိန်နှင့် နယ်ပယ်အထက်မှာ အလွန်ပင် ကွာလှမ်းစွာ ရှိနေသဖြင့် ဆုတောင်းသံများကို အမှန်တကယ် နားထောင်ပေးခြင်း မရှိပါ" ဟု ဆိုကြသည်။ တနည်းအားဖြင့် သမိုင်းဆိုင်ရာ အဖြစ်အပျက်တို့၌ ဘုရားသခင်၏ တုန့်ပြန်မှုများ မရှိခဲ့ကြောင်း၊ ထိုကိစ္စများအတွက် ဆုတောင်းချက်များအပါအဝင် မည်သည့်အရာများအတွက်မဆို အမှန်တကယ် ဘုရားသခင် မတုန့်ပြန်ခဲ့ကြောင်း အဆိုပါ ခရစ်ယာန်တို့က ယုံကြည်ကြသည်။

ဘုရားသခင်ရှိကြောင်း ယုံကြည်ချက်အပေါ် ပုံစံအမျိုးမျိုးနှင့် လွတ်လပ်စွာ ခံယူသည့် အချို့ခရစ်ယာန် အုပ်စုတို့ကမူ အလုပ်မ်းကွာဝေးခြင်းနှင့် နီးကပ်ခြင်းတို့ကြား ယုတ္တိသဘောအရ ဆန့်ကျင်ကွဲလွဲနေသည့် လွန်ဆွဲမှုကို ကြိုးပမ်းဖြေရှင်းရာ၌ ဘုရားသခင်သည် အမှန်စင်စစ် လုံးလုံး အလုပ်မ်းကွာဝေးမှု မရှိတော့ပါ ဆိုသည့် အဆင့်ရောက်သွားသည့်တိုင်အောင် နီးကပ်တော်မူခြင်းကို အလေးပေးလိုက်ကြသည်။ ယင်းခရစ်ယာန်တို့က ယခုလို "ဆုတောင်းခြင်းကို အဖြေပေးတဲ့အတွက် ကိုယ်တော်က ကျွန်တော်တို့လိုပဲ အချိန်နဲ့ နယ်ပယ်ထဲမှာ အကန့်အသတ်ခံနေရမှာပါ" ဟု ပြောဆိုသည်ကို လည်း သင်ကြားဖူးကောင်း ကြားဖူးပါလိမ့်မည်။

သို့သော် အဘယ်ကြောင့် အဆိုပါ အရပ်မျက်နှာများဖက်သို့ ခရစ်ယာန်များ ဘာကြောင့် ရောက်သွားကြသည်ကို နားလည်ရန် မခက်ပါ။ အကြွင်းမဲ့ အလုပ်မ်းကွာဝေးခြင်းနှင့် အကြွင်းမဲ့ နီးကပ်ခြင်းတို့သည် ဆန့်ကျင်ခြားနားနေပုံရသည်။ ဤလွန်ဆွဲမှုကို ဖြေရှင်းနည်းတစ်ခုမှာ တစ်ခုကို လုံးဝနီးပါး ငြင်းပြီး တစ်ခုကို အခိုင်အမာအတည်ပြုလိုက်သည့်နည်း ဖြစ်သည်။

သို့သော် ကျမ်းစာသည် ကျွန်ုပ်တို့၏ အမြင့်မားဆုံး အခွင့်အာဏာဖြစ်ကြောင်း ဤနေရာ၌ ကျွန်ုပ်တို့ အမှတ်ရရေးက ကောင်း အမှန်ပင် ဖြစ်သည်။ အခြားတစ်နည်းနည်း ကျွန်ုပ်တို့ စဉ်းစားကြည့်လိုသလောက် စဉ်းစားကြည့်ပါကလည်း ဘုရားသခင်သည် အလှမ်းကွာဝေးလွန်းလှသလို နီးလည်းနီးလွန်းလှကြောင်း ခိုင်မာသည့်အထောက်အထားသည် ကျမ်းစာထဲမှာ ရှိနေသည်။ ဆုတောင်းချက်နှင့် စပ်လျဉ်း၍ ဘုရားသခင်သည် အဆိုပါ အဖြစ်အပျက်တို့အထက်၌ အကြွင်းမဲ့တည်ရှိနေကြောင်း ခိုင်မာသည့် တင်ပြချက်တစ်ခုကို ကျမ်းစာထဲက ထုတ်ပြနိုင်သည်။ သို့သော် ဆုတောင်းချက်ကို ဘုရားသခင်နားထောင်ပြီး တုန့်ပြန်ကြောင်း ခိုင်မာသည့်တင်ပြချက်မျိုးကိုလည်း ကျမ်းစာထဲက ထုတ်ပြ၍ ရနိုင်ပြန်သည်။ ကျွန်ုပ်တို့၏ အကန့်အသတ်ရှိသော အတွေးများအတွက် ယင်းက ယုတ္တိတန်သော လွန်ဆွဲမှုတစ်ခုကို ဖြစ်စေသည့်တိုင် နှစ်ခုလုံးကို ကျွန်ုပ်တို့ လက်ခံရပါမည်။ ထို့ပြင် အဆိုပါ သဘောအယူအဆတို့အား စေ့စပ်ညှိနိုင်းရန် ကျွန်ုပ်တို့ မတတ်နိုင်လင့်ကစား ကျွန်ုပ်တို့၏ မတတ်စွမ်းနိုင်မှုသည် ကျွန်ုပ်တို့မှာ အကန့်အသတ်ရှိနေ၍ ဖြစ်ရကြောင်း အကြောင်းပြနိုင်ပါသည်။

ထို့ကြောင့် သူတို့၏ ဩဝါဒဆိုင်ရာ အမြင်ရှုထောင့်များတွက် ယုတ္တိတန်သော အထောက်အကူကို စနစ်ကျဓမ္မသမားတို့ မည်သို့ ရှာဖွေကြောင်း ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြရာ၌ ယုတ္တိဗေဒသည် စနစ်ကျဓမ္မအတွက် အရေးပါပြီး တန်ဖိုးရှိသော စွမ်းရည်တစ်ခု ဖြစ်ကြောင်း တစ်ဖက်တွင် အသိအမှတ်ပြုနိုင်ပါသည်။ သို့သော် အခြားတစ်ဖက်တွင်မူ ကျမ်းစာကို ဂရုစိုက်အနက်ဖွင့်ပါလျှက်နှင့် အချို့သောအချက်များမှာ ယုတ္တိတန်သောစိစစ်မှု၏ ဘောင်အပြင်မှာ ရှိနေကြောင်း ထင်ရှားနေပါလျှင် ကျွန်ုပ်တို့၏ ယုတ္တိဗေဒမှာ များစွာ အကန့်အသတ်ရှိနေကြောင်း ပြန်သတိရနေသင့်ပါသည်။ သမ္မာကျမ်းအခွင့်အာဏာသည် ယုတ္တိဗေဒ၏ အခွင့်အာဏာထက် အမြဲတစေ အရေးပါသော အဆုံးသတ် အရင်းအမြစ် ဖြစ်ရပါမည်။

စနစ်ကျဓမ္မ၌ ယုတ္တိဗေဒ၏ အခွင့်အာဏာ အကန့်အသတ်ရှိပုံကို ပြန်အမှတ်ရနေရန် အရေးကြီးသလောက် ယုတ္တိဗေဒသည် ကျမ်းချက်များထဲက သွယ်ဝိုက်ကောက်ချက်များစွာ ထုတ်ယူနိုင်ရန် စနစ်ကျဓမ္မဗေဒသမားတို့ကို တတ်နိုင်စေကြောင်း သိမြင်ရန်လည်း အရေးပါလှသည်။

## ထုတ်ယူဆင်ခြင်သော ကောက်ချက်များ

စနစ်ကျဓမ္မသမားတို့ ကျမ်းစာကိုင်တွယ်သည့်အခါ ကျမ်းစာက အထင်အရှား သွန်သင်ထားသည်တို့ကို ပြုစုရာမှာသာ စိတ်ဝင်စားသည် မဟုတ်ပါ။ ၎င်း၏ သွယ်ဝိုက်သွန်သင်ချက်များကို ဆွဲထုတ်ရာမှာလည်း စိတ်ဝင်စားကြသည်။

ကျမ်းစာသည် အရေးအရာများစွာကို တိုက်ရိုက်ကျကျနှင့် အထင်အရှားဖြေရှင်းထားသည်။ သို့သော် တစ်ချိန်တည်းမှာပင် သွန်သင်ချက်တိုင်း၏ မျက်နှာစာတိုင်းကို ပြတ်ပြတ်သားသား မဖြေရှင်းထားပေ။ အကျိုးဆက်ရလာဒ်အရ ကျမ်းစာကို စနစ်ကျဓမ္မသမားတို့ ကိုင်တွယ်သည့်အခါ ကျမ်းစာ၏ အထင်အရှားသွန်သင်မှုများအကြား ဟာကွက်ကလေးများကို ဖြည့်ဆည်းရန် လိုအပ်သည့် ပြဿနာကို အမြဲလို ရင်ဆိုင်ရတတ်သည်။ ကျမ်းစာ အထင်အရှားသွန်သင်ထားချက်တို့အောက်မှာ ငုပ်ဖုံးနေသည့် ယူဆချက်များအား ဆွဲယူကောက်ချက်ချရန် လိုအပ်သည့် ပြဿနာကိုလည်း သူတို့

တွေ့ကြရသည်။ စနစ်ကျဓမ္မပညာ၌ ယုတ္တိဗေဒ၏ အရေးအပါဆုံး တန်ဖိုးတစ်ခုမှာ သွယ်ဝိုက်သော ကျမ်းစာသွန်သင်ချက်များကို ထုတ်ယူဆင်ခြင်မှု ယုတ္တိဗေဒအားဖြင့် ကျွန်ုပ်တို့ ခွဲခြားသိမြင်နိုင်စေသည့် စွမ်းရည်ပင် ဖြစ်သည်။

"ထုတ်ယူဆင်ခြင် ယုတ္တိဗေဒ" ဆိုသည့် ဝေါဟာရသည် ယုတ္တိဗေဒရှုထောင့်မှ တွေးခေါ်ဆင်ခြင်နည်းတစ်ခုကို ရည်ညွှန်းပြီး ၎င်းအား ယခုလို ဖွင့်ဆိုနိုင်သည်-

> ထုတ်ယူဆင်ခြင်နည်းသည် မှန်ကန်သည်ဟု ကြိုတင်စွဲမှတ်ထားသည့် အဆိုပြုချက်များမှသည် ယုတ္တိတန်စွာလိုအပ်သော ကောက်ချက်များကို ချမှတ်သည့် နည်းဖြစ်သည်။

ထုတ်ယူဆင်ခြင်နည်းမှရသည့် ကောက်ချက်များအား "ယုတ္တိတန်စွာလိုအပ်သော" ဟု ကျွန်ုပ်တို့ ပြောရခြင်းမှာ ကြိုတင်စွဲမှတ်ထားသည့် အဆိုပြုချက်များ မှန်ကန်နေသရွေ့ ယင်းတို့သည်လည်း ချွင်းချက်မရှိ မှန်ကန်နေ၍ ဖြစ်သည်။ တင်ပြချက်တစ်ခု၏ မှန်ကန်ကြောင်း ကြိုတင်စွဲမှတ်ထားမှုများထဲ၌ ပါရှိနေသည့် မထင်မရှားသော သဘောအယူအဆများကို ယူရုံမျှယူပြီးနောက် ကောက်ချက်ထဲမှာ ယင်းတို့ကို ကျွန်ုပ်တို့ အထင်အရှား ဖြစ်အောင် ပြုလုပ်ကြသည်။ စနစ်ကျဓမ္မပညာကိစ္စတွင် ဤကြိုတင်စွဲမှတ်ချက် သို့မဟုတ် ထိုကြိုတင်စွဲမှတ်ချက်ကို ကျမ်းစာထဲမှာ သွန်သင်ထားကြောင်း စနစ်ကျဓမ္မသမားတို့၏ ဆုံးဖြတ်ချက်များ အတည်ဖြစ်ပြီးသည်နှင့် ကျမ်းစာထဲမှ ယုတ္တိတန်သော ကောက်ချက်များစွာကို သူတို့ ထုတ်ယူဆင်ခြင်နိုင်ကြပေသည်။

ရိုးရှင်းသော သာဓက တစ်ခုကို ကြည့်ကြပါစို့။ ကျမ်းစာထဲမှာ ဤ မှန်ကန်သည်ဟု ကြိုတင်စွဲမှတ်ထားသည့် "မည်သူမဆို ခရစ်တော်၌ ယုံကြည်လျှင် ထိုသူသည် ကယ်တင်ခြင်းသို့ ရောက်သည်" ဟူသော အဆိုပြုချက်ကို ကျွန်ုပ်တို့ တွေ့ရသည်။ ထို့နောက်၌ "ဗတ္တိဇံ ဆရာ ယောဟန်သည် ခရစ်တော်၌ ယုံကြည်ခဲ့သည်" ဟူသော ဤကြိုတင်စွဲမှတ်ထားချက်အား ကျမ်းစာထဲတွင် ကျွန်ုပ်တို့ တွေ့ရသည်။ အကယ်၍ အဆိုပါ ကြိုတင်စွဲမှတ်ထားချက် နှစ်ခုလုံးသည် မှန်ကန်ပါက "ဗတ္တိဇံ ဆရာ ယောဟန်သည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်" ဟု ကောက်ချက်ချခြင်းသည် ယုတ္တိတန်သော မလုပ်မဖြစ် လိုအပ်ချက် တစ်ခု ဖြစ်သည်။ ဤကောက်ချက်ကို ထုတ်ယူဆင်ခြင်ခြင်းသည် ကျမ်းစာသွန်သင်ချက်၌ အသစ်ထပ်ထည့်ခြင်း မဟုတ်ပေ။ သွယ်ဝိုက်ကောက်ချက်ချပြီးသားကို ရှင်းလင်းအောင် ဖော်ပြခြင်းမျှသာ ဖြစ်သည်။

ဒုတိယ သာဓကကို ကြည့်ပါ။ "ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်း ရှိလျှင် ကိုယ်တော်သည် သခင် ဖြစ်တော်မူပါသည်" ဟူသော ဤအဆိုပြုချက်ကို ကျမ်းစာသွန်သင်ကြောင်း စနစ်ကျဓမ္မဗေဒသမားတို့ ပြဋ္ဌာန်းထားသည် ဆိုကြပါစို့။ တနည်းဆိုရလျှင် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသည် ကိုယ်တော်သခင် ဖြစ်ကြောင်းလုံလောက်သည့် သက်သေဖြစ်သည်ဟု ကျမ်းစာက သွန်သင်ထားသည်။ ကျမ်းချက်အများအပြားကို စင်ကြယ်သည့် အနက်ဖွင့်နည်းအသုံးပြုဖွင့်ဆိုခြင်းအားဖြင့် ဤအဆိုပြုချက်ကို ထူထောင်ပြဋ္ဌာန်းနိုင်သည်။ ဒုတိယအားဖြင့် စနစ်ကျဓမ္မသမားတို့သည် ကျမ်းစာထဲ၌ "ခရစ်တော်သည် ရှင်ပြန်ထမြောက်သည်"

ဆိုသည်ကို တွေ့ကြသည် ဆိုပါစို့။ ဤအဆိုပြုချက်အား ကျမ်းပိုဒ်အရေအတွက် မည်မျှကိုမဆို ညွှန်းပြီး ထူထောင် ပြဌာန်းနိုင်ပေသည်။ သို့သော် ထူထောင်ပြဌာန်းပြီးဖြစ်သော အဆိုပါ အဆိုပြုချက်နှစ်ခုဖြင့် "ထို့ကြောင့် ခရစ်တော်သည် အရှင်သခင် ဖြစ်သည်" ဆိုသည့် ကောက်ချက်တစ်ခုဆီ စနစ်ကျဓမ္မသမားတို့ ဆက်လက်ရောက်ရှိနိုင်ကြသည်။ အဆို တစ်- ခရစ်တော်သည် ထမြောက်သည်ဆိုလျှင် သူသည် အရှင်သခင် ဖြစ်သည်။ အဆို နှစ်- ခရစ်တော်သည် ထမြောက်သည်။ ကောက်ချက်မှာ “ထို့ကြောင့် ခရစ်တော်သည် သခင်ဖြစ်သည်” ဟူ၍ ဖြစ်သည်။ ဤ တြိယုတ္တိ ဆင်ခြေအရ ကောက်ချက်ဆွဲခြင်းသည် ယုတ္တိသဘောအရ သေချာသည်။ ထုတ်ယူဆင်ခြင်သော ငြင်းခုံမှုများ၏ အဆိုပြုချက်တို့ သေချာနေသရွေ့ ကောက်ချက်သည်လည်း သေချာသည်။

သို့သော် အမှန်တကယ် ဓမ္မပိုင်း ဆွေးနွေးကြသည့်အခါ ထုတ်ယူဆင်ခြင်ထားသည့် ငြင်းခုံချက်တို့ကို ထင်ထင်ရှားရှား ထုတ်ပြခဲလှသည်။ ပြောဆိုသည့်အကြောင်းအရာတို့အောက်မှာ ယင်းတို့ ငုပ်ဖုံးနေတတ်ကြသည်။ အကြောင်းမှာ သူတို့၏ ငြင်းခုံချက်တို့ အလွန်ပင် ထင်ရှားပေါ်လွင်လွန်းရကား ရှင်းပြစရာမလိုအပ်ဟု မကြာခဏ စနစ်ကျဓမ္မသမားတို့ ယူဆတတ်ကြသောကြောင့် ဖြစ်သည်။ သာဓကဆိုရလျှင် ယောဟန် ၁၄း၆ ကို ညွှန်းပြီး မှန်ကန်သည်ဟု ကြိုတင်စွဲမှတ်ထားသည့် အဆိုပြုချက်တစ်ခုကို စနစ်ကျဓမ္မသမားတို့ ဖွဲ့စည်းကြခြင်းသည် အလွန်ပင် ဖြစ်ရိုးဖြစ်စဉ်ဆန်လှသည်။ ဤကျမ်းပိုဒ်မှာ ယခုလို ယေရှုပြောထားသည်-

> ငါ့ကို အမှီ မပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့မရောက်ရ (ယောဟန် ၁၄း၆)။

ဤကျမ်းချက်အခြေခံ၍ "ခရစ်တော်၌ ယုံကြည်ခြင်းသည် ကယ်တင်ခြင်းသို့ ရောက်ရာ တစ်ခုတည်းသော နည်းလမ်းဖြစ်သည်" ဟု သူတို့ ကောက်ချက်ဆွဲနိုင်သည်။

ကိစ္စရပ်အများစု၌ ဤကဲ့သို့ ငြင်းခုံမှုတစ်ခု၏ ပေါင်းရုံးဖော်ပြချက်မျိုးသည် လိုအပ်သည်ထက်ပင်ပိုကြောင်း စနစ်ကျဓမ္မသမားတစ်ဦးက ယူဆခြင်းသည် မှန်နိုင်ပါသည်။ သို့သော် ငြင်းခုံမှုတစ်ခုသည် အမှန်စင်စစ် ခက်ခဲရှုပ်ထွေးရုံမက အဆိုပါ ခက်ခဲရှုပ်ထွေးသည့် အချက်များအား ရှင်းပြရန် လိုအပ်ကြောင်း ကျွန်ုပ်တို့ သဘောပေါက်ဖို့ လိုအပ်သည်။

စစ်မှန်သော စနစ်ကျဓမ္မပညာတို့တွင် ဓမ္မပညာသည်တို့သည် သူတို့၏ ယုံကြည်ချက်များအတွက် အထောက်အကူအဖြစ်ဆုံး၊ အခိုင်ခံ့ဆုံး ထောက်ခံချက်ပေးသည်ဟု သူတို့ယုံကြည်ကြသည့် အဆိုပါ ကြိုတင်စွဲမှတ်ထားချက်များကိုသာ တင်ပြလေ့ရှိကြသည်။ တစ်ခါတစ်ရံတွင် ထုတ်ယူဆင်ခြင်မှုကို အတိုချုပ် ဖော်ပြသည်။ အကြောင်းမှာ ယူဆချက်တို့ များလွန်း၍ ဖြစ်သည်။ သို့သော် အခြားသော အချိန်အခါတို့၌မူကား ထုတ်ယူဆင်ခြင်မှုတို့ကို ပိုမိုအသေးစိတ်စွာ ဖော်ပြပေးကြရသည်။

လုပ်ဆောင်သမျှအမှုတို့၌ သမ္မာကျမ်းသွန်သင်ချက်တို့မှ ယုတ္တိတန်သော ကောက်ချက်များ ထုတ်ယူဆင်ခြင်ခြင်းသည် ဓမ္မသြဝါဒတို့ကို တည်ဆောက်ရာမှာ စနစ်ကျသမားတို့ လုပ်လေ့ရှိသည့် အဓိကနည်းတစ်ခု ဖြစ်သည်။ သမ္မာကျမ်းအချက်အလက်တို့ကို တစ်လွှာပြီးတစ်လွှာ

သူတို့ပေါင်းစပ်သည့်အခါ ထိုလုပ်ငန်းစဉ်၏ အဓိကအပိုင်းသည် ကျမ်းစာထဲသူတို့ တွေ့ရသည်တို့အထဲမှ ကောက်ချက်များကို ထုတ်ယူဆင်ခြင်ခြင်း ဖြစ်သည်။

ကျွန်ုပ်တို့တွေ့ပြီးကြသလို စနစ်ကျဓမ္မသမားတို့သည် ဩဝါဒတို့ကို ဖွဲ့စည်းချိန်တွင် ထုတ်ယူဆင်ခြင်ခြင်း ယုတ္တိကို အသုံးချကြသည်။ ထို့ပြင် သူတို့၏ ကြိုတင်စွဲမှတ်ချက်များ မှန်ကန်နေချိန်၌ သူတို့ထုတ်ယူဆင်ခြင်သည့် ကောက်ချက်များမှာလည်း အကြွင်းမဲ့ သေချာနေသည်သာ ဖြစ်သည်။ သို့သော် စနစ်ကျသမားတို့သည် ခြုံငုံဆင်ခြင်ခြင်း ယုတ္တိကိုလည်း အတိုင်းအတာ တစ်ခုထိ အသုံးချကြပါသေးသည်။ ဤအခြေအနေ၌ ကျွန်ုပ်တို့ ရင်ဆိုင်ရမည်မှာ "ခြုံငုံဆင်ခြင်ခြင်းယုတ္တိက မည်သည့် ယုတ္တိတန်သည့် သေချာမှုမျိုးကို စနစ်ကျဓမ္မပညာထံ ယူဆောင်လာပါသနည်း" ဆိုသည့် မေးခွန်းဖြစ်သည်။

## ခြုံငုံဆင်ခြင်ခြင်း သေချာမှု

ခြုံငုံဆင်ခြင်ခြင်း ယုတ္တိဗေဒကို နည်းအမျိုးမျိုးဖြင့် ဖွင့်ဆိုကြသော်လည်း ကျွန်ုပ်တို့အတွက် ယခုလို ဖွင့်ဆိုခြင်းက လုံလောက်ပါသည်-

> ခြုံငုံဆင်ခြင်ခြင်း ယုတ္တိဗေဒ ဆိုသည်မှာ သီးသန့် အချက်အလက်များမှသည် ဖြစ်ဖွယ်ရာသော နိဂုံးကောက်ချက်များအဖြစ် ဆင်ခြင်သည့် နည်းလမ်းတစ်ခု ဖြစ်သည်။

စနစ်ကျဓမ္မပညာနှင့် စပ်လျဉ်းပါက အဓိက စူးစိုက်မှုအောက်သို့ ရောက်လာရာ အခြေခံ အချက်အလက်များမှာ ကျမ်းစာက ဤအရာ သို့မဟုတ် ထိုအရာအကြောင်း ဘယ်လိုသွန်သင်သနည်း ဆိုသည့် ကျမ်းစာအချက်အလက်များပင် ဖြစ်ကြသည်။ ထို့ပြင် အဆိုပါ သီးသန့် သမ္မာကျမ်း အချက်အလက်များမှ တဆင့် ဖြစ်တန်ဖွယ်ရာသော နိဂုံး ကောက်ချက်များကို စနစ်ကျဓမ္မပညာသမားတို့ သွယ်ဝိုက်ထုတ်ယူကြသည်။

စနစ်ကျဓမ္မပညာ၌ ခြုံငုံဆင်ခြင်မှု မည်သို့ အလုပ်ဖြစ်ကြောင်း လေ့လာဖော်ထုတ်ရန် အရေးကိစ္စ သုံးခုကို ကျွန်ုပ်တို့ ဆွေးနွေးကြပါမည်။ ပထမအားဖြင့် ခြုံငုံဆင်ခြင်မှု အမျိုးအစား များ၊ ဒုတိယအားဖြင့် ခြုံငုံဆင်ခြင်မှု ကွာဟချက်၊ တတိယအားဖြင့် စနစ်ကျဓမ္မပညာအတွက် ခြုံငုံဆင်ခြင်သော သွယ်ဝိုက်ရိုက်ခတ်မှုများ ဖြစ်ကြသည်။ ခြုံငုံဆင်ခြင်မှု အမျိုးအစားများကို ဦးစွာ ကြည့်ကြပါစို့။

**အမျိုးအစားများ** ရှုထောင့်များစွာတွင် ခြုံငုံဆင်ခြင်မှုသည် ရှေ့မှာ ကျွန်ုပ်တို့ တွေ့ပြီးဖြစ်သည့် နည်းလမ်းနှစ်ခု အရ ဆက်လက်လုပ်ဆောင်သည်။ တစ်ဖက်တွင် ထပ်တလဲလဲ ခြုံငုံဆင်ခြင်ခြင်းအကြောင်းကို ကျွန်ုပ်တို့ ပြောဆိုနိုင်ပါသည်။ အလားတူ မှန်ကန်မှုများကို ထပ်ပြန်တလဲလဲဖော်ပြသည့် သီးသန့်အချက်အလက်များမှ ကျွန်ုပ်တို့ နိဂုံး ကောက်ချက်ထုတ်ယူချိန်များကို ပြောလိုရင်း ဖြစ်သည်။ ထို့ပြင် အခြားတစ်ဖက်တွင်လည်း ပေါင်းစပ်ဖွဲ့စည်းသော ခြုံငုံဆင်ခြင်ခြင်း အကြောင်းကို ကျွန်ုပ်တို့ ပြောဆိုနိုင်ပါသည်။

ပေါင်းစပ်မှန်ကန်ချက်များကို ဖွဲ့စည်းရန် အတူတကွစုစည်းလာသည့် သီးသန့်အချက်အလက်များမှ ကျွန်ုပ်တို့ နိဂုံး ကောက်ချက်ထုတ်ယူချိန်များကို ပြောလိုရင်း ဖြစ်သည်။

ကျမ်းစာပြင်ပမှ ထပ်တလဲလဲ ခြုံငုံဆင်ခြင်ခြင်း ဆိုင်ရာ ဥပမာကို စဉ်းစားကြည့်ပါ။ ဘဲငန်းတစ်ကောင်ကို ကျွန်ုပ်တွေ့ပြီး ၎င်းသည် အဖြူရောင်ဖြစ်သည်။ နောက်ထပ်တွေ့သည့် ဘဲငန်းမှာလည်း အဖြူရောင်ဖြစ်သည်။ နောက်ထပ် နောက်ထပ်တွေ့သမျှမှာလည်း အဖြူရောင်များသာ ဖြစ်ကြသည်။ အကြိမ်ကြိမ်ထိုသို့ တွေ့ကြုံပြီးသည့်နောက် "ဘဲငန်းအားလုံး အဖြူရောင်ဖြစ်သည်" ဆိုသည့် နိဂုံး ကောက်ချက်ချခြင်းအပေါ် သာမန်အားဖြင့် ကျွန်ုပ် ကျေနပ်မိမှာ ဖြစ်သည်။

သို့သော် ပေါင်းစပ်စီကုံး ခြုံငုံဆင်ခြင်ခြင်း ဆိုသည့် သီးသန့် အချက်အလက်များမှ ပေါင်းစပ်နိဂုံး ကောက်ချက်ရယူရန် ကျွန်ုပ်တို့ ဆင်ခြင်ချိန်များအတွက် ဥပမာကို စဉ်းစားကြည့်ပါ။ နေ့စဉ် လူနေမှုဘဝ၌ အချိန်တိုင်းမှာ ဤအရာကို ကျွန်ုပ်တို့ လုပ်ဆောင်နေကျ ဖြစ်ပါသည်။ ကျွန်ုပ်အိမ်ကို လမ်းလျှောက်သွားပြီး တံခါးဟနေကြောင်း သတိထားမိသည် ဆိုပါစို့။ အတွင်းထဲ ကျွန်ုပ်ကြည့်လိုက်လျှင် ပရိဘောဂများ နေရာရွှေ့နေသည်ကို တွေ့ရသည်။ အိမ်ထဲကို ထပ်ကြည့်လိုက်ရာ ကျွန်ုပ်၏ တီဗွီကို နောက်ပေါက်ကနေသယ်နေသော သူစိမ်းတစ်ဦးကို တွေ့ရသည်။ ကျွန်ုပ် မည်သည့် နိဂုံး ကောက်ချက်ချရပါမည်နည်း။ အဖြစ်နိုင်ဆုံးမှာ အချက်အလက်ရှိသမျှကို စုစည်းပေါင်းစပ်ပြီးနောက် "ကျွန်ုပ်ဓားပြတိုက်ခံနေရကြောင်း" လုံးဝသေချာရန်သာ ဖြစ်တော့သည်။ ဤအရာသည် ပေါင်းစပ်စီကုံးထားသော ခြုံငုံဆင်ခြင်နည်းပုံစံဖြစ်ပြီး အချက်အလက်မျိုးစုံရှိသမျှကို အတူတကွစုပေါင်းကာ ပေါင်းစပ်နိဂုံးကောက်ချက်တစ်ခု ဖြစ်ပေါ်စေခြင်း ဖြစ်သည်။

စနစ်ကျဓမ္မပညာသည်တို့ ကျမ်းစာကို ကိုင်တွယ်ရာတွင် ခြုံငုံဆင်ခြင်နည်း နှစ်မျိုးလုံးကို လုပ်ဆောင်ကြသည်။ တစ်ဖက်တွင် ကျမ်းစာထဲ တစ်စုံတစ်ရာသည် အမြဲတမ်းမှန်ကန်သည်ဟု သူတို့ နိဂုံး ကောက်ချက်ချလာနိုင်သည်အထိ အလားတူ အာဘော်များကို အဖန်ဖန်ထပ်တွေ့သည့် နေရာမျိုး၌ ထပ်တလဲလဲ ခြုံငုံ ဆင်ခြင်နည်းဖြင့် သူတို့ကိုင်တွယ်သည်။ အခြားတစ်ဖက်တွင်မူ ကျမ်းစာထဲ ပေါင်းစပ်ကောက်ချက်များကို ဖွဲ့စည်းပေးသော ဤအချက်၊ ထိုအချက်တို့ကိုတွေ့သည့်နေရာမျိုးမှာ ပေါင်းစပ်စီကုံး ခြုံငုံဆင်ခြင်နည်းဖြင့် သူတို့ဖွဲ့စည်းကြသည်။ ခြုံငုံဆင်ခြင်နည်းပုံစံ နှစ်ခုလုံးသည် စနစ်ကျဓမ္မပညာလုပ်ငန်းစဉ်အတွက် မရှိမဖြစ် အရေးပါကြသည်။

အဆိုပါ ခြုံငုံဆင်ခြင်နည်း လုပ်ငန်းစဉ် နှစ်ခုကို နှလုံးသွင်းလျက် ခြုံငုံဆင်ခြင်ယုတ္တိဗေဒ၏ ဒုတိယမြောက် အရေးကြီး ရှုထောင့်ဖြစ်သည့် ခြုံငုံဆင်ခြင်မှု ကွာဟချက် ဆီ လှည့်ကြပါစို့။

**ခြုံငုံဆင်ခြင်မှု ကွာဟချက်** ခြုံငုံဆင်ခြင်သော ငြင်းခုံမှုများတွင် နိဂုံးကောက်ချက်တို့သည် မူလကြိုတင်စွဲမှတ်ထားသည့် အဆိုပြုချက်များထဲ မပါသည့် အချက်အလက်တို့ကို မကြာခဏ ထပ်ပေါင်းထည့်ပေးလေ့ရှိကြောင်း သဘောပေါက်ရန် အရေးကြီးပါသည်။ ယင်းတို့သည် အဆိုပြုချက်တို့ဘောင်ထက် အမြဲတစေ ကျော်လွန်နေတတ်သည်။ အကျိုးရလာဒ်အားဖြင့် ကျွန်ုပ်တို့၏ အကဲဖြတ်ရရှိချက်နှင့် ကျွန်ုပ်တို့၏ နိဂုံးကောက်ချက်တို့အကြား အနည်းငယ် ကွာဟနေတတ်သည်။ ယုတ္တိဗေဒသမားတို့သည် "ခြုံငုံဆင်ခြင်မှု ကွာဟချက်" ဆိုသည့် စကားစုအား ခြုံငုံဆင်ခြင်

ငြင်းခုံမှုတစ်ခုအတွင်း ကျွန်ုပ်တို့ သိသောအရာနှင့် ကျွန်ုပ်တို့ နိဂုံးကောက်ချက်ဆွဲသည့်အရာတို့ကြား ကွာဟနေမှုကို ရည်ညွှန်းသည့်အနေဖြင့် မကြာခဏ သုံးစွဲကြသည်။

ကျွန်ုပ်တို့ ယခုပင်ဖော်ပြခဲ့ပြီးသည့် သာဓကများကို စဉ်းစားကြည့်ပါ။ ပထမအားဖြင့် ထပ်တလဲလဲ ခြုံငုံဆင်ခြင်နည်း သာဓက ဖြစ်သည်။ ဘဲငန်းတစ်ကောင်ကို ကျွန်ုပ်တို့ အကဲဖြတ်ကြည့်ပြီး "ဤဘဲငန်းသည် အဖြူရောင်ဖြစ်သည်" ဟု ပြောဆိုသည်။ ထို့နောက် နောက်တစ်ကောင်ကိုမြင်လျှင် "၎င်းသည် အဖြူရောင်" ဖြစ်သည်ဟု ကျွန်ုပ်တို့ ပြောဆိုသည်။ အကြိမ်ပေါင်းတသန်းခန့် ကျွန်ုပ်တို့ ဤအတိုင်း လုပ်ကြသည်။ ဘဲငန်းရှိသမျှသည် အဖြူရောင်ရှိသည်ဟု နိဂုံးကောက်ချက်ဆွဲခြင်း၌ ကျွန်ုပ်တို့စိတ်ချကြသည်။ သို့သော် ဘဲငန်းပေါင်း တသန်းသည် အဖြူရောင်ရှိသည်ဟု သိရှိခြင်းနှင့် ဘဲငန်းရှိသမျှသည် အဖြူရောင်ရှိသည်ဟု အဆိုပြုခြင်းတို့အကြားမှာ ကြီးမားသည့် ကွာဟမှု တစ်ခု ရှိနေသည်။ ဘဲငန်းရှိသမျှ အဖြူချည်းသာ ဖြစ်သည်ဆိုသည့် နိဂုံးကောက်ချက်သည် အလွန်ပင် ဖြစ်ဖွယ်ရှိသော်လည်း အကြွင်းမဲ့ သေချာမှု မရှိပါ။ ကျွန်ုပ်တို့၏ အကဲဖြတ်ချက်များနှင့် ကျွန်ုပ်တို့၏ နိဂုံးကောက်ချက်တို့အကြား ခြုံငုံဆင်ခြင်မှု ကွာဟချက် ရှိနေသည်။

ထို့ကြောင့် ကျွန်ုပ်တို့ အကဲဖြတ်ခဲ့သည်ထက်ကျော်လွန်နေကြောင်းကျွန်ုပ်တို့ သိထားလျက်ပင် ဘဲငန်းရှိသမျှ အဖြူရောင်ရှိကြသည်ဟူသည့် နိဂုံးကောက်ချက်ဆွဲရန် အဘယ်အရာက ကျွန်ုပ်တို့ကို ခွင့်ပြုပါသနည်း။ လိုရင်းဆိုရလျှင် ကျွန်ုပ်တို့သိသော အခြားအရာများပေါ်မှာလည်း ကျွန်ုပ်တို့ မှီခိုထားရသည်။ အခြားသော အတွေ့အကြုံများစွာထဲကသာမက ပုံမှန်တွေးခေါ်မှုဟု ကျွန်ုပ်တို့ ခေါ်ဆိုသည့် သဘာဝကျသောကျွန်ုပ်တို့၏ ယေဘုယျ လောကီအမြင်အရလည်း ကျွန်ုပ်တို့ ဆွဲယူကြရသည်။ "ဘဲငန်းပေါင်း တသန်းခန့်ကို ကြည့်၍ ကျွန်ုပ်ပြောလိုသည့်အချက်ကို သက်သေပြရန် လုံလောက်သည်" ဟု ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့ ပြောဆိုကြသည်။

ပေါင်းစပ်စီကုံး ခြုံငုံဆင်ခြင်နည်းမှာလည်း ထိုအတိုင်း အလားတူ မှန်ကန်နေသည်။ ကျွန်ုပ်အိမ် ဓားပြတိုက်ခံနေရကြောင်း ကျွန်ုပ် မည်သို့နိဂုံးကောက်ချက်ချခဲ့သည်ကို သတိရပါ။ ပွင့်နေသော တံခါး၊ ရွေ့နေသော ပရိဘောဂများ၊ တီဗွီကို အဝေးသို့သယ်နေသောလူတစ်ဦးကို ကျွန်ုပ် မြင်သည်။ အဆိုပါ အကဲဖြတ်ချက်များက ကျွန်ုပ် ဓားပြတိုက်ခံနေရသည် ဆိုသည့် ကြောင်းကျိုးဆီလျော်သော သို့တည်းမဟုတ် ဖြစ်တန်ရာသောနိဂုံးကောက်ချက်ဆီ ကျွန်ုပ်ကို ပို့ပေးကြသည်။ သို့သော် ဤနိဂုံးကောက်ချက်သည် အကြွင်းမဲ့ သေချာခြင်း မရှိသေးပါ။ ဖြစ်တန်ရာရှိရုံမျှ ဖြစ်သည်။ အဆုံးသတ်ဆိုပါက အဆိုပါလူသည် တီဗွီစက်ပြင်သမားတစ်ဦးလည်း ဖြစ်နိုင်ခဲ့ပေမည်။ သူအိမ်မှားဝင်မိခဲ့ခြင်းလည်း ဖြစ်နိုင်ခဲ့ပေလိမ့်မည်။ ကျွန်ုပ်၏ နိဂုံးကောက်ချက် မှားယွင်းကြောင်း ပြနိုင်ဖွယ်ရှိသည့် အခြားသော အကြောင်းအရာ မည်မျှမဆို ရှိနိုင်ပါသည်။ ထပ်ပြောရပါလျှင် ခြုံငုံဆင်ခြင်မှု ကွာဟချက်ကို ကျွန်ုပ်တို့ ကြုံရပါသည်။

ကျွန်ုပ် ဓားပြတိုက်ခံနေရကြောင်း ဘာကြောင့်နိဂုံး ကောက်ချက်ချ၍ ရနိုင်ပါသနည်း။ ခြုံငုံဆင်ခြင်မှု ကွာဟချက်ကို ဘာကြောင့် ပေါင်းကူးနိုင်ခဲ့ပါသနည်း။ အတိတ်အတွေ့အကြုံနှင့် ယေဘုယျ ယဉ်ကျေးမှုဆိုင်ရာ သြဇာလွှမ်းမှုတို့အရ ကျွန်ုပ်ကို ဓားပြတိုက်ခြင်းမဟုတ်လျှင် အခြားမည်သူကမျှ ကျွန်ုပ်အိမ်မှာ ယခုလိုအရာတွေ လုပ်နေမည်မဟုတ်ဟု ကျွန်ုပ် ယူဆခဲ့ခြင်းသာ ဖြစ်သည်။

ခြုံငုံဆင်ခြင်မှု ကွာဟချက်ကို သတိရခြင်းသည် အရေးကြီးသည်။ အကြောင်းမှာ စနစ်ကျဓမ္မသမား မည်သူမဆို သူတို့၏ ဩဝါဒတို့ကို တည်ဆောက်သည့်အခါ ခြုံငုံဆင်ခြင်မှု ကွာဟချက်၏ အကန့်အသတ်ရှိပုံကို ရင်ဆိုင်ရန်ရှိ၍ ဖြစ်သည်။ ကျမ်းစာနှင့် ကျမ်းစာမှရယူသည့် ဓမ္မအဆိုပြုချက်များမှ သူတို့ကောက်နုတ်ရယူသည့်အခါ စနစ်ကျသမားတို့သည် ခြုံငုံ ဆင်ခြင်သည့် ယုတ္တိဗေဒ၌ ထဲထဲဝင်ဝင် ပတ်သက်ကြရသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီးဖြစ်သလို သူတို့၏ နိဂုံးကောက်ချက်များသည်လည်း အကြွင်းမဲ့ သေချာမှု မရှိကြပါ။ ယင်းတို့သည် အလွန်ပင် ဖြစ်တန်ရာသော သို့မဟုတ် အခြေချပြီးသောဆုံးဖြတ်ချက်များပင်လျှင် ဖြစ်နိုင်ပါသည်။ သို့သော် ခြုံငုံဆင်ခြင်မှုအပေါ် အခြေခံထားသဖြင့် အသေးစိတ် အချက်တိုင်း အကြွင်းမဲ့ သေချာမှု မရှိပါ။ စနစ်ကျဓမ္မသမားတို့သည် ခြုံငုံဆင်ခြင်မှု ကွာဟချက်ကို အတိုင်းအတာတစ်ခုအထိ အမြဲတစေ ကြုံကြရသည်။

အကြောင်းမလှစွာပင် သူတို့၏ ဩဝါဒဆိုင်ရာ နိဂုံးကောက်ချက်တို့မှာ ခြုံငုံဆင်ခြင်မှုအပေါ် အခြေခံထားကြောင်း၊ ထို့ကြောင့် သူတို့မှာ ခြုံငုံဆင်ခြင်မှု ကွာဟချက်ရင်ဆိုင်နေရကြောင်း စနစ်ကျဓမ္မသမားတို့ တခါတရံ မေ့နေတတ်ကြသည်။ ထို့ကြောင့် သူတို့သက်သေထူနိုင်သည်ထက် များစွာကျော်လွန်သော အဆိုပြုချက်များကို မကြာခဏ လုပ်မိတတ်ကြသည်။ ဘားကော့ဖ်၏ *စနစ်ကျဓမ္မပညာ* အပိုင်း ၄၊ အခန်း ၁၀ ထဲက "အပြည့်အဝစုံလင်ခြင်းသီဝရီအပေါ် ကန့်ကွက်ချက်များ" သာဓကကို ပြန်စဉ်းစားကြည့်ပါ။ သူ့ဆွေးနွေးချက် တစ်နေရာတွင် သမ္မာကျမ်းစာထဲက သန့်ရှင်းသူ များစွာကို ဘားကော့ဖ် ကိုးကားထားသည်။ ယောဘ ၉း၃နှင့် ၉း၂၀ ထဲမှ ယောဘ၊ ဆာလံ ၃၂း၅၊ ၁၃၀း၃၊ ၁၄၃း၂တို့အထဲမှ ဆာလံဆရာ၊ သုတ္တံ ၂၀း၉ထဲက ပညာရှိ၊ ဟေရှာယ ၆၄း၆ ထဲက ဟေရှာယ၊ ဒံယေလ ၉း၁၆ထဲက ဒံယေလနှင့် ရောမ ၇း၁၄ ထဲက ပေါလုတို့ ဖြစ်ကြသည်။ အဆိုပါ သာဓကများအပေါ် အခြေခံပြီး နိဂုံးကောက်ချက်ကို ယခုလို ဘားကော့ဖ် ဆွဲသည်-

> ကျမ်းစာထဲက သန့်ရှင်းသူတို့သည် မိမိအပြစ် ဝန်ချတောင်းပန်သူများကို အစဉ်မပြတ် ကိုယ်စားပြုနေသည်။

သို့သော် ဤနိဂုံးကောက်ချက် မှန်ကြောင်း ကျွန်ုပ်တို့ ယုံကြည်သလောက်၊ ၎င်းသည် အလွန်ဖြစ်တန်ရာရှိကြောင်း အခြားသော စဉ်းစားမှုတို့က ပြနေသည်ဟု ကျွန်ုပ်ယူဆသလောက်၊ ဘားကော့ဖ်၏ နိဂုံးကောက်ချက်သည် ခြုံငုံဆင်ခြင်မှု ကွာဟချက်ပြဿနာကို ရင်ဆိုင်နေရသည်။ သန့်ရှင်းသူတို့သည် အပြစ်ဝန်ခံတောင်းပန်သူများကို အစဉ်မပြတ် ကိုယ်စားပြုနေကြသည်ဟု သူ နိဂုံးကောက်ချက်ဆွဲသည့်အခါ သူထုတ်ပြသည့် သက်သေအထောက်အထားကို ဘားကော့ဖ် ချဲ့ကားမိခဲ့သည်။ ဤသို့ ဖြစ်ပျက်ကြောင်း ကိုးကြိမ်ခန့်မျှလောက်သာ သူပြသခဲ့သည်။ သန့်ရှင်းသူတို့သည် အပြစ်ဝန်ချတောင်းပန်သူများကို အစဉ်မပြတ်ကိုယ်စားပြုနေကြောင်း သာဓက ကိုးခုမျှလောက်ဖြင့် သက်သေမပြနိုင်ပါ။ ဤအဆိုမှားကြောင်းပြရန်မှာ ကျမ်းစာထဲမှာ ယခုလို ဆိုင်ပြိုင်တိုက်လှန်ခြင်းမကြုံရသည့် ယုံကြည်သူတစ်ဦး၏ သာဓကတစ်ခုသာ လိုအပ်သည်။ ကျမ်းပိုဒ်တိုင်းကို ဘားကော့ဖ် မှန်မှန်ကန်ကန် အနက်ဖွင့်ခဲ့သည်ဟု ယူဆလျက် ဆွဲနိုင်သော

တစ်ခုတည်းသော အကြွင်းမဲ့သေချာသည့် နိဂုံးကောက်ချက်မှာ "သမ္မာကျမ်း သန့်ရှင်းသူတို့အား တစ်ခါတစ်ရံ သူတို့၏ အပြစ်များကို ကျမ်းစာထဲ၌ ဝန်ချတောင်းပန်နေသူများအဖြစ် ကိုယ်စားပြုဖော်ပြနိုင်သည်" ဟူ၍ ဖြစ်သည်။

"သန့်ရှင်းသူတို့အား အပြစ်ဝန်ချတောင်းပန်သူများအဖြစ် အစဉ်မပြတ် ကိုယ်စားပြုဖော်ပြနိုင်သည်" ဆိုသည့် နိဂုံးကောက်ချက်ဆွဲခြင်းသည် အဘယ်ကြောင့် ဘားကော့ဖ်အတွက် အဆင်ပြေခဲ့ပါသနည်း။ ရှားပါးချို့တဲ့သော အထောက်အထားမှ သူ၏ ကြီးမားသော နိဂုံးကောက်ချက်ဆီရောက်အောင် ခြုံယူဆင်ခြင်မှု ကွာဟချက်ကို သူမည်သို့ ပေါင်းကူးခဲ့ပါသနည်း။ အဖြေကရှင်းပါသည်။ သူ၏ ပိုမိုကျယ်ပြန့်သည့် ခရစ်ယာန်အမြင်ရှုထောင့်မှရသော အချက်အလက်များနှင့် ကျွန်ုပ်တို့ နေ့စဉ်လူမှုဘဝမှာ လုပ်နေကျအတိုင်း ခြုံငုံဆင်ခြင်မှု ကွာဟချက်ကို ပေါင်းကူးခဲ့ခြင်းဖြစ်သည်။ သူ့နိဂုံးကောက်ချက်နှင့် သူကျေနပ်ခဲ့သည်။ အကြောင်းမှာ ၎င်းသည် သူယုံကြည်သော အခြားအရာများစွာနှင့်၎င်း၊ သူ့စာဖတ်ပရိသတ်တို့ ယုံကြည်လိမ့်မည်ဟု သူယူဆထားသည်တို့နှင့်၎င်း ချိတ်ဆက်နိုင်၍ ဖြစ်သည်။ သို့သော် သူ့ကောက်ချက်သည် သူတင်ပြသည့် အထောက်အထားဘောင်ကို များစွာကျော်လွန်နေကြောင်း ကျွန်ုပ်တို့ အားလုံး သိမှတ်ကြဖို့ လိုပါသည်။

ယခုတွင် ခြုံငုံဆင်ခြင်ခြင်း သေချာမှုဆိုသည့် တတိယမြောက် အရေးကိစ္စဆီ လှည့်ကြပါစို့။ စနစ်ကျဓမ္မပညာထဲက ဩဝါဒများအတွက် မရှိမဖြစ်အရေးကြီးသော ခြုံငုံဆင်ခြင်မှု လုပ်ငန်းစဉ်များ၏ သွယ်ဝိုက်ရိုက်ခတ်မှုများမှာ အဘယ်နည်း။

**သွယ်ဝိုက်ရိုက်ခတ်မှုများ** ကျွန်ုပ်တို့တွေ့ခဲ့ပြီးသမျှတို့မှ လေ့လာသင်ယူရန် အနည်းဆုံး နှစ်ခု ရှိသည်။ ပထမအားဖြင့် ခြုံငုံဆင်ခြင်မှု ကွာဟချက်ကို ကျဉ်းအောင်လုပ်ရန်လိုသည်။ ဒုတိယအားဖြင့် ခြုံငုံဆင်ခြင်မှုကွာဟချက်ရှိနေကြောင်း သတိရဖို့လိုသည်။

ပထမနေရာ၌ ကျွန်ုပ်တို့ နိဂုံးကောက်ချက်ဆွဲရာမှာ သေချာမှု ရှိနိုင်သလောက်ရှိရေးအတွက် ခြုံငုံဆင်ခြင်မှုကွာဟချက်ကို ကျဉ်းနိုင်သလောက် ကျဉ်းအောင် ကြိုးစားလုပ်ဆောင်ရေးသည် ယုံကြည်သူတိုင်း၏ တာဝန်ဖြစ်သည်။ စနစ်ကျဓမ္မပညာကို ဓမ္မပိုင်း ဆွေးနွေးချက်များအားဖြင့် ကျွန်ုပ်တို့ လုပ်ဆောင်သွားသည့်အခါ မကြာခဏကြုံရသည့် ကိစ္စမှာ ရှုထောင့်အမြင်တစ်ခုအတွက် ဖြစ်နိုင်သရွေ့ ခိုင်မာအောင် လုပ်ဆောင်ရခြင်း ဖြစ်သည်။ ဤသို့လုပ်ဆောင်ရန်အတွက် ကျွန်ုပ်တို့၏ သက်သေအထောက်အထားနှင့် ကျွန်ုပ်တို့၏ နိဂုံးကောက်ချက်တို့အကြား ကွာဟချက်ကို ကျဉ်းပေးရန် လိုအပ်သည်။

ထိုသို့လုပ်ရန် နည်းတစ်ခုမှာ အလားတူ နိဂုံးကောက်ချက်ဆီ ညွှန်ပြသည့် သမ္မာကျမ်း အထောက်အထားများကို ပိုမိုရယူခြင်း ဖြစ်သည်။ အထောက်အထားများလေလေ၊ ကျွန်ုပ်တို့၏ နိဂုံးကောက်ချက်မှန်ကန်ဖွယ်ရှိလေလေ ဖြစ်သည်။ သာဓကအားဖြင့် "သမ္မာကျမ်းလာသန့်ရှင်းသူတို့အား ကျမ်းစာအတွင်း အစဉ်မပြတ် အပြစ်ဝန်ချတောင်းပန်နေသူများအဖြစ် ကိုယ်စားပြုဖော်ပြထားသည်" ဆိုသည့် ဘားကော့ဖ်၏ နိဂုံးကောက်ချက်သည် သာဓက ၉ ခုမျှကိုသာ ကိုးကားထားသဖြင့် ကြီးမားသော ကွာဟချက် ရှိနေကြောင်း ထင်ဟပ်နေသည်။ သို့သော် သာဓက ၁၀၀ ခန့်လောက်ကိုသာ သူကိုးကားခဲ့ပါက သူ့နိဂုံးကောက်ချက်သည် ပိုမိုခိုင်မာခဲ့ပေလိမ့်မည်။ သာဓက ၁၀၀၀ ခန့်လောက်အထိ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

အချိန်ပေးကာ ပမာပြခဲ့ပါက သူ့နိဂုံးကောက်ချက်သည် အလွန်အကျူး အမှန်းတင်လွန်းသည့်ဖက်သို့ ရောက်သွားနိုင်သော်ငြား ပိုမိုသေချာလာနိုင်ပေသည်။ သို့သော် ဤသို့သော သာဓကများစွာကို ရှာဖွေခြင်းသည် လက်တွေ့မဆန်သော်လည်း သူ့နိဂုံးကောက်ချက်အား ယုတ္တိသဘောအရ ပိုမိုသေချာပြီး ခိုင်မာစေလိမ့်မည် ဖြစ်သည်။

ဩဝါဒပိုင်းဆိုင်ရာ ဆွေးနွေးချက်များအတွင်း ခြုံငုံဆင်ခြင်သော ယုတ္တိဗေဒနှင့် ကျွန်ုပ်တို့ ပတ်သက်လာသည့်အခါ ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့သည်ငှင်း၊ သူတပါးတို့ကိုငှင်း မေးခွန်းထုတ်ရန် အမြဲတစေ အရေးကြီးသည်။ ၎င်းမှာ ရှုထောင့်အမြင်တစ်ခုဖြစ်တန်ရာသည်ကို သက်သေပြရန် လုံလောက်သောသက်သေအထောက်အထားတို့ကို ထုတ်ပြပြီးပါပြီလား ဆိုသည့် မေးခွန်းဖြစ်သည်။ ခြုံငုံဆင်ခြင်မှု ကွာဟချက်ကို ကျဉ်းစေမည့် ခြုံငုံဆင်ခြင် အထောက်အထားများများ လိုအပ်ကြောင်းကို ကျွန်ုပ်တို့ မကြာခဏ တွေ့ကြရသည်။

ကျွန်ုပ်တို့ တွေ့ခဲ့သမျှမှ ဒုတိယမြောက် လက်တွေ့ဆန်သော သွယ်ဝိုက်ရိုက်ခတ်မှုမှာ ခြုံငုံဆင်ခြင်မှု ကွာဟချက်ကို ကျွန်ုပ်တို့ မည်သည့်အခါမျှ အကြွင်းမဲ့ ရှောင်လွှဲမရနိုင်ကြောင်း အမြဲတစေ သတိရကြရန်ဖြစ်သည်။ အကျိုးရလာဒ်အနေဖြင့် အချို့သော ဓမ္မနိဂုံးကောက်ချက်တို့သည် အခြားသောနိဂုံးကောက်ချက်တို့ထက် ဖြစ်တန်ခြေအတိုင်းအဆ နည်းနိုင် သို့မဟုတ် များနိုင်ပေသည်။

အခြားသော သင်ခန်းစာများအတွင်း ကျွန်ုပ်တို့ တွေ့ပြီးသလို ထိပ်ချွန်အောက်ကျယ် ကတော့ပုံစံ သေချာမှု ဆိုသည့် သဘောနှင့် ဩဝါဒနိဂုံးကောက်ချက်များကို စဉ်းစားခြင်းသည် အထောက်အကူ ဖြစ်စေပါသည်။ ကျွန်ုပ်တို့ အကြီးအကျယ်စိတ်ချလက်ချ ကိုင်စွဲထားသည့် ယုံကြည်ချက် အချို့ ရှိသည်။ ယင်းတို့သည် ကတော့၏ ထိပ်သို့ တက်လာသည်။ သိပ်စိတ်မချသည့် အခြားသော ယုံကြည်ချက်တို့လည်း ရှိနေသည်။ ယင်းတို့အား ကတော့၏ အနိမ့်ပိုင်းမှာ ကျွန်ုပ်တို့ နေရာပေးထားသည်။ သို့တစေ နောက်ဆုံး၌ စိတ်ချသေချာမှု မရှိသလောက်ဖြစ်သည့် ယုံကြည်ချက်များစွာ ရှိနေသေးသည်။ ယင်းတို့သည် ကတော့၏ အောက်ခြေမှာ နေရာယူထားကြသည်။ ကျွန်ုပ်တို့၏ ခြုံငုံဆင်ခြင် နိဂုံးကောက်ချက်များ၏ သေချာမှုကို စဉ်းစားသည့်အခါ ဤပုံစံဖြင့် စဉ်းစားခြင်းသည် အထောက်အကူရပါသည်။

အတိအကျဆိုရလျှင် ခြုံငုံဆင်ခြင်အထောက်အထား ခိုင်မာပြီး ခြုံငုံဆင်ခြင်မှု ကွာဟချက်သေးငယ်ပါက အချို့သော ယုံကြည်ချက်များအပေါ် ကျွန်ုပ်တို့ ပိုမိုစိတ်ချသေချာနိုင်ကြပေသည်။ ထို့ကြောင့် အဆိုပါ ယုံကြည်ချက်တို့သည် ကတော့၏ ထိပ်သို့ တက်လာကြခြင်း ဖြစ်သည်။ အဆိုပါ ဩဝါဒတို့သည် ကျွန်ုပ်တို့၏ ယုံကြည်ချက်မူဘောင်အတွင်း အခြေခိုင်ပြီးသော ဆုံးဖြတ်ချက်များ ဖြစ်လာကြသည်။ သို့သော် အခြားသောယုံကြည်ချက်များအတွက် ခြုံငုံဆင်ခြင် အထောက်အထားသည် အလွန်အမင်း မခိုင်မာလှသဖြင့် ခြုံငုံဆင်ခြင်မှု ကွာဟချက်သည် ပို၍ ထူးခြားအရေးပါသည်နှင့်အမျှ ယင်းတို့နှင့် စပ်လျဉ်းသော ယုတ္တိတန်သည့် သေချာမှု အပိုင်းမှာ ကျွန်ုပ်တို့ အားနည်းကြရသည်။ အကျိုးရလာဒ်အားဖြင့် စနစ်ကျဓမ္မပညာမှ ဩဝါဒဆွေးနွေးချက်တို့သည် သမ္မာကျမ်းအမြင်နှင့် ပိုမိုကိုက်ညီပြီး သမ္မာကျမ်းကိုယ်စားပြုရာတွင် ပိုမိုခြုံငုံမိသော အမြင်ဆီသို့ ရောက်လာကြောင်း သဘောပေါက်မှုသည် အလွန်ပင် အထောက်အကူ ဖြစ်စေပါသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

သာဓကအားဖြင့် နောက်ဆုံးသောကာလ ဩဝါဒသွန်သင်ချက်ပါ ယေရှုဘုန်းတော်၌ ကြွလာမည်ဆိုသည့် ကျမ်းစာသွန်သင်ချက်အပေါ် ကျွန်ုပ်တို့ အလွန်ပင် စိတ်ချမှု ရှိနိုင်ကြသည်။ ဤယုံကြည်ချက်အတွက် ခြုံငုံဆင်ခြင်အထောက်အထားသည် အလွန်ပင် ခိုင်မာရကား ၎င်းအပေါ် သံသယမရှိသင့်ပေ။ ၎င်းသည် ကျွန်ုပ်တို့၏ ထိပ်ချွန်အောက်ကျယ်ကတော့ပုံ သေချာမှု၏ ထိပ်တွင်ရှိနေရပါမည်။ သို့သော် မည်သည့်အချိန် မည်သို့ယေရှုပြန်ကြွလာမည်ဆိုသည့်အပေါ် ခရစ်ယာန်တို့ ဆွေးနွေးရာတွင် သူတို့တိုးချဲ့လာသည့် သီးသန့်မြင်ကွင်းများအတွက် အထောက်အထားမှာမူ အလွန်ပင် အားပျော့လှသည်။ ထို့ကြောင့် အဆိုပါ နိဂုံးကောက်ချက်များသည် ကျွန်ုပ်တို့၏ ကတော့ပုံသေချာမှု၏ အောက်ဖက်နားတွင် ရှိနေရပါသည်။ ခရစ်တော်ပြန်ကြွလာမည်ကို အလွန်သေချာစိတ်ချစွာဖြင့် ကျွန်ုပ်တို့ အခိုင်အမာပြောဆိုနိုင်/ ပြောဆိုသင့်ကြသည်။ သို့သော် သူပြန်ကြွလာခြင်းနှင့်စပ်လျဉ်းသော အတိအကျအချက်အလက်များစွာအကြောင်း ကျွန်ုပ်တို့တစ်ယူသန်လွန်းသည့်အခါ ခြုံငုံဆင်ခြင်အထောက်အထား၏ ဘောင်ကို များစွာကျော်လွန်သွားကြတော့သည်။

ကျွန်ုပ်တို့ကိုယ်ကျွန်ုပ်တို့သော်၎င်း၊ အခြားသူများသို့၎င်း ကျွန်ုပ်တို့ ယုံကြည်သမျှအတွက် အကြွင်းမဲ့ နိဂုံးကောက်ချက်ဆွဲနိုင်သည့် အထောက်အထားမျိုး ကျွန်ုပ်တို့မှာ မရှိကြောင်း ဝန်ခံသိမှတ်ခြင်းသည် အမှားမဟုတ်ပါ။ မကြာခဏဆိုသလို ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ရှေ့မှာသော်၎င်း၊ သူတပါးတို့ ရှေ့မှာသော်၎င်း ကျွန်ုပ်တို့ ထားသင့်သည့် စိမ်ခေါ်ချက်မှာ "ဤသွန်သင်ချက်ကို နားလည်နိုင်မည့် တစ်ခုတည်းသောနည်းလမ်းသည် ဤနည်းသာဖြစ်သည်" ဆိုသည်မျိုး မဖြစ်သင့်ပါ။ ထိုအစား "ဩဝါဒသွန်သင်ချက်အပေါ် ဤသို့နားလည်ခြင်းသည် အခြားသောပုံစံများထက် ပိုဖြစ်နိုင်ဖွယ်ရှိသည်" ဟူ၍ ပြောခြင်းက ပိုသင့်လျော်သည်။ ထို့နောက်မှ သီးသန့် အမြင်များအတွက် အထောက်အထားကို လေ့လာဆန်းစစ်ခြင်းဖြင့် ယုံကြည်သူအချင်းချင်း အကျိုးရှိရှိ ဆွဲဆောင်တိုက်တွန်းနိုင်ကြမည် ဖြစ်သည်။

ချုပ်၍ ဆိုရလျှင် ယုတ္တိဗေဒသည် စနစ်ကျဓမ္မပညာမှာ ဖြစ်ပေါ်သော ဩဝါဒဆိုင်ရာ ဆွေးနွေးချက်များတွင် အလွန်အရေးပါသည်။ သမ္မာကျမ်းသွန်သင်ချက်တို့ကို ကျွန်ုပ်တို့ ပေါင်းစပ်သည့်အခါ သမ္မာကျမ်းစာကို ဝန်ခံမှုအောက်မှာ ယုတ္တိဗေဒကို ကျွန်ုပ်တို့ အသုံးပြုသင့်သည်။ ဓမ္မဩဝါဒသွန်သင်ချက်တို့ကို ကျွန်ုပ်တို့ ဆွေးနွေးရာ၌ ကျွန်ုပ်တို့ ဖြေရှင်းနေသည့် အရေးအရာမျိုးစုံအတွက် ကျမ်းစာ၏ သွယ်ဝိုက်ရိုက်ခတ်မှုများကို ထုတ်ယူဆင်ခြင်ရန်အတွက်လည်း ကျွန်ုပ်တို့ အသင့်ရှိနေသင့်ပါသည်။ သို့သော် အဆုံးသတ်တွင် ဓမ္မဩဝါဒတို့၏ ခြုံငုံဆင်ခြင်မှု အုတ်မြစ်သည် ဩဝါဒဆိုင်ရာ မည်သည့်လူ့ပုံသေနည်းမျှ အကြွင်းမဲ့ အဆုံးသတ်မဟုတ်ကြောင်း ကျွန်ုပ်တို့ကို သတိပေးနေသင့်ပါသည်။ ကျွန်ုပ်တို့ယုံကြည်ထားသည့်အရာ တိုးတက်ပြည့်စုံလာဖို့ နည်းလမ်းများ အမြဲတစေ ရှိနေပါသည်။

ယခုတွင် စနစ်ကျဓမ္မထဲက ဩဝါဒများနှင့် ဩဝါဒများကို မည်သို့ ဖွဲ့စည်းယူကြောင်း ယေဘုယျသဘောရင်းနှီးမှု ရရှိပြီး ဖြစ်သဖြင့် စနစ်ကျဓမ္မထဲက ဩဝါဒတို့၏ ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံများ ဆိုသည့် ကျွန်ုပ်တို့၏ တတိယမြောက်ခေါင်းစဉ်ဆီ လှည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

# ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံများ

ဓမ္မဩဝါဒတို့ ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံတို့ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြသည့်အခါ ခရစ်ယာန် ဓမ္မပညာတည်ဆောက်ရေးအတွက် အဓိကကျသည့် အရင်းအမြစ်သုံးခုအပေါ် ကျရောက်နေသည့် ဩဝါဒဆိုင်ရာ အကျိုးသက်ရောက်မှုများကို ကြည့်ခြင်းဖြင့် ပြီးခဲ့သည့်သင်ခန်းစာများအတွင်း ကျွန်ုပ်တို့ တွေ့ပြီးဖြစ်သည့် ပုံစံအတိုင်း လိုက်နာကြပါမည်။

ခရစ်ယာန်တို့သည် ဓမ္မပညာကို ဘုရားသခင်၏ သီးသန့်နှင့် ယေဘုယျ ဗျာဒိတ်ဖွင့်ပြချက်များထဲက တည်ဆောက်ကြရကြောင်း သင်ပြန်အမှတ်ရပါလိမ့်မည်။ အခြေခံအားဖြင့် သမ္မာကျမ်း အနက်ဖွင့်မှုမှ သီးသန့် ဗျာဒိတ်ဖွင့်ပြချက်အကြောင်း ကျွန်ုပ်တို့ သိနားလည်ကြရသည်။ ထို့နောက် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံခြင်း၊ အခြားသူများ အထူးသဖြင့် အခြားခရစ်ယာန်များထံမှ လေ့လာသင်ယူခြင်း နှင့် ခရစ်ယာန်အသက်ရှင်ခြင်းအပေါ် စူးစိုက်ခြင်း၊ ခရစ်တော်အတွက် ကျွန်ုပ်တို့၏ တစ်ကိုယ်ရည် အသက်ရှင်ခြင်းများအားဖြင့် ယေဘုယျဖွင့်ပြချက်၏ အရေးကြီးသော ရှုထောင့်နယ်ပယ်တို့ကို အသုံးချရန် ကျွန်ုပ်တို့ အခွင့်အလမ်းရကြသည်။

အဆိုပါအရင်းအမြစ်တို့သည် အလွန်ပင် အရေးပါလှရကား တစ်ခုချင်းစီအရ စနစ်ကျဓမ္မပညာရှိ ပညာရပ်ဝေါဟာရများ၏ ဆေးဖြစ်ပုံနှင့် ဘေးဖြစ်ပုံများကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပထမအားဖြင့် ဩဝါဒများနှင့် ခရစ်ယာန်အသက်ရှင်ခြင်းကို ကြည့်ပါမည်။ ဒုတိယအားဖြင့် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှုနှင့် စပ်လျဉ်းပြီး ဩဝါဒများကို လေ့လာပါမည်။ တတိယအားဖြင့် သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းနှင့် နှီးနွယ်၍ ယင်းတို့ကို လေ့လာကြပါမည်။ ပထမအားဖြင့် ခရစ်ယာန်အသက်ရှင်ခြင်း၏ ဓမ္မပညာဆိုင်ရာ အရင်းအမြစ်ကို ကြည့်ကြပါစို့။

## ခရစ်ယာန်အသက်ရှင်ခြင်း

ကျွန်ုပ်တို့တွေ့ပြီးဖြစ်သလို ခရစ်ယာန် အသက်ရှင်ခြင်းသည် တစ်ကိုယ်ရည် သန့်ရှင်းခြင်းလုပ်ငန်းစဉ်နှင့် ညီမျှသည်။ ယင်းသည် သဘောအယူအဆအဆင့်၊ ပြုမူကျင့်ကြံမှု အဆင့်နှင့် စိတ်ခံစားချက်ရသအဆင့်များမှာ ဖြစ်ပေါ်သည်။ သို့မဟုတ် ကျွန်ုပ်တို့ ဖော်ပြခဲ့သည့်အတိုင်း အခြေခံယုံကြည်ခြင်း၊ အခြေခံကျင့်ထုံးနှင့် အခြေခံ စိတ်ခံစားချက် ရသ အဆင့်များ ဖြစ်ကြသည်။

ဩဝါဒများသည် သန့်ရှင်းခြင်းအပေါ် မည်သို့ သက်ရောက်မှု ရှိစေကြောင်း နည်းလမ်းကုန် လေ့လာဖော်ထုတ်ရန် အချိန် မရှိပါ။ ထို့ကြောင့် ခရစ်ယာန်အသက်ရှင်ခြင်းကို အားပေးမြှင့်တင်သည့် အဓိကနည်းလမ်းတစ်ခုနှင့် ဟန့်တားသော အဓိကနည်းလမ်းတစ်ခုတို့ကိုသာလျှင် ကျွန်ုပ်တို့ ကန့်သတ်လေ့လာကြပါမည်။ ခရစ်တော်အတွက် ကျွန်ုပ်တို့ အသက်ရှင်ရန် ကြိုးပမ်းအားထုတ်မှုကို ဓမ္မပညာဆွေးနွေးချက်များက အားပေးမြှင့်တင်နိုင်သည့် နည်းလမ်းတစ်ခုကို ဦးစွာ လေ့လာကြပါစို့။

## အားပေးမြှင့်တင်မှု

အစဉ်အလာ ဓမ္မဩဝါဒများ၏ အကြီးမားဆုံး ကောင်းကျိုးတစ်ခုမှာ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းအကြောင်း ယုတ္တိတန်စွာ စဉ်းစားဆင်ခြင်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် ထောက်ကူပေးခြင်း ဖြစ်သည်။ ကျွန်ုပ်တို့ တွေ့ပြီးဖြစ်သလို သမ္မာကျမ်းချက်များစွာအား ယုတ္တိတန်စွာ အတူတကွ ပေါင်းစပ်ခြင်း၊ ရှင်းပြခြင်းအားဖြင့် ဩဝါဒများကို တည်ဆောက်ကြသည်။ အကြောင်းမလှစွာပင် ခရစ်ယာန် များစွာတို့သည် သူတို့ယုံကြည်ခြင်းအကြောင်း ယုတ္တိတန်စွာ မည်သို့ တွေးခေါ်ရမည်ကို မသိကြပေ။ အမှန်စင်စစ် မကြာခဏဆိုသလို ရိုးသားသော ခရစ်ယာန်တို့သည် သူတို့ယုံကြည်သောအရာများစွာတို့အကြား ယုတ္တိတန်သော နှီးနွှယ်မှုများအား အလေးအနက်တွေးခေါ်သင့်သည် ဆိုသည့် အယူအဆကို ငြင်းဆိုထားကြသည်။ ထိုအစား သူတို့၏ ဆုံးဖြတ်ချက်များကို သမ္မာကျမ်းဆင်ခြင်တွေးခေါ်ချက် တစ်ခု နှစ်ခု မျှလောက်အပေါ်မှာ အခြေတည်ဖို့ရန်သာ လိုလားကြသည်။

အစိုးရသို့ အခွန်မဆောင်သင့်ဟု ယုံကြည်သည့် လူငယ်တစ်ဦးနှင့် ကျွန်ုပ် စကားပြောဆိုခဲ့မှုကို သတိရပါသည်။ ၁ကော ၁၀း၃၁ ကို ကိုးကားပြီး "ဘုရားသခင့် ဘုန်းတော်အတွက် ဘာကိုမဆို ကျွန်တော်လုပ်ရပါမယ်၊ အခွန်ပေးတာက ဘုရားဘုန်းတော်အတွက်လို့ ကျွန်တော် မထင်ပါဘူး" ဟု ပြောသည်။ ဟုတ်ပါသည်။ သူပြောသည့်စကားတစ်စိတ်တစ်ပိုင်းကို အနည်းဆုံး ကျွန်တော် သဘောတူ၍ ရပါသည်။ ကျွန်ုပ်တို့ ဘာပဲလုပ်လုပ် ဘုရားဘုန်းတော်အတွက် လုပ်ရမှာ မှန်ပါသည်။ သို့သော် သူချသော သွယ်ဝိုက်ကောက်ချက်မှာမူ ကျမ်းအချက်အလက် အနည်းငယ်မျှပေါ်မှာ အခြေတည်ထားပြီး အခြားစပ်လျဉ်းသည့် ကျမ်းသွန်သင်ချက်အများအပြား၏ လမ်းပြမှုအောက်မှာ မရှိနေပါ။

ဤလူငယ်၏ ငြင်းခုံမှုသည် ဘာမှားနေပါသနည်း။ ကျွန်ုပ်တို့ အမြဲသတိရရန်လိုသည့် ကျမ်းစာအကြောင်း အခြေခံစည်းမျဉ်းကို သူ မေ့ထားသည်။ ၎င်းအား ယခုလို "အကုန်လုံးကို တခါတည်းနဲ့ သင်ပြောလို့ မရနိုင်ပါဘူး၊ ကျွန်တော်တို့ကိုပြောတဲ့အခါ ဘုရားသခင်တောင်မှ ဒါကို မလုပ်နိုင်ပါဘူး" ဟု ကျွန်ုပ်ပြောလေ့ရှိသည်။

နေ့စဉ် လူမှုဘဝမှာလည်း ဤအချက်မှန်ကြောင်း ကျွန်ုပ်တို့ သိပါသည်။ အကြောင်းအရာတစ်ခုအကြောင်း ကျွန်ုပ်တို့ ပြောဖို့လိုသည့်အတွက် စိတ်ကူးမိသမျှအရာရာကို ကျွန်ုပ်တို့ မည်သည့်အခါမျှ ပြော၍ မဖြစ်ပါ။ ၎င်းအတွက် အချိန်မလုံလောက်ပါ။ အနည်းငယ်မျှလောက်ကိုသာ ရွေးချယ်ပြောဆိုဖို့ ကျွန်ုပ်တို့ မှာအကန့်အသတ် ရှိနေပါသည်။ ထို့ပြင် ကျွန်ုပ်တို့ဝန်းကျင်ရှိ လူတို့နှင့် အချိန်အခါမရွေး ကျွန်ုပ်တို့ စကားပြောဆိုနိုင်ရေးအတွက် အကြောင်းအရာ နည်းနည်းကို နားလည်လွယ်စေမည့် အခြားအရာတို့အား ထိုသူတို့ အမှတ်ရနေစေဖို့လည်း ကျွန်ုပ်တို့ မျှော်လင့်သည်။

ကောင်းပါပြီ။ ကျမ်းစာအားဖြင့် ကျွန်ုပ်တို့ကို ဘုရားသခင် စကားပြောသည့်အခါ အလားတူအဖြစ်မျိုးသည် ဘုရားသခင်အဖို့လည်း မှန်ကန်နေပေသည်။ ထိုမျှမက ဤအရာသည် ထုထည် ကြီးမား ကျယ်ပြန့်လှသော အချက်အလက်များကို ရှင်းရှင်းနှင့် ရုတ်ခြည်း ပြောဆိုရန် ဘုရားသခင် မတတ်နိုင်၍ မဟုတ်ပါ။ အကန့်အသတ်ရှိသော ဖန်ဆင်းခံ ကျွန်ုပ်တို့အနေဖြင့် ကြီးမားလှသော အချက်အလက်များကို ရုတ်ခြည်း ခြုံငုံနားလည်နိုင်ရန် မတတ်နိုင်၍သာ ဖြစ်ရသည်။

ဘုရားသခင်သည် ကျမ်းစာအား ကျွန်ုပ်တို့၏ အကန့်အသတ်ရှိမှုနှင့် လိုက်လျောညီထွေပေးထားသည်။ မည်သည့် ကျမ်းပိုဒ်တစ်ခုတည်းကမျှ ခေါင်းစဉ်တစ်ခုကို အကုန်အစင် ပြောမပြနိုင်ပါ။ ထို့ကြောင့် ကျွန်ုပ်တို့ ယုံကြည်ရမည့် အကြောင်းအရာတစ်ခု၏ ပြည့်စုံသောမြင်ကွင်းတစ်ခုရရန် ကျမ်းပိုဒ်တစ်ပိုဒ် နှစ်ပိုဒ်မျှလောက်ကို ကျွန်ုပ်တို့ အားမကိုးသင့်ပါ။ အကြောင်းအရာတစ်ခုနှင့် ပတ်သက်၍ ကျွန်ုပ်တို့ သိသင့်သည့်အရာရှိသမျှကို ယင်းတို့က မပြောပြနိုင်ပါ။ ကျယ်ပြန့်သော သမ္မာကျမ်းချက်များစွာအကြား ယုတ္တိတန်သော နှီးနွှယ်မှုများကို ကျွန်ုပ်တို့ ထုတ်ယူရန်လိုပါသည်။

သာဓကဆိုရလျှင် အခွန်ပေးခြင်းကိစ္စ ဆုံးဖြတ်ရာ၌ ၁ကော ၁၀း၃၁ ပါ "ပြုလေသမျှတို့၌ ဘုရားသခင့် ဘုန်းတော်ကို ထောက်၍ ပြုကြလော့" ကဲ့သို့သော ရိုးရှင်းသော ဓမ္မခံယူချက်တစ်ခုထက်ပို၍ ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားကြရန် ရှိပါသည်။ ကျမ်းချက်များစွာကို ကျွန်ုပ်တို့ ပေါင်းစပ်သီကုံးကြရပါမည်။ သာဓကအားဖြင့် ၂ရာချုပ် ၂၈း၂၁၌ "ဗိမ္မာန်တော် ဘဏ္ဍာနှင့် နန်းတော် ဘဏ္ဍာ" ကို ခွဲခြားဖော်ပြချက်မျိုးလည်း ကျွန်ုပ်တို့မှာ ရှိနေပါသည်။ မဿဲ ၂၂း၂၁ တွင် သူတော်ပည့်တော်များအား ခရစ်တော်က သာသနာပအစိုးရတို့နှင့် စပ်လျဉ်း၍ ယခုကဲ့သို့ပင် ပြောခဲ့ကြောင်းကိုလည်း ကျွန်ုပ်တို့ ထည့်စဉ်းစားရပါမည်-

> ကဲသာဘုရင်၏ ဥစ္စာအား ကဲသာဘုရင်ကို ပေးကြလော့။ ဘုရားသခင့် ဥစ္စာအား ဘုရားသခင်ကို ပေးကြလော့ (မဿဲ ၂၂း၂၁)။

ထို့မျှမက ရောမ ၁၃း၆-၇ ၌ အုပ်စိုးသူများသို့ ကျွန်ုပ်တို့ အခွန်ပေးသင့်ကြောင်း၊ အကြောင်းမှာ သူတို့ကို ဘုရားသခင် ခန့်အပ်ထား၍ ဖြစ်ကြောင်း ရှင်ပေါလု၏ သွန်သင်ချက်လည်း ရှိနေသည်။ သို့သော် အဆိုပါ ဓမ္မခံယူချက်တို့ကို စုစည်းထုတ်ယူရန်မှာ ယုတ္တိတန်သော ဆင်ခြင်မှုများစွာကို ဂရုစိုက်လုပ်ဆောင်ရန် လိုအပ်သည်။ သို့သော် ယုတ္တိတန်ပြီး ရှေ့နောက်ညီညွတ်သော ဩဝါဒတစ်ခုကို ဖွဲ့စည်းရန် အဆိုပါ ကျမ်းချက်များအား ဆင်ခြင်တွေးဆရန်မှာ ကျွန်ုပ်တို့၏ တာဝန်ပင် ဖြစ်သည်။ ထိုသို့ ကျွန်ုပ်တို့ လုပ်ဆောင်သည့်အခါ အစိုးရသို့ ပေးသင့်သည်များကို ကျွန်ုပ်တို့ ပေးရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့လာရသည်။

သမ္မာကျမ်းသွန်သင်ချက်များစွာအား ယုတ္တိတန်ပြီး ရှေ့နောက်ညီညွတ်သောဩဝါဒများအဖြစ် ပေါင်းစပ်နိုင်သည့် အရည်အချင်းသည် ခရစ်ယာန်တိုင်းအတွက် အရေးပါသည့် ကျွမ်းကျင်မှု တစ်ခုဖြစ်သည်။ ချိုင့်ဆင်ခြင်နှင့် ထုတ်ယူဆင်ခြင်ယုတ္တိဗေဒများကို လျောက်ပတ်စွာ အသုံးပြုသောအားဖြင့် သမ္မာကျမ်းသွန်သင်ချက်များကို ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစပ်လာနိုင်သည့်အခါ ခရစ်ယာန်အသက်ရှင်ခြင်းကို ကျွန်ုပ်တို့ ကြီးကြီးမားမား အားပေး မြှင့်တင်လာနိုင်ကြပေသည်။

သို့သော် ကျွန်ုပ်တို့ယုံကြည်ချက်အား ယုတ္တိတန်သော ပုံစံဖြင့်မည်သို့ ဖော်ထုတ်မည်ကို သင်ယူခြင်းသည် အပြုသဘောဆောင်သလောက် ဓမ္မပညာမှ ယုတ္တိတန်သော ဆင်ခြင်ခြင်းအပေါ် စူးစိုက်ရာ၌ ကျွန်ုပ်တို့၏ ခရစ်ယာန် အသက်ရှင်ခြင်းကို ဧကန်အမှန် တားဆီးနိုင်သော ထောင်ချောက်များ ရှိနေကြောင်းကိုလည်း ကျွန်ုပ်တို့ သတိပြုမိဖို့ လိုအပ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

## ဟန့်တားမှု

မကြာခဏဆိုသလို ယုတ္တိတန်ပြီး ရှေ့နောက်ညီညွတ်သော ဓမ္မဩဝါဒတို့၏ တန်ဖိုးကို သိမြင်သော ခရစ်ယာန်တို့သည် ဩဝါဒအမျိုးမျိုးကို ဖော်ထုတ်ရင်း သူတို့လုပ်ဖို့ လိုသမျှသည် ကြောင်းကျိုးသင့်စေရန် သို့မဟုတ် ယုတ္တိတန်ရန်သာ ဖြစ်သည်ဆိုသည့် အတွေးထောင်ချောက်ထဲသို့ ကျရောက်တတ်ကြသည်။ ခရစ်ယာန်အသက်ရှင်ခြင်း၏ အခြားသောရှုထောင့်များကို သူတို့ လစ်လျူရှုလိုက်မိတတ်ကြသည်။ ဓမ္မလုပ်ငန်းစဉ်ကို ကြောင်းကျိုးဆင်ခြင်သော၊ ယုတ္တိတန်သော ဆင်ခြင်သုံးသပ်မှုတစ်ခုအဖြစ်သို့ လျှော့ချပစ်လိုက်ကြသည်။ သို့သော် ကျွန်ုပ်တို့ ဤအတိုင်း စဉ်းစားသည့်အခါ ကျွန်ုပ်တို့၏ ဓမ္မပညာဆင်ခြင်သုံးသပ်မှုများအပေါ် အရေးအပါဆုံး ဩဇာသက်ရောက်မှုအချို့တို့မှ ကျွန်ုပ်တို့ကိုယ် ကျွန်ုပ်တို့ ဖြတ်တောက်ပစ်ရာရောက်သည်။

ဩဝါဒများကို ခြုံငုံဆင်ခြင် ယုတ္တိဗေဒအပေါ်မှာ တည်ဆောက်ကြောင်း၊ ၎င်းသည် အထောက်အထားနှင့် ကျွန်ုပ်တို့ဆွဲသော နိဂုံးကောက်ချက်တို့အကြား ခြုံငုံဆင်ခြင်မှု ကွာဟချက်တစ်ခုကို ကျန်ရှိစေကြောင်း ဤသင်ခန်းစာရှေ့ပိုင်းမှာ ကျွန်ုပ်တို့ တွေ့ခဲ့ကြသည်။ ဤခြုံငုံဆင်ခြင်မှု ကွာဟချက်အား ယုတ္တိသဘောဆင်ခြင်မှု မဟုတ်သည့် အချို့သောအရေးကြီး အချက်အလက်များအပါအဝင် ကျွန်ုပ်တို့၏ အထွေထွေ ဗဟုသုတနှင့် ဝန်ခံချက်များဆီက ရလာသည့် အရာများစွာဖြင့် ပေါင်းကူးပေးနိုင်ကြောင်း ကျွန်ုပ်တို့ သတိပြုမိခဲ့ကြသည်။

ဤမှန်ကန်မှုသဘောအရ အခြားသောဘုရားဝတ်နှင့်ညီသည့် ဩဇာအရှိန်အဝါများကို ဘေးဖယ်ထုတ်သည့် ပြင်းထန်တင်းကျပ်သော ယုတ္တိဆိုင်ရာ စိစစ်ချက်မျိုး မလုပ်မိစေဖို့ ကျွန်ုပ်တို့ အမြဲသတိပြုနေကြရပါမည်။ သန့်ရှင်းသောဝိညာဉ်တော်လမ်းပြမှုခံယူရန် စိတ်နှလုံးကိုဖွင့်ထားရင်း ကျမ်းစာကို ကြည်ညိုဝတ်ပြုသောသဘောနှင့် ဖတ်ဖို့ ကျွန်ုပ်တို့ စိတ်ထက်သန်နေသင့်ပါသည်။ အခြားသောခရစ်ယာန်များနှင့် မိတ်သဟာယဖွဲ့မှုမှ ရအပ်သော ဝန်ခံမှုခွန်အားကို ရှာဖွေရင်း အခြားသူတို့နှင့် အပြန်အလှန် ထိတွေ့ဆက်ဆံဖို့ ကျွန်ုပ်တို့ စိတ်ပြင်းပြနေသင့်ပါသည်။ ဘုရားသခင့် ပေးကမ်းထောက်ပံ့တော်မူခြင်းနှင့် ကျွန်ုပ်တို့၏ သိစိတ်များအတွင်းထဲထိတိုင် လမ်းပြမှုကို ရှာဖွေရင်း ခရစ်တော်နှင့် လျှောက်လှမ်းဖို့ ကျွန်ုပ်တို့ စိတ်အားကြီးနေသင့်ပါသည်။ အဆိုပါနည်းလမ်းများအားဖြင့် ကျွန်ုပ်တို့ သန့်ရှင်းမှုရှိမှသာလျှင် ဘုရားသခင်နှစ်သက်သည့်ပုံစံများဖြင့် ခြုံငုံဆင်ခြင်မှု ကွာဟချက်ကို ကျွန်ုပ်တို့ဖြည့်ဆည်းနေကြောင်း ကျွန်ုပ်တို့ စိတ်ချသေချာနိုင်ကြမည်ဖြစ်သည်။ ဓမ္မနိဂုံးကောက်ချက်များ ဆွဲထုတ်သည့် လုပ်ငန်းစဉ်အား တင်းကျပ်သော ယုတ္တိတန်ချက်အဆင့်မျှလောက်သို့ လျှော့ချခြင်းသည် ကျွန်ုပ်တို့အား ခရစ်ယာန်အသက်ရှင်မှုအစမှ အဆုံးတိုင်အောင် ဘုရားသခင်ပေးကမ်းထားတော်မူသော အရေးပါသည့် အရင်းအမြစ်များစွာနှင့် ပြတ်တောက်စေလိမ့်မည်ဖြစ်သည်။

ခရစ်ယာန် အသက်ရှင်ခြင်းအတွက် ဓမ္မပညာအဆိုပြုချက်တို့က ကောင်းကျိုးနှင့် ဆိုးကျိုးများ မည်သို့ဆောင်ကြဉ်းလာနိုင်ကြောင်း နားလည်ခြင်း အပြင် လူ့အဖွဲ့အစည်းအတွင်း ကျွန်ုပ်တို့၏ အပြန်အလှန် ထိတွေ့ဆက်ဆံခြင်းအပေါ်၌ ယင်းတို့က မည်သို့ ဩဇာလွှမ်းနေသည်ကိုလည်း ကျွန်ုပ်တို့ သတိပြုမိဖို့ လိုပါသည်။

# လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံခြင်း

လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံခြင်းသည် ကျွန်ုပ်တို့အသက်တာ၌ ခရစ်တော်၏ ကိုယ်ခန္ဓာ အရေးပါမှုအပေါ် ကျွန်ုပ်တို့ စူးစိုက်ရန် ထောက်ကူသည်။ အဆိုပါ သင်ခန်းစာများထဲတွင် ခရစ်ယာန် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံခြင်း ဆိုင်ရာ အရေးကြီးမျက်နှာစာ သုံးခုအကြောင်း ကျွန်ုပ်တို့ ပြောဆိုခဲ့ကြပြီး ဖြစ်သည်။ ယင်းတို့မှာခရစ်ယာန်အမွေဆက်ခံမှုတည်းဟူသော အတိတ်အသင်းတော်သမိုင်းအတွင်း သန့်ရှင်းသောဝိညာဉ်တော် အမှုဆောင်ခြင်း၏ သက်သေ၊ ပစ္စုပ္ပန်ခရစ်ယာန် လူ့အဖွဲ့အစည်းတည်းဟူသော ယနေ့အသက်ရှင်နေဆဲဖြစ်သော ခရစ်ယာန်တို့၏ သက်သေနှင့် ကိုယ်ပိုင် စီရင်ဆုံးဖြတ်ချက်တည်းဟူသော ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေးရာ နိဂုံးကောက်ချက်များနှင့် ယုံကြည်ဝန်ခံချက်များ ဖြစ်ကြသည်။ လူ့အဖွဲ့အစည်းအတွင်း အဆိုပါ ရှုထောင့်အမြင်တို့သည် နည်းလမ်းများစွာဖြင့် အချင်းချင်း အပြန်အလှန် ထိတွေ့ဆက်ဆံလျက် ရှိနေကြသည်။

လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှုဆိုင်ရာ အဆိုပါအင်္ဂါရပ်များအား သြဝါဒများကို အားပေးမြှင့်တင် သို့မဟုတ် တားဆီးနိုင်သည့် ပုံစံ နှစ်ခုမျှလောက်ကိုသာ ကျွန်ုပ်တို့ ဖော်ပြလိုပါသည်။ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံမှုကို ဓမ္မဆွေးနွေးချက်တို့က အားပေးမြှင့်တင်နိုင်သည့် အရေးပါသောနည်းလမ်းတစ်ခုကို ဦးစွာ ကြည့်ကြပါစို့။

## အားပေးမြှင့်တင်မှု

ခရစ်ယာန် အသက်ရှင်ခြင်းအပေါ် ဓမ္မသြဝါဒတို့၏ အပြုသဘောအဆောင်ဆုံး ရိုက်ခတ်မှုသည် အသင်းတော်၏ စည်းလုံးညီညွတ်မှုနှင့် သဟဇာတဖြစ်မှုကို ဆောင်ကြဉ်းပေးသည့်နည်းလမ်း ဖြစ်နိုင်သည်။ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ထိတွေ့ဆက်ဆံရန် ကျွန်ုပ်တို့၏ အရည်အချင်းကို အားပေးမြှင့်တင်သည့် နည်းလမ်းတစ်ခု ရှိသည်ဆိုပါက ၎င်းသည် ကျမ်းစာသွန်သင်ချက်များစွာကို အတူတကွ ပိုမိုဆင်ခြင်တွေးခေါ် နိုင်စွမ်း ရှိလာရေး ဖြစ်သည်။

ဆင်းရဲသားတို့အတွက် အိမ်ဆောက်ပေးခြင်းဖြင့် သူတို့၏ ရုံးပိတ်ရက်များအား အသုံးချသည့် ပရဟိတအသင်းတစ်ခုကို တည်ထောင်သူ သူငယ်ချင်းတစ်ဦး ကျွန်ုပ်မှာ ရှိခဲ့သည်။ ၎င်းသည် ကြီးမားသည့် အမှုတော်တစ်ခု ဖြစ်ပြီး သူ၏ ကြိုးပမ်းအားထုတ်မှုများဖြင့် လူများစွာအတွက် ကောင်းချီးဖြစ်စေခဲ့သည်။ "ခင်ဗျားရဲ့ စီမံကိန်းတွေမှာ ခင်ဗျားရင်ဆိုင်ရတဲ့ အကြီးဆုံးပြဿနာက ဘာလဲ" ဟု တစ်ခါက သူ့ကို ကျွန်ုပ်မေးဖူးသည်။ "လူသစ်တွေပါ။ ဒါက အကြီးဆုံးပြဿနာပါ" ဟု မဆိုင်းမတွ သူပြန်ဖြေသည်။ အခြေခံမှစ၍ သူတို့ကို ရှင်းပြရန် လုပ်ဆောင်နေသမျှကို ကျွန်ုပ်တို့ ရပ်ဆိုင်းရသည်။ လူသစ်တို့သည် အဖွဲ့တစ်ခုလုံး အလုပ်မပြီးမပြတ်နိုင် ဖြစ်သွားအောင် တားဆီးနိုင်ကြသည်။

ကောင်းပါပြီ။ ခရစ်ယာန် လူ့အဖွဲ့အစည်းအတွင်း ဓမ္မဆိုင်ရာ အပြန်အလှန်ထိတွေ့ ဆက်ဆံမှုအကြောင်း ကျွန်ုပ် မိတ်ဆွေ၏ အတွေ့အကြုံက ပုံစံအမျိုးမျိုးဖြင့် ကျွန်ုပ်ကို သတိပေးနေသည်။ ခရစ်တော်ထံသို့ လူသစ်များ ရောက်လာသည်မှာ အံ့ဖွယ်ကောင်းသလောက်

လုပ်ရမည့် ဆောက်လုပ်မှု စီမံကိန်းလည်း ကျွန်ုပ်တို့မှာ ရှိနေပေသည်။ ခရစ်ယာန် ယုံကြည်ချက်၏ ဩဝါဒများဖြင့် ယုံကြည်သူအချင်းချင်းကို သွန်သင်ရန် ကျွန်ုပ်တို့အတွက် အမြဲတစေ အရေးကြီးလွန်းနေရကား ဟိုနား သည်နား ဆက်တိုက် ရပ်တန့်ပြီး ဤအခြေခံသွန်သင်ချက်၊ ထိုအခြေခံသွန်သင်ချက်ဆီ ပြန်သွားရန် မဟုတ်ပါ။

ခရစ်ယာန် ယုံကြည်ခြင်း၏ အရိုးရှင်းဆုံး သွန်သင်ချက်တည်းဟူသော နို့အဆင့်မျှသာရှိသည့် ယုံကြည်ခြင်းထက် ကျော်လွန်မကြီးထွားနိုင်ကြသည့် သူ့စာဖတ်ပရိသတ်ကို ဟေဗြဲစာရေးသူက အပြစ်တင်ထားကြောင်း သင်အမှတ်ရပါလိမ့်မည်။ ဟေဗြဲ ၅း၁၂ တွင် ဤစကားများကို ရေးသားခဲ့သည်-

> သင်တို့သည် ကာလ ကြာသောကြောင့် ဆရာအဖြစ်သို့ ရောက်သင့်သော်လည်း ဘုရားသခင်၏ ဗျာဒိတ်တော်၌ ရှေ့ဦးစွာ သင်ရသော တရားနုတို့ကို သူတပါးထံ၌ တဖန်သင်ရသော အကြောင်း ရှိသည်ဖြစ်၍ ကြေခဲသော အစာကို မသုံးဆောင်၊ နို့ကိုသာ သုံးဆောင်ရသောသူ ဖြစ်၏ (ဟေဗြဲ ၅း၁၂)။

ဩဝါဒများကို သိကျွမ်းခြင်းသည် ခရစ်တော်၌ အတူတစ်ကွ ကြီးထွားစေမည့် တစ်ခုတည်းသော အရာမဟုတ်ပါ။ သို့သော် ယေဘုယျ ဩဝါဒယုံကြည်ချက်များကို အတူတကွ ခံယူထားသည့်အခါ ဘုရားသခင့်နိုင်ငံတော်ကို ပိုမိုထိရောက်စွာ တည်ဆောက်နိုင်ကြပေသည်။

တစ်ချိန်တည်းမှာပင် စင်ကြယ်သောဩဝါဒများကို သိနားလည်မှုက အပြန်အလှန်ထိတွေ့ဆက်ဆံမှုကို အားပေးမြှင့်တင်နိုင်နေစဉ်မှာပင် ဩဝါဒများအပေါ် စူးစိုက်လွန်ခြင်းကလည်း ခရစ်ယာန်များအကြား အပြန်အလှန်ထိတွေ့ဆက်ဆံမှုကို တားဆီးနိုင်ပြန်သည်။

## ဟန့်တားမှု

အသင်းတော်၏ မတူခြားနားသော အကိုင်းအခက်များက သူတို့ လူ့အဖွဲ့အစည်း၏ စူးစိုက်မှုအား မတူခြားနားသောအရာများထဲမှာ ရှာဖွေလိုသည် ဆိုသည့် အချက်ကို စဉ်းစားကြည့်ကြပါစို့။ အသင်းတော်၏ အချို့သော အကိုင်းအခက်များသည် အဖွဲ့အစည်း၏ အရင်းအမြစ်အဖြစ် အစဉ်အလာစုပေါင်းဝတ်ပြုမှု အပေါ် စူးစိုက်ကြသည်။ ဤကိစ္စမျိုးကို ဝတ်တက်စာအုပ်ကြီးအတိုင်း ဝတ်တက်သောအသင်းတော်များမှာတွေ့ရသည်။ အချို့မှာမူ အချင်းချင်းကြား အခြေခံတူညီမှုရှာရန်အတွက် တစ်ဦးချင်း၏ အံ့ဖွယ် ဘာသာရေးခံစားချက်ကို ကြည့်ကြသည်။ ယင်းအသင်းတော်တို့သည် ပျောက်ဆုံးနေသူများကို ပြောင်းလဲစေခြင်း သို့မဟုတ် ဝိညာဉ်တော်၏ ထူးကဲဆုကျေးဇူးများအပေါ်မှာ မကြာခဏ စူးစိုက်ကြသည်။ အခြားအသင်းတော်တို့ကမူ အဖွဲ့အစည်းရှာသည့်အခါ ဩဝါဒများကို ကြည့်ကြသည်။ အခြေခံအားဖြင့် သူတို့၏ ညီညွတ်မှုကို သူတို့ခံယူသည့် ဓမ္မရပ်တည်ချက်များအရ သူတို့တွေ့မြင်ကြသည်။

သို့သော် အဆိုပါ အလားအလာတစ်ခုစီမှာ ဆိုင်ရာအားသာချက်များ ရှိနေသည်။ ထိုနည်းတူ တစ်ခုစီမှာ ဆိုင်ရာအားနည်းချက်များလည်း ရှိနေသည်။ အမှန်စင်စစ် အသင်းတော်တို့သည် အခြားသော



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

အသင်းတော်များက အရေးအကြီးဆုံးဟု ရှုမြင်သည့် အရာတို့ကို အနည်းငယ်ပိုပြီး အာရုံစိုက်ပေးလိုက်မည် ဆိုပါက ပြဿနာများစွာကို ရှောင်ရှားနိုင်ကြမည် ဖြစ်သည်။

စုပေါင်းဝတ်ပြုအပေါ် ဗဟိုပြုသူများသည် သြဝါဒနှင့် တစ်ကိုယ်ရည် ဘာသာရေးအတွေ့အကြုံတို့အပေါ် မကြာခဏ အာရုံပိုစိုက်ပေးရန် လိုအပ်သည်။ ဘာသာရေး အတွေ့အကြုံအပေါ် ဗဟိုပြုလိုသူတို့သည် သြဝါဒဆိုင်ရာနှင့် စုပေါင်းဝတ်ပြုဆိုင်ရာ အလေးပေးမှု အတိုင်းအတာကို အမြဲတစေ လုံလုံလောက်လောက် အသုံးချနိုင်သည်။ ဟုတ်ပါသည်။ သြဝါဒပိုင်းမှာ ညီညွတ်ခြင်း ရှာလိုသူတို့သည် ဝတ်ပြုခြင်းဖက်နှင့် တစ်ကိုယ်ရည် ဘာသာရေးခံစားချက်တို့ဖက်ကို ကြည့်ကာ အမြဲတစေ အချိန်ပိုယူသင့်သည်။

ဤနောက်ဆုံးအုပ်စုသည် လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန်ထိတွေ့ဆက်ဆံရာ၌ အမှန်တကယ် အတားအဆီးဖြစ်လာသည့်တိုင်အောင် ဓမ္မသြဝါဒတို့ကို အလေးပေးလွန်ကဲသည့်ပြဿနာထဲ အမြဲလိုကျရောက်သည့် အုပ်စုဖြစ်သည်။ တစ်ယူသန်ပြီး စာအုပ်ကြီးအတိုင်းလိုက်ကာ သြဝါဒစင်ကြယ်မှု၌ ငါတကောကောကာ မာန်ထောင်သော ခရစ်ယာန်များအကြောင်း ကျွန်ုပ်တို့အားလုံး ကြားဖူးပြီး ဖြစ်ကြသည်။ စင်ကြယ်သောသြဝါဒမှတပါး မည်သည့်အရာကိုမျှ သူတို့တန်ဖိုးမထားသည်အထိ သူတို့ မာနထောင်လွန်းကြသည်။

ခရစ်တော်၏ ကိုယ်ခန္ဓာအကြောင်း တစ်စုံတစ်ခုကို ကျွန်ုပ်တို့သတိရဖို့လိုသည်ဟု ထင်ပါသည်။ မတူညီသော သဘာဝအစွမ်းအစများနှင့် မတူညီသော သန့်ရှင်းသော ဝိညာဉ်တော်ဆုကျေးဇူးများကို ကျွန်ုပ်တို့ တစ်ဦးချင်းဆီထံ ဘုရားသခင် ပေးကမ်းထားပြီး ဖြစ်ပါသည်။ အဆိုပါ ဆုကျေးဇူးတို့သည် ကျွန်ုပ်တို့ထဲက အချို့သူတို့အား စနစ်ကျဓမ္မပညာမှ တင်းကျပ်သော ယုတ္တိတန်ချက်များဆီ ပိုစိတ်ကိုင်းညွတ်အောင် လုပ်ဆောင်မည့် အလားအလာရှိနေသည်။ ကျွန်ုပ်တို့ထဲက အချို့သောသူများကိုလည်း သြဝါဒဆိုင်ရာတို့၌ စိတ်ဝင်စားမှုနည်းအောင် ယင်းတို့က လုပ်ဆောင်မည့် အလားအလာ ရှိနေပြန်သည်။ သြဝါဒများကဲ့သို့ ကောင်းသောအရာတစ်ခုခုကို တစ်ဦးတစ်ယောက်လိုက်စားသည်ထက် ပိုမိုလွတ်လပ်ပေါ့ပါးစွာ လိုက်စားခြင်းသည် အမှားမဟုတ်သလို အပြစ်လည်း မရှိပါ။ သြဝါဒများအပေါ် စိတ်ထက်သန်မှု ရေရှိန်သည် မကြာခဏဆိုသလို ဆုကျေးဇူးရရှိခြင်းနှင့် ခေါ်ယူခြင်းဆိုင်ရာ ကိစ္စတစ်ခုဖြစ်နေကြောင်း ကျွန်ုပ်တို့ သိနားလည်ဖို့ လိုပါသည်။ ထိုမျှမက ခရစ်ယာန်တိုင်းသည် အခြားခရစ်ယာန်တိုင်းကို လိုအပ်ကြောင်း ကျွန်ုပ်တို့ သတိရဖို့လည်း လိုပါသည်။ သြဝါဒပိုင်း အာရုံစိုက်မှုများဆီ ပိုမိုစိတ်ကိုင်းညွတ်သူများသည် ဤကဲ့သို့ ကိုင်းညွတ်မှုမျိုး မရှိသူများကို လိုအပ်သည်။ ထိုနည်းတူ အပြန်အလှန်အားဖြင့် မကိုင်းညွတ်သူတို့ကလည်း ကိုင်းညွတ်သူတို့ကို လိုအပ်ပေသည်။ ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး ဟန်ချက်ညီကြရပါသည်။ ကျွန်ုပ်တို့ ကိုယ်ပိုင်မဟုတ်သော နည်းများဖြင့် ခရစ်တော်အတွက် ရှင်သန်နိုင်ရန် တစ်ဦးနှင့်တစ်ဦး ထောက်ကူကြရပါမည်။

သို့သော် လူ့အဖွဲ့အစည်းအတွင်း ဤအပြန်အလှန်ထိတွေ့ဆက်ဆံခြင်းမျိုးနှင့် အချင်းချင်းအပေါ် မှီခိုတည်မှီခြင်းမျိုးတို့သည် သြဝါဒစင်ကြယ်ရေးအတွက် ကျွန်ုပ်တို့ တင်းတင်းကြပ်ကြပ် အလေးပေးလွန်ကဲသည့်အခါမျိုးတွင် အတားအဆီးတွေ့ကြရသည်။

ခရစ်ယာန် အသက်ရှင်ခြင်း၊ လူ့အဖွဲ့အစည်းအတွင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှုများနှင့် သြဝါဒများ ဆက်စပ်နေပုံ နည်းလမ်းအချို့ကို တွေ့ပြီးသည့်နောက် တတိယမြောက် အဓိက ဓမ္မ အရင်းအမြစ်ဖြစ်သည့် သမ္မာကျမ်းစာ အနက်ဖွင့်ခြင်းဆီသို့ လှည့်ကြပါစို့။ စနစ်ကျဓမ္မပညာတွင် သြဝါဒဆွေးနွေးချက်တို့သည် ကျွန်ုပ်တို့၏ ကျမ်းစာအနက်ဖွင့်ချက်အပေါ် မည်သို့ အကျိုးသက်ရောက်ပါသနည်း။

# ကျမ်းစာ အနက်ဖွင့်ခြင်း

ကျမ်းစာအနက်ဖွင့်ခြင်းသည် ခရစ်ယာန် ဓမ္မပညာတည်ဆောက်ခြင်း၏ အသက်ဖြစ်သည်။ အကြောင်းမှာ ကျမ်းစာထဲရှိ ဘုရားသခင့် သီးသန့်ဗျာဒိတ်ဖွင့်ပြချက်သို့ ကျွန်ုပ်တို့ တိုက်ရိုက်အကျဆုံး ချဉ်းကပ်နိုင်၍ဖြစ်သည်။ သမ္မာကျမ်းစာကို အနက်ပြန်ရာတွင် သန့်ရှင်းသောဝိညာဉ်တော်က အသင်းတော်ကို ဦးဆောင်ခဲ့သည့် အဓိကနည်းလမ်း သုံး ခု အကြောင်း စဉ်းစားခြင်းသည် အထောက်အကူ ဖြစ်စေကြောင်းနောက်ထပ်သင်ခန်းစာထဲမှာ အကြံပြုထားပါသည်။ အဆိုပါ ကျယ်ပြန့်သည့် အတန်းအစားများကို စာပေရေးဟန် စိစစ်ချက်၊ သမိုင်းကြောင်း စိစစ်ချက်၊ အာဘော်စိစစ်ချက် ဟူ၍ ကျွန်ုပ်တို့ အမည်ပေးထားကြသည်။ လူသားစာရေးသူများက သူတို့၏ မူလပရိသတ်အား သူတို့၏ ထူးခြားပြောင်မြောက်သော စာပေအင်္ဂါရပ်တို့ဖြင့် သြဇာလွှမ်းရန် ရည်ရွယ် ဒီဇိုင်းချထားသည့် အနုပညာတစ်ခုကို တင်ပြရာ၊ ရုပ်ပုံကားချပ် တစ်ခုအဖြစ် ကျမ်းစာကို စာပေစိစစ်ချက်က လေ့လာသည်။ သမိုင်းကို ကြည့်ရှုရာ ပြတင်းပေါက်တစ်ခု၊ ကျမ်းစာက အစီရင်ခံထားသည့် ရှေးသမိုင်းအဖြစ်အပျက်တို့ထံမှ လေ့လာ၊ သင်ယူရာနည်းလမ်းတစ်ခုအဖြစ် ကျမ်းစာကို သမိုင်းကြောင်းစိစစ်ချက်က လေ့လာသည်။ ထို့ပြင် ကျွန်ုပ်တို့ကို စိတ်ဝင်စားစေသည့် မေးခွန်းများနှင့် အကြောင်းအရာများကို ဆင်ခြင်ရာ နည်းလမ်း၊ ကြေးမုံတစ်ချပ်အဖြစ် ကျမ်းစာကို အာဘော်စိစစ်ချက်က လေ့လာသည်။

အဆိုပါ အနက်ဖွင့်ခြင်းဆိုင်ရာကောက်ကြောင်းများကို ထည့်သွင်းစဉ်းစားလျက် ကျွန်ုပ်တို့ သမ္မာကျမ်းစာအနက်ဖွင့်မှုအား ဓမ္မပညာအဆိုပြုချက်တို့က အားပေးမြှင့်တင်နိုင်၊ ဟန့်တားနိုင်သည့် နည်းလမ်းများကို ကျွန်ုပ်တို့လေ့လာဖော်ထုတ်ကြပါမည်။ ပထမအားဖြင့် သမ္မာကျမ်းအနက်ပြန်ရာတွင် ကျွန်ုပ်တို့အား သြဝါဒဆွေးနွေးချက်တို့က ထောက်ကူနည်းတစ်ခုကို ကြည့်ကြပါစို့။

## အားပေးမြှင့်တင်မှု

ကျမ်းစာထဲ ရှင်းရှင်းသွန်သင်ထားသည့် ခရစ်ယာန် ယုံကြည်ခြင်းဆိုင်ရာ အခြေခံသြဝါဒအများစုကို ခရစ်ယာန်မည်မျှ ယုံကြည်ကြပါသနည်း ဆိုသည်ကို ကျွန်ုပ် မကြာခဏတွေးမိပါသည်။ အမှန်မှာ ကျွန်ုပ်တို့ ယုံကြည်ခြင်း၏ အခြေခံအကျဆုံးအုတ်မြစ်များအား တိုက်ရိုက်ဖြစ်စေ၊ အတိအကျဖြစ်စေ ကျမ်းစာထဲမှာ ဖြေရှင်းမထား၍ ဖြစ်သည်။

ထင်ရှားသည့် သင်းအုပ်တစ်ပါးက သူ့အသင်းသားတို့အား "ကျမ်းစာက ထင်ထင်ရှားရှားနဲ့ ပွင့်ပွင့်လင်းလင်းပြောထားတာကိုပဲ ကျွန်ုပ်တို့ ယုံသင့်တယ်၊ ကျမ်းစာမှာပါတယ်လို့ ကျွန်ုပ်တို့ထင်မြင်တဲ့

သွယ်ဝိုက်ပတ်သက်မှုတွေကို ယုံဖို့ မဟုတ်ပါဘူး" ဟု ပြောသည်ကို တစ်ချိန်က ကြားဖူးပါသည်။ ကျွန်ုပ်အတွေ့အကြုံအရ ကျမ်းစာထဲက မထင်မရှားသွန်သင်ချက်တွေထက် အထင်အရှားသွန်သင်ချက်တွေအပေါ် ပိုဦးစားထားရမည်ဟု ခရစ်ယာန်တို့ ဆိုခြင်းသည် ပုံမှန်ဖြစ်ပါသည်။

သို့သော် ကျွန်ုပ်တို့အားလုံး အမှတ်ရဖို့လိုသည့် ဆက်သွယ်ပြောဆိုမှု စည်းမျဉ်းတစ်ခု ရှိနေပါသေးသည်။ မကြာခဏဆိုသလိုပင် လူအများယုံကြည်သည့် အခြေခံအကျဆုံးအရာတို့သည် မည်သည့်အခါမျှ အထင်အရှားဖော်ပြချက်များ ဖြစ်မနေကြပေ။ ယင်းတို့သည် ယူဆချက်များသာ ဖြစ်နေတတ်ကြသည်။ တနည်းဆိုရလျှင် တစ်ဦးဦးနှင့် ကျွန်ုပ်တို့ စကားပြောဆို သည့်အခါတိုင်း သို့မဟုတ် စာတစ်စောင်၊ စာတစ်အုပ်ကို ရေးသားသည့်အခါတိုင်း ကျွန်ုပ်တို့ အချင်းချင်းကြား တူမျှစွာဝန်ခံထားသည် အခြေခံအကျဆုံး ယုံကြည်ချက်တို့ကို ကျွန်ုပ်တို့ အစဉ်သဖြင့် အထင်အရှားဖော်ပြလေ့မရှိကြပေ။

ဤစည်းမျဉ်းအကြောင်း ခေတ္တအချိန်ယူစဉ်းစားကြည့်ကြပါစို့။ ဤစာစဉ်တလျှောက် ဘုရားသခင်တည်ရှိတော်မူခြင်းကို ကျွန်ုပ်ယုံကြည်သည့်အကြောင်း တစ်ကြိမ်မျှ ကျွန်ုပ် မပြောခဲ့ရသေးပါ။ အဘယ်ကြောင့် မပြောခဲ့ပါသနည်း။ ဤယုံကြည်ချက်သည် ကျွန်ုပ်တို့သင်ခန်းစာများအဖို့ အလွန်ပင် အခြေခံကျလွန်းရကား ကျွန်ုပ် ဘုရားသခင်ကို ယုံကြည်သည့်အကြောင်း ကျွန်ုပ်တို့အားလုံးက ယူဆထားကြ၍ ဖြစ်သည်။ ကျမ်းစာသည် ဘုရားနှုတ်ကပတ်ဖြစ်ကြောင်း ဤသင်ခန်းစာထဲ ကျွန်ုပ် မငြင်းခုံထားပါ။ အဘယ်ကြောင့် မပြောခဲ့ပါသနည်း။ ကျွန်ုပ်တို့အတွင်း ထိုအချက်ကို လက်ခံယူဆထား၍ ဖြစ်ပါသည်။ ယင်းတို့နှင့်တကွ အခြားသောမှန်ကန်ချက်များသည် ကျွန်ုပ် အထင်အရှားပြောခဲ့ပြီးသည့်အရာအတွက် မထင်ရှားသောအုတ်မြစ်တို့ကို ဖွဲ့စည်းပေးထားကြသည်။

ရှုထောင့်များစွာအရ ကျမ်းစာသည်လည်း ထိုအတိုင်း မှန်ကန်နေသည်။ ကျမ်းရေးသူတို့သည် သူတို့ပြောဆိုဆက်သွယ်နေသော အကြောင်းအရာတစ်ခုလုံးအပေါ် အတွင်းအကျဆုံး သက်ရောက်မှုရှိသည့် အချက်များအား အထင်အရှား စူးစိုက်လေ့မရှိပေ။ အဆိုပါမှန်ကန်ချက်တို့သည် သူတို့အထင်အရှားပြောဆိုချက်များအောက်မှာ ငုပ်ဖုံးနေကြသည်။ စနစ်ကျဓမ္မပညာ၏ ရည်မှန်းချက်တစ်ခုမှာ ကျမ်းစာထဲ ကျွန်ုပ်တို့တွေ့ရှိချက်များအဖြစ်ပေါ်ထွန်းလာစေသည့် ဩဝါဒဆိုင်ရာယူဆချက်များကို ရှာဖွေဖော်ထုတ်ရေးဖြစ်သည်။ သာဓကဆိုရလျှင် သုံးပါးတစ်ဆူ သို့မဟုတ် ခရစ်တော်၏ ဇာတိနှစ်မျိုးတို့ ပုဂ္ဂိုလ်တစ်ဦးထဲမှာ တစ်မျိုးနှင့်တစ်မျိုး မည်သို့ဆက်နွယ်နေကြောင်း အထင်အရှားသွန်သင်ချက်ကို ကျမ်းစာထဲ ဘယ်မှာမျှ ကျွန်ုပ်တို့ မတွေ့ရပါ။ အဆိုပါဩဝါဒနှစ်မျိုးလုံးသည် ခရစ်ယာန်ယုံကြည်ခြင်းသမိုင်း၏ ဝိသေသလက္ခဏာများပင် ဖြစ်ကြသည်။ ယင်းတို့အပါအဝင် အခြားသောအလွန်အရေးပါသည့် ခရစ်ယာန်သွန်သင်ချက်တို့သည် ယေဘုယျအားဖြင့် ကျမ်းစာထဲပြန့်ကျဲတည်ရှိနေသည့် ယုတ္တိတန်သော သွယ်ဝိုက် သွန်သင်ချက်များအပေါ် အခြေခံထားသည်။ သုံးပါးတစ်ဆူ သို့မဟုတ် ခရစ်တော်၏ ဇာတိများကဲ့သို့သော ဩဝါဒများကို စနစ်ကျသမားတို့ တိုးချဲ့ဖော်ထုတ်လာကြသည့်အခါ ကျမ်းစာ၌

သူတို့ ထပ်ပေါင်းထည့်ခြင်း မပြုကြပါ။ ထိုအစား ကျမ်းစာသားများအောက်၌ ငုပ်ဖုံးနေပြီးသားတို့ကို အထင်အရှားဖြစ်ရေး ရှာကြံကြခြင်းသာဖြစ်သည်။

ဤအကြောင်းကြောင့်ပင် ကျမ်းစာ၏ သွယ်ဝိုက် ပတ်သက်ချက်များကို ခွဲခြားသိမြင်ရန် တင်းကျပ်သော ယုတ္တိတန်သည့်ဆင်ခြင်မှုကို အသင်းတော်ကအသုံးချခဲ့သည်နှင့်အမျှ သမ္မာကျမ်းကို ကျွန်ုပ်တို့ အနက်ဖွင့်ခြင်းသည်လည်း ရာစုနှစ်များစွာအတွင်း အသင်းတော်က တိုးချဲ့တည်ဆောက်လာခဲ့သည့်ဉာဏ်ပညာအားဖြင့် ကြီးမားစွာ အားပေးမြှင့်တင်ခံခဲ့ရသည်။ ကျမ်းစာသွန်သင်ချက်အများစုက အထင်အရှားပြောဆိုလေ့မရှိပါ။ ထို့ကြောင့် စနစ်ကျဓမ္မပညာသည်လည်း အဆိုပါ မထင်မရှား သွန်သင်ချက်တို့ကို ဖော်ထုတ်ရန်အတွက် အထောက်အကူအဖြစ်ဆုံး တန်ဆာပလာတစ်ခုပင် ဖြစ်ရပေတော့သည်။

အနက်ဖွင့်ခြင်းအတွက် စနစ်ကျဓမ္မပညာမှာဩဝါဒတို့ တန်ဖိုးရှိကြသလောက် ကျွန်ုပ်တို့ ကျမ်းစာ အနက်ဖွင့်ရာတွင် ထူးခြားအရေးပါစွာ ဟန့်တားနိုင်သည့် နည်းလမ်းတစ်ခုကိုလည်း ကျွန်ုပ်တို့ သတိပြုကြရပါမည်။

## ဟန့်တားမှု

လိုရင်းဆိုရလျှင် စနစ်ကျဓမ္မအတွင်း ဩဝါဒတို့၏ အကြီးဆုံးဘေးဖြစ်ပုံတစ်ခုမှာ စိတ်ကူးဖြင့် ထင်မြင်ချက်ပေးခြင်း ဖြစ်သည်။ အခါခါ ကျွန်ုပ်တို့မှတ်သားခဲ့သလိုပင် ခေတ်သစ် စနစ်ကျဓမ္မသည် အလယ်ခေတ်ကျောင်းတော်ဝါဒကြောင့် အကျိုးများစွာဖြစ်ထွန်းခဲ့သည်။ သို့သော် အလယ်ခေတ်ကျောင်းတော်ဝါဒ၏ အဓိကလက္ခဏာတစ်ခုမှာ ကျမ်းစာသွန်သင်ချက်ဘောင်ထက် များစွာကျော်လွန်သော မှန်ကန်ချက်များအား ယုတ္တိတန်သည့် စိစစ်ချက်များကပေးစွမ်းနိုင်သည်ဆိုသည့် ယူဆချက်ဖြစ်သည်။ အလယ်ခေတ်ဓမ္မပညာရှင်အများစု စိတ်ထဲကြို့တင်စွဲမှတ်ထားသည့် စိတ်ကူးယဉ်မေးခွန်းတစ်ခုကို ကျွန်ုပ်တို့အများစုကြားဖူးပြီးသားဖြစ်ပါသည်။ "အပ်တစ်ချောင်းရဲ့ထိပ်ဖျားမှာ ကောင်းကင်တမန် ဘယ်နှစ်ပါးလောက် ကခုန်နိုင်ကြပါသလဲ" ဆိုသည့် မေးခွန်းမျိုး ဖြစ်သည်။

အလယ်ခေတ်ကျောင်းတော်ဝါဒ၏ ကျေးဇူးတရားသည် ပရိုတက်စတင့်စနစ်ကျဗေဒအပေါ်မှာ အကြီးအကျယ်ရှိနေရကား ၎င်းသည်လည်း စိတ်ကူးထင်မြင်ချက်များထဲ တခါတရံ လွင့်ပါသွားတတ်သည်။ ၎င်းသည် စိတ်ကူးစိတ်သန်းများကို ဖော်ထုတ်ပြီး ယုတ္တိတန်ပုံရသည့် အကြောင်းပြချက်မျှဖြင့် သမ္မာကျမ်းအထောက်အထားအလွန်နည်းပါးသော သို့မဟုတ် လုံးလုံးမရှိသောနိဂုံးကောက်ချက်ချမှုများဆီ ရောက်သွားတတ်သည်။

သာဓကဆိုရလျှင် အစဉ်အလာပရိုတက်စတင့် စနစ်ကျဓမ္မပညာ၌ ကြီးကျယ်သည့် ငြင်းခုံမှုကြီးများအား အလွန်ပင် စိတ်ကူးထင်မြင်ချက်ဆန်သည့် "လက်ပ်စရီးယန်းမေးခွန်း" ဟု ခေါ်ကြသည့် ကိစ္စအတွက် သဲကြီးမဲကြီးဆင်နွှဲခဲ့ကြကြောင်း သိရလျှင် သင်အံ့သြမိပါလိမ့်မည်။ ဆူပရာလက်ပ်စရီးယန်းနစ်ဆင်မ်၊ အင်ဖရာလက်ပ်စရီးယန်းနစ်ဆင်မ်၊ ဆပ်ဘ်လက်ပ်စရီးယန်းနစ်ဆင်မ် သို့မဟုတ် အခြားသော မူကွဲများကို သင်ကြားဖူးပါလိမ့်မည်။ အဆိုပါအတိုင်း ခံယူသူတို့အကြား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

ဒေါသတကြီးငြင်းခုံမှုများ ဖြစ်ခဲ့ကြသည်။ အချေအတင်ဖြစ်မှုတစ်ခုလုံးသည် "မည်သည့် ယုတ္တိတန်သောအစီအစဉ်အရ ဘုရားသခင့် ထာဝရအမှုတော်ဆုံးဖြတ်ချက်များကို ကျွန်ုပ်တို့နားလည်သင့်ပါသနည်း" ဆိုသည့် မေးခွန်းကြောင့် ဖြစ်ရသည်။ မှန်ပါသည်။ ဘုရားသခင့် ထာဝရအမှုတော်ဆုံးဖြတ်ချက်၏ ယုတ္တိတန်သော ရှေ့နောက်အစီအစဉ်ဖြစ်ပါသည်။ စကြဝဠာကြီးအတွက် ကိုယ်တော်၏ ထာဝရ အကြံအစည်တော်ဖြစ်ပါသည်။

သို့သော် ဤကိစ္စကိုဖြေရှင်းခြင်းနှင့် သမ္မာကျမ်းစာသည် အနည်းငယ်မျှပင် နီးစပ်မှုမရှိကြောင်း လူတိုင်းသဘောပေါက်သည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ ၎င်းသည် သမ္မာကျမ်းက ကျွန်ုပ်တို့ထံ ပေးရန် သတင်းအချက်အလက်မရှိတော့သည့် နက်နဲမှုများထဲက တစ်ခုဖြစ်သည်။ သို့သော် သြဝါဒဆိုင်ရာဆွေးနွေးချက်များအတွင်း ယုတ္တိတန်သောစိစစ်ချက်ကို လွန်လွန်ကဲကဲ စိတ်ထက်သန်စွာထောက်ခံအားပေးမှုသည် ဤကိစ္စသို့သာမက အခြားသော စိတ်ကူးထင်မြင်ချက်များစွာဆီသို့ပါ ခေါ်သွားပေလိမ့်မည်။

ကျမ်းစာထဲက သြဝါဒများကိုတိုးချဲ့တည်ဆောက်ရန် ယုတ္တိတန်သောဆင်ခြင်သုံးသပ်ချက်ကို မည်သို့အသုံးချရကြောင်း ကျွန်ုပ်တို့လေ့လာသည်နှင့်အမျှ တရား ၂၉း၂၉ ပါ မောရှေ၏ ထင်ရှားသောစကားများကို သတိရခြင်းက ကျွန်ုပ်တို့အားလုံးကို ဉာဏ်ပညာနှင့် ပြည့်စုံစေပါလိမ့်မည်။

> "ဝှက်ထားသော အရာများသည် ငါတို့၏ ဘုရားသခင် ထာဝရဘုရားနှင့် ဆိုင်၏။ ဖော်ပြထားသော ဤတရားစကားရှိသမျှကို လိုက်နာခြင်းသည် ငါတို့မှစ၍ ငါတို့၏ သားစဉ်မြေးဆက်များနှင့် ဆိုင်၏" (တရား ၂၉း၂၉)။

နက်နဲသောအရာများ၊ ကျွန်ုပ်တို့အား မဖော်ပြဘဲထားသောအရာများ ရှိနေပါသည်။ ထို့ကြောင့် ဂရုစိုက်လုပ်ဆောင်သောယုတ္တိတန်သည့် ဆင်ခြင်သုံးသပ်မှုသည် ကျွန်ုပ်တို့အား စိတ်ကူးထင်မြင်ချက်များဆီ မကြာခဏခေါ်ဆောင်တတ်သည်။ သြဝါဒဆိုင်ရာ ဆွေးနွေးချက်လုပ်ငန်းစဉ်အတွင်း သမ္မာကျမ်းကို ကျွန်ုပ်တို့ အနက်ဖွင့်သည့်အခါ ကျမ်းစာက အမှန်တကယ်သွန်သင်သည်တို့မှ အဝေးသို့လွင့်မသွားရလေအောင် မိမိတို့ကိုယ်မိမိတို့ အမြဲတစေ သတိပေးနေကြရမည်ဖြစ်သည်။ အဆင့်တိုင်းမှာ ဤသြဝါဒကို မည်သည့်ကျမ်းအထောက်အထားက ထောက်ကူနေပါသနည်းဟု မိမိတို့ကိုယ်မိမိတို့ အစဉ်မပြတ်မေးခွန်းထုတ်နေရပါမည်။ ကျမ်းစာအထောက်အထားနေရာမှာ ယုတ္တိတန်သောစိတ်ကူးထင်မြင်ချက်တို့ကို ပုံမှန်အစားထိုးခြင်းသည် ကျွန်ုပ်တို့၏ကျမ်းစာအနက်ဖွင့်မှုကို ဧကန်အမှန်ပင် ဟန့်တားပါလိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။

# နိဂုံးချုပ်

ဤသင်ခန်းစာထဲတွင် စနစ်ကျဓမ္မပညာမှ သြဝါဒများကို ကျွန်ုပ်တို့လေ့လာဖော်ထုတ်ခဲ့ကြပြီး ဖြစ်ပါသည်။ ယင်းတို့ဘာတွေဖြစ်ကြသည်၊ စနစ်ကျဓမ္မပညာထဲမှာ ယင်းတို့မည်သို့ အံဝင်ခွင်ကျ ဖြစ်နေသည်ကို ကျွန်ုပ်တို့ တွေ့ပြီးဖြစ်ပါသည်။ သြဝါဒများကို မည်သို့ဖွဲ့စည်းယူကြောင်း ကျွန်ုပ်တို့ ဖော်ထုတ်ခဲ့ကြပြီး ယင်းတို့ကပေးသည့် ဆေးဖြစ်ပုံ၊ ဘေးဖြစ်ပုံများစွာတို့ကိုလည်း ကျွန်ုပ်တို့လေ့လာခဲ့ကြပြီး ဖြစ်ပါသည်။

ခရစ်ယာန်အားလုံးမှာ သူတို့ယုံကြည်ရာသြဝါဒများ ရှိကြသည်။ ချရေးထားချက်များ ဖြစ်နိုင်သလို နှုတ်ဖြင့်သွန်သင်ချက်များလည်း ဖြစ်နိုင်ပါသည်။ သို့သော် ခရစ်ယာန်သြဝါဒများကို ရာစုနှစ်များတလျှောက် စနစ်ကျဓမ္မသမားတို့ မည်သို့ဖွဲ့စည်းခဲ့ကြကြောင်း လေ့လာသင်ယူခြင်းသည် ကျွန်ုပ်တို့ယုံကြည်ပြီးသားအရာတို့ကို အကဲဖြတ်ရန်နှင့် ဘုရားသခင်၊ ဘုရားလူတို့ကို အစေခံရာ၌ ကျွန်ုပ်တို့ နှုတ်ကပတ်တော်တိုးတက်နားလည်ရန်တို့အတွက် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပေတော့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြားအရင်းအမြစ်များအတွက် thirdmill.org တွင်ဝင်ကြည့်နိုင်ပါသည်။